# အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.123(1995-2009)

ကူကလန်သို့အသွား

.May Be:

၁၉၉၅

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၉၅ - ပြဿနာတက်ပြီ

သူမြင်လိုက်သည်ကား....

သောက်ကျိုးနည်း၊ ဒီသောက်သစ်ပင်က

ကျူကလာပြန်ပြီလားဟ။

၎င်းက ကူကလန်၏

အထွတ်အမြတ်ရတနာဖြစ်သည့်

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင် ပါ။

ယန်ယဲ့ဟာ

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်က

အလျှော့မပေးဘဲ သူ့နောက်ကို ထပ်ပြီး

လိုက်လာဖို့ မမျှော်လင့်ခဲ့ပေ။

ယန်ယဲ့ အံ့အားသင့်နေစဉ်မှာပဲ

သူ့ရင်ဘတ်ထဲမှ နှင်းပွင့်လေးဟာ

ခေါင်းပြူထွက်လာပါသည်။ ထို့နောက်

အပြင်ထွက်လာပြီး

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို

စိုက်ကြည့်ကာ ပြုံးနေလေသည်။

ခဏအကြာတွင် သစ်ကိုင်းတစ်ကိုင်းကို

ဆတ်ခနဲ ဆွဲကိုင်ကာ မှူလစေတီထဲ

ပြန်ဝင်သွားတော့သည်။

ယန်ယဲ့ သည် ထိုမြင်ကွင်းကြောင့် အံ့သြသွားသည်။

သို့သော် သူ၏အမူအရာက ရုတ်တရက် ပြောင်းသွားသည်။ သူက ခဏမျှငြိမ်သက်နေပြီးမှ “မင်းက ဘယ်သူလဲ။ စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို ပြန်ပေးစမ်း
”

ဟူ၍ ဒေါသတကြီးအော်ငေါက်ကာ

ဓားဆွဲထုတ်ပြီး အဝေးကို

လှမ်းပိုင်းချလိုက်လေသည်။

အောင်း...

စူးရှသောဓားအူသံကြီးက

ကောင်းကင်ပြင်အနှံ့ ကျယ်လောင်စွာ

ထွက်ပေါ်လာ၏။ ထို့နောက်

တလက်လက်တောက်ပနေသော

ဓားစွမ်းအင်တစ်စင်းက
ကြယ်တာရာကောင်းကင်ပြင်ထဲသို့
ထိုးတက်သွားလေသည်။
သိပ်မကြာလိုက်ဘဲ အဝေးဆီမှ
ကျယ်လောင်သော ပေါက်ကွဲသံကြီး
ထွက်ပေါ်လာပါသည်။

ထို့နောက်တွင် ယန်ယွဲ့ သည်
သူ့ခိုးလိုက်ဖမ်းရန်ပြင်လိုက်၏။
သို့သော်လည်း အဘိုးကြီး ၃ ယောက်

သူ့ဘေးနား၌ ပေါ်လာသဖြင့်
ရပ်နေလိုက်ရသည်။

ထိုအထဲ၌ အဘိုးအိုကူရုံ နှင့်
တတိယဦးလေး တို့ပါခဲ့သည်။

ယန်ယဲ့ က သူတို့ကိုမြင်သောအခါ
စကားပြောရန်ပြင်လိုက်သည်။ သို့ရာတွင်
အဘိုးအိုကူရုံ က ဂရုမစိုက်ဘဲ
ဓားစွမ်းအင်ပြေးထွက်သွားရာဆီသို့

တဟုန်ထိုးခုန်ဝင်သွားသည်။
တတိယဦးလေး နှင့်
ပိတ်ချောဝတ်ရုံအဘိုးအို ကတော့
ယန်ယဲ့ကိုသာမျက်တောင်မခတ်ဘဲ
စိုက်ကြည့်နေကြသည်။

အသက်ရှူ ၃ ရှိုက်စာအကြာတွင်
အဘိုးအိုကူရုံ ပြန်ရောက်လာ၏။ သူက
အခြားလူအိုကြီး ၂ ယောက်ကို ကြည့်ပြီး
ခေါင်းခါပြသည်။

တတိယဦးလေး၏ မျက်နှာက
ညို့မှိုင်းသွားသည်။ ထို့နောက် သူနှင့်
အဘိုးအိုကူရုံ က ယန်ယဲ့ အား
တပြိုင်နက် စိုက်ကြည့်နေကြသည်။

ယန်ယဲ့ က မသိနားမလည်သောပုံစံနှင့်
"အကြီးအကဲတို့၊
ဘာဖြစ်နေတာလဲ"ဟုမေးလိုက်သည်။

တတိယဦးလေး က ခဏမျှ ငြိမ်သက်စွာ ငြိမ်သက်သွားပြီး “မင်းမှာ ရှိတယ် မဟုတ်လား” ဟု မေးပါသည်။

ယန်ယဲ့၏မျက်နှာက အံ့အားသင့်နေသောအမူအရာဖြင့် "ငါ့မှာ ရှိလို့လား။ ဘာလဲ"

အဘိုးအိုကူရုံ က "စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်"

"ငါ့ကို ဟာသလာမလုပ်နဲ့" ယန်ယဲ့ က ခုန်ထလိုက်ပြီး "အကြီးအကဲတို့၊ ငါ့ကိုလာနှောက်နေတာလား။ ဒါဟာ ငါနဲ့ဘယ်လိုဖြစ်နိုင်မှာလဲ"

နှစ်ယောက်စလုံး စကားမပြောဘဲ ယန်ယဲ့ ကိုသာ စိုက်ကြည့်နေကြသည်။

ယန်ယဲ့ က "အကြီးအကဲတို့၊

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို

ငါမြင်လိုက်ပါတယ်။ ဒါပေမဲ့

အနက်ဝတ်လူအိုကြီးတစ်ယောက်က

ဖမ်းဆွဲသွားတာပဲ။ ငါကူညီချင်ပေမယ်လို့

ဘာမှမတတ်နိုင်ခဲ့ဘူး။ ကြည့်လိုက်၊ ငါ

သူ့ကို တိုက်ခိုက်သေးတယ်။ ဒါပေမဲ့

သူက တကယ်ကို မြန်လွန်းတယ်"

အဘိုးအိုကူရုံ က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး
"အဲဒီဖက်ကိုလိုက်သွားတော့
ဘာအနက်ဝတ်လူအိုကြီးမှ
မတွေ့မိဘူး"ဟု ပြန်ပြောသည်။

ယန်ယွဲ့ က ပခုံးတွန့်လိုက်ပြီး
“အကြီးအကဲတို့၊ ငါ့မှာရှိတယ်ထင်ရင်
ငါ့ကိုရှာပါ။ ငါ့ရဲ့ သိုလှောင်လက်စွပ်ကို
ရှာဖွေခွင့်ပြုဖို့တောင် ဆန္ဒရှိတယ်”

အဘိုးအိုသုံးယောက်စလုံး

အကြည့်ချင်းဖလှယ်လိုက်သည်။

ထို့နောက် ပိတ်ချောဝတ်ရုံအဘိုးအို က

နတ်ဘုရားစိတ်အာရုံအသိဖြင့်

ယန်ယွဲ့အား လှမ်းခြုံလိုက်သည်။

ယန်ယွဲ့က မခုခံဘဲ

သူ့အပေါ်စစ်ဆေးခွင့်ပြုလိုက်သည်။

ထို့အပြင် သူ၏သိုလှောင်လက်စွပ်ကိုပင် ဖွင့်ပြလိုက်လေသည်။

ခဏအကြာတွင် ပိတ်ချောဝတ်ရုံအဘိုးအို က သူ၏စိတ်အာရုံအသိကို ရုပ်သိမ်းလိုက်သည်။
တစ်ချိန်တည်းမှာပင် သူ့မျက်နှာက အလွန်ဆိုးရွားသွားခဲ့သည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က ပြောလိုက်သည် "အကြီးအကဲတို့၊ အခု ငါ့ကိုယုံပြီလား"

ပိတ်ချောဝတ်ရုံအဘိုးအိုက အချိန်အနည်းငယ်ကြာအောင် တိတ်ဆိတ်နေပြီးမှ “မင်းရဲ့ အသိစိတ်ပင်လယ်ကို ငါရှာဖွေလို့ရမလား။ နောက်ဆုံးတော့ တချို့လူတွေဟာ သူတို့ရဲ့

အသိစိတ်ပင်လယ်ထဲမှာ

ကြားကွက်လပ်အလွှာတစ်ခု

ဖန်တီးနိုင်တယ်လေ။ ပြီးတော့

တချို့အရာတွေကို အဲဒီနေရာမှာ

သိမ်းဆည်းနိုင်တယ်။ စိတ်မပူပါနဲ့။

ငါရှာဖွေရုံပါပဲ၊ မင်းကို

လုံးဝဒုက္ခမပေးဘူး"

ယန်ယဲ့ က မျက်နှာပျက်သွားသည်။

ထို့နောက် သူ့အမူအရာက

ခက်ထန်လာပြီး "အကြီးအကဲ၊ ဒါဟာ နည်းနည်းတော့ လွန်ကဲသွားပြီမထင်ဘူးလား။ တစ်စုံတစ်ယောက်ကို ငါ့ရဲ့အသိစိတ်ပင်လယ်ထဲ ဝင်ခွင့်ပေးလိုက်တာဟာ ငါ့အသက်ကို စွန့်လွှတ်လိုက်တာပဲမဟုတ်လား”

အဘိုးအိုက အနည်းငယ် ခေါင်းညိတ်ပြီး “ဒါကို သဘာဝကျကျ နားလည်ပါတယ်။

ဒါပေမဲ့ ညီငယ်၊

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ဟာ

ငါ့ကူကလန် အတွက်

အရမ်းအရေးကြီးတာမို့…”

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က "ငါ့ရဲ့

အသိစိတ်ပင်လယ်ထဲမှာ မရှိရင်

ဘယ်လိုလုပ်မလဲ"ဟုမေးလိုက်သည်။

“မရှိရင် မရှိဘူးပေါ့။ နောက်ထပ်ဘာလိုချင်သေးလဲ" ထိုအချိန်တွင် တတိယဦးလေး က “မင်းကိုတောင်းပန်စေချင်တယ်လို့တော့ မပြောနဲ့နော်” ဟူ အေးစက်စွာပြောလိုက်ပါသည်။

ထိုစကားကြားသောအခါ အဘိုးအိုကူရုံ၏ အမူအရာက အနည်းငယ်ပြောင်းသွားသည်။

ယန်ယဲ့၏အကျင့်စရိုက်အရဆိုလျှင်

အခြေအနေက

အေးအေးချမ်းချမ်းပြီးဆုံးဖို့ မဖြစ်နိုင်

တော့ကြောင်းသိလိုက်ပါသည်။

အဘိုးအိုကူရုံ က

စကားဝင်ပြောရန်ပြင်လိုက်သော်လည်း

ယန်ယဲ့က တတိယဦးလေးကို

ရုတ်တရက် စိုက်ကြည့်ကာ "လူအိုကြီး၊

မင်းဘာတွေပြောနေတာလဲ။ ကျူးယီ ကို

မျက်နှာသာပေးနေလို့ မင်းတို့နဲ့ ပူးပေါင်းဆောင်ရွက်နေတာသိထား။ ငါ ရိုးရိုးသားသားပြောရရင် ငါပူးပေါင်းဖို့ ငြင်းရင် မင်းငါ့ကို ဘာလုပ်နိုင်မလဲ"

အဘိုးအိုသုံးယောက်လုံးက မူလနတ်ဘုရားတစ်ပိုင်းအဆင့်များ ဖြစ်နေသည့်တိုင်ယန်ယွဲ့ အတွက်တော့ အာရုံပင်မခံပေ။

ပိတ်ချောဝတ်ရုံအဘိုးအို၏

မျက်လုံးများက အနည်းငယ်

ကျဥ်းမြောင်းသွားပြီး “ဘာလို့

မစမ်းကြည့်တာလဲ”ဟုပြန်ပြောလိုက်သ

ည်။

ယန်ယဲ့ က ပခုံးတွန့်ပြပြီး

လှည့်ထွက်သွားသည်။ ထိုအချိန်တွင်

ပိတ်ချောဝတ်ရုံအဘိုးအို က

အေးစက်စက်ပြောလိုက်၏ “ဒါကို

မင်းကိုယ်တိုင် လုပ်ဆောင်ခဲ့တာ။

ငါမင်းကိုမျက်နှာသာမပေးဘူးဆိုပြီး

အပြစ်မတင်နဲ့"

စကားပြောပြီးသည်နှင့် သူ့

လက်နှစ်ဖက်ကိုဆန့်ကာ ယန်ယွဲ့ဆီကို

လက်ခုပ်တီးလိုက်သည်။

ထိုခဏလေးမှာပဲ

ပြင်းထန်သောစွမ်းအင်လှိုင်းတစ်ခုက

ယန်ယွဲ့အပေါ်ဖိချလာသဖြင့်

အရိုးကွဲအက်သံပင်ထွက်ပေါ်လာပါသည်

။

ယန်ယဲ့၏ မျက်လုံးထဲမှ

အေးစက်သောအလင်းတန်းတစ်ခု

လင်းလက်သွားသည်။

ထို့နောက် သူ့ထံမှ ထာဝရအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ပေါ်လာပြီး

အဘိုးအို၏ဖိအားများကို

ချေဖျက်ပစ်လိုက်လေသည်။

ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

လား ။

ကြောက်မက်ဖွယ်ရာ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ကို

ခံစားမိသောကြောင့် အဘိုးအို

သုံးယောက်စလုံး၏ အမူအရာများ

ပြောင်းသွားကြသည်။ သူတို့အတွက်
ယန်ယွဲ့ ဟာ သတ်ဖြတ်ခြင်းစိတ်ဆန္ဒ
ပိုင်ဆိုင်ထားမည်ဟုပင် မထင်ထားပေ။
ထို့အပြင် ထာဝရအဆင့် ၌ပါရှိနေ၏။

ထိုအချိန်တွင် ယန်ယွဲ့ သည် နေရာတွင်ပင်
ရုတ်ချည်းပျောက်သွားကာ
ပိတ်ချောဝတ်ရုံအဘိုးအို၏ ရှေ့မောက်၌
ပြန်ပေါ်လာသည်။ တစ်ဆက်တည်း
ဓားဆွဲထုတ်ကာ ဆတ်ခနဲပိုင်းချလိုက်၏။

စစ်မှန်သောကောင်းကင်ဘုံဖျက်ဆီးခြင်း

ဓား ၁၀ ထပ် ပေါင်းစပ်ခြင်း ။

ပြန်လာအဆင့် ဓားစိတ်ဆန္ဒ နှင့်

ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

ဖြင့် ပေါင်းစပ်ထားသော

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား ။

ဓားစွမ်းအင် ပြေးထွက်လာသည်နှင့်

တစ်ချိန်တည်းတွင်

တန်ပြန်အားလှိုင်းကြောင်း အဘိုးအိုကူရုံ

နှင့်

တတိယဦးလေးတို့ပါနောက်ပြန်လွင့်သွား

ကြသည်။ ပိတ်ချောဝတ်ရုံအဘိုးအို၏

အမူအရာကလည်း ပြောင်းသွားသည်။

သူက ဓားစွမ်းအင်ကို မြင်သောအခါ

ပေါ့ပေါ့ဆဆ မလုပ်ဆောင်ဝံ့ဘဲ

လက်သီးနှစ်ဖက်လုံးကို အလျင်အမြန်
ရှေ့လှမ်းထိုးလိုက်လေသည်။

ဘမ်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး
အဘိုးအိုဟာ  မီတာ ၃၀၀ အကွာသို့
လွင့်ပျံသွားသည်။ ထိုအချိန်တွင် ယန်ယဲ့
သည်

အလင်းတန်းတစ်ခုသဖွယ်ပြောင်းလဲကာ
နေရာမှာပင်ပျောက်သွားလေသည်။

ဘုန်း...

နောက်ထပ်
ကျယ်လောင်သောပေါက်ကွဲသံ
ထွက်ပေါ်လာပြီး
ပိတ်ချောဝတ်ရုံအဘိုးအိုဟာ ၁

ကီလိုမီတာအကွာထိ

လွင့်ထွက်သွားပြန်သည်။

ယန်ယဲ့ သည်

နောက်ထပ်တိုက်ခိုက်ခြင်းမပြုတော့ပေ။

အဘိုးအိုကို အေးစက်စွာ

တစ်ချက်ကြည့်လိုက်ပြီး “မင်း အခု

နားလည်ပြီလား။ ငါက မင်းကို

မျက်နှာသာပေးထားလိုက်တာပဲ။

မင်းမဟုတ်ဘူး၊ နားလည်လား"

ထိုစကားပြောပြီးနောက်
လှည့်ထွက်သွားသည်။

ထိုအချိန်တွင် ပိတ်ချောဝတ်ရုံအဘိုးအို
က နေရာမှာပင် ပျောက်သွား၏။
ထို့နောက် အဘိုးအိုက
ယန်ယဲ့၏နောက်ကျော၌ရောက်နေခဲ့သ
ည်။ တစ်ချိန်တည်းတွင် သူ့လက်ထဲ၌
ရောမပုဆိန်ကြီးတစ်လက်ပေါ်လာသည်။

ထို့နောက်

ညာလက်ဖြင့်တင်းတင်းဆုပ်ကိုင်လျက်

ယန်ယွဲ့၏ခေါင်းကို ခုတ်ချလိုက်သည်။

ခွပ်...

ယန်ယွဲ့၏ ပတ်ပတ်လည်ရှိ

အာကာသပြင်သည် ချက်ချင်း

ပြိုကျသွားသည်။

ယန်္ကဲ့၏မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ သူ့မျက်လုံးထဲ၌

လူသတ်လိုစိတ်များ

တောက်ပလာသည်။တစ်ချိန်တည်းမှာပင်

ချက်ချင်းနောက်လှည့်ပြီး ဓားကို

ဆွဲထုတ်လိုက်သည်။

ဘုန်း

ဓားနှင့်ပုဆိန်တို့ တိုက်မိသွားသည်နှင့်
ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာပြီးနောက် နှစ်ယောက်လုံး
နောက်ပြန်ဆုတ်လိုက်ကြရသည်။

အဘိုးအိုကူရုံ နှင့် တတိယဦးလေး က
ယန်ယဲ့ နှင့် ပိတ်ချောဝတ်ရုံအဘိုးအို ကို
စိုက်ကြည့်နေကြသည်။ ထိုအချိန်တွင်
အဘိုးအိုကူရုံ က တားရန်ပြင်လိုက်သည်။
သို့သော်လည်း တတိယဦးလေး က

လက်ကာပြရင်း "ကိုယ့်အကန့်အသတ်ကို မသိဘဲ ဘဝင်မြင့်နေတဲ့ လူငယ်တွေကို သင်ခန်းစာပေးသင့်တယ်”ဟုပြောပါသည်။

အဘိုးအိုကူရုံ က တတိယဦးလေး ကို တစ်ချက်ကြည့်ကာ ခဏတွန့်ဆုတ်နေပြီးမှ ခေါင်းညိတ်လိုက်သည်။

ထိုအချိန်တွင် ပိတ်ချောဝတ်ရုံအဘိုးအိုက

ယန်ယဲ့ ဆီသို့ ဖြည်းညင်းစွာ

လျှောက်လာကာ

“ပြောစရာမလိုအောင်ပါပဲ။ မင်းရဲ့

ခွန်အားက မဆိုးပါဘူး။ ဒါပေမဲ့ ငါက

အားနည်းနေတယ်လို့ မင်းထင်လား။

မင်းမိဘတွေကိုယ်စား မင်းကို

သင်ခန်းစာတစ်ခုသင်ပေးခွင့်ပြုပါ"

အဘိုးအိုပြောလိုက်သည့် စကားကြောင့်

ယန်ယဲ့၏မျက်နှာက

ချက်ချင်းပင်ကြမ်းကြုတ်လာတော့သည်

။

ထို့နောက်တွင် သူ့ပုံရိပ်က

သွေးနီရောင်အလင်းတန်းများအဖြစ်

ပြောင်းလဲကာ ပျောက်သွားခဲ့ည်။

နောက်အခိုက်တွင်

ပိတ်ချောဝတ်ရုံအဘိုးအို ရှေ့၌

ပေါ်လာပြီး သူ့လက်ထဲမှ သွေးစားဖြင့်
ပိုင်းချလိုက်သည်။

အဘိုးအိုက လှောင်ပြောင်ရယ်မောရင်း
သူ၏ပုဆိန်ကိုမြှောက်ကာ
ယန်ယွဲ့၏ဓားကို တားလိုက်လေသည်။

ဖုန်း...

ကျယ်လောင်သော ပေါက်ကွဲသံ

ထွက်ပေါ်လာပြီးနောက် နှစ်ယောက်စလုံး

နောက်ကိုပြန်ဆုတ်သွားရသည်။

ထိုအချိန်တွင် အဘိုးအိုကူရုံ နှင့်

တတိယဦးလေး၏ အမူအရာများက

တဖြည်းဖြည်းပြောင်းလဲလာပါသည်။

ယန်ယဲ့ လိုမျိုး

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူဟာ

မူလနတ်ဘုရားတစ်ပိုင်းအဆင့် အား
ထိပ်တိုက်ရင်ဆိုင်နိုင်ဖို့
မမျှော်လင့်ထားလို့ပါ။

သူတို့ နှစ်ယောက်
ဝင်ပါရန်ပြင်လိုက်ချိန်တွင်
တိုက်ပွဲမြေပြင်ပတ်ပတ်လည်ရှိ
အာကာသပြင်ဟာ
ဝုန်းခနဲပြိုကျလာခဲ့သည်။ ထို့နောက်တွင်
အာကာသတွင်းနက်ကြီးပေါ်လာသည်။

ထိုခဏလေးမှာပဲ

အာကာသတွင်းနက်ဟာ

ရုတ်တရက်ကျုံ့ဝင်လာသဖြင့်

တတိယဦးလေး နှင့် အဘိုးအိုကူရုံ၏

အမူအရာများက

သိသိသာသာပြောင်းသွားတော့သည်။

“တိုက်ခိုက်ကြ...” နှစ်ယောက်စလုံး

တွန့်ဆုတ်မနေတော့ပေ။

တိုက်ခိုက်ရန်ပြင်လိုက်ကြသည်။

သို့သော်လည်း အာကာသတွင်းနက်ဟာ

လှုပ်ရှားနေရာမှ ရုတ်တရက်

ရပ်တန့်သွားပြီးနောက်

ပုံရိပ်တစ်ခုလွင့်ပျံလာသည်။

ထိုပုံရိပ်က ယန်ယွဲ့ မဟုတ်ဘဲ

ပိတ်ချောဝတ်ရုံအဘိုးအို ပါ။

အဘိုးအို၏ပုံရိပ် ရပ်တန့်သွားသည်နှင့်

အာကာသတွင်းနက်ထဲမှ

အလင်းတန်းများ ဖြာထွက်လာပြီးနောက်

ယန်ယဲ့ကသူ့ရှေ့တွင်ပေါ်လာခဲ့သည်။

တစ်ဆက်တည်း

ယန်ယဲ့၏ခြေထောက်တစ်ဖက်က

အဘိုးအို၏

ရင်ဘတ်ပေါ်တက်နင်းထားလိုက်သည်။

ထို့နောက် သူ၏ဓားဖြင့်

အဘိုးအို၏နဖူးအလယ်သို့

ဖိကပ်လိုက်ရင်း “ငါ့မိဘတွေကိုယ်စား

ငါ့ကို သင်ခန်းစာပေးချင်တယ်လို့ ပြောတယ်။ မင်းပြောတာ ဟုတ်တယ်မလား"

"ယန်ယဲ့၊ သူ့ကိုလွှတ်လိုက်" ထိုအချိန်တွင် တတိယဦးလေး က "မင်း သူ့ကို သတ်ရင် ငါ့ကူကာလန် က မင်းကို လွှတ်မှာ မဟုတ်ဘူး။ မင်းက ငါ့ကူကာလန် နဲ့ ရန်သူဖြစ်ချင်မယ်မထင်ဘူး... ဟုတ်တယ်မလား"

ယန်ယဲ့က ခေါင်းကိုလှည့်ပြီး

တတိယဦးလေး ကို

တစ်ချက်ကြည့်လိုက်ရင်း "ကူကလန်ရဲ့

နာမည်နဲ့ ငါ့ကို

ခြိမ်းခြောက်နေတာလား"ဟုပြောလိုက်သ

ည်။

အဘိုးအိုက "ငါ မင်းကို

အမှန်အတိုင်းပြောနေတာပဲ"

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး

"တကယ်တော့ ငါဟာ ကူကလန် နဲ့

ရန်သူမဖြစ်ချင်ပါဘူး"ဟုပြောလိုက်သည်

။ ထို့နောက် ပိတ်ချောဝတ်ရုံအဘိုးအို ကို

ငုံ့ကြည့်ကာ "ကျုးယီကို

မျက်နှာပေးလိုက်ပါ့မယ်လေ။ငါ့ကို

တောင်းပန်ရုံနဲ့ ဒီအဖြစ်အပျက်ကို

မေ့ပစ်လိုက်မယ်"

ပိတ်ချောဝတ်ရုံအဘိုးအိုက

သူ့ပါးစပ်ထောင့်တွင်

လှောင်ပြောင်သရော်မှုတစ်ခု

ထွက်လာသည်။ သူက ယန်ယဲ့ကို

စိုက်ကြည့်ရင်း “တောင်းပန်ရမလား။

ဘာလဲ၊ ငါပြောခဲ့တာတွေက

နည်းနေသေးလို့လား။ ဒါပေမဲ့ မင်းဟာ

ကြောင်တစ်ကောင်လို ဖြစ်နေတယ်။

ပြီးတော့ သူ့ကိုပြုစုပျိုးထောင်ဖို့

အမေမရှိတဲ့ အမှိုက်တစ်စ…”

ယန်ယဲ့ က ပိတ်ချောဝတ်ရုံအဘိုးအို ကို

ငုံ့ကြည့်ပြီး "မင်းကို

ငါမသတ်ဝံ့ဘူးထင်လား"ဟုအေးစက်စ

က်ပြောလိုက်သည်။

"မင်း … လုပ်ရဲလား"

အဘိုးအို၏မျက်နှာက ရှုံ့ချမှုအပြည့်နှင့်

"ယန်မျိုးနွယ်ကို မပြောနဲ့၊  ယင်ကလန် ဆိုရင်တောင်မှ ငါ့ကူကလန် ကို မျက်နှာသာပေးရလိမ့်မယ်။ မင်း…”

ထိုအချိန်တွင် အလင်းတန်းတစ်ခု ဖျတ်ခနဲလက်သွားပြီးနောက် ပိတ်ချောဝတ်ရုံအဘိုးအို၏ခန္ဓာကိုယ်က တောင့်တင်းသွားသည်။

ဆူး….

သူ့လည်ပင်းမှ

သွေးများပန်းထွက်လာသည်နှင့်

ခေါင်းပြတ်က ချက်ချင်း လေထဲသို့

ပျံတက်သွားသည်။

ယန်ယဲ့ က ဓားပြန်သိမ်းရင်း

တတိယဦးလေး နှင့် အဘိုးအိုကူရှုံကို

လှည့်ကြည့်လိုက်ပြီး "ငါ့တစ်သက်မှာ

အန္တရာယ်တွေ၊ ကြောက်စိတ်တွေ

ကြုံဖူးပေမယ့် ဘယ်တော့မှ

နောက်မဆုတ်ခဲ့ဘူး

”ဟုပြောလိုက်လေသည်။

May Be:

၁၉၉၆ (A)

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၉၆ - တိုက်ခိုက်ခြင်း

ယန်ယဲ့ သည် ပိတ်ချောဝတ်ရုံအဘိုးအိုကို
ခေါင်းဖြတ်သတ်လိုက်ကြောင်း
မြင်သောအခါ အဘိုးအိုကူရုံ နှင့်
တတိယဦးလေး၏ အမူအရာများက
အလွန်ပင် ဆိုးရွားသွားခဲ့သည်။

ယန်ယဲ့ သည် ပိတ်ချောဝတ်ရုံအဘိုးအိုကို
အလွယ်လေးသတ်ပစ်နိုင်မည်ဟုလည်း
သူတို့မထင်ထားလို့ပါ။

တတိယဦးလေး က ယန်ယဲ့ ကို
စိုက်ကြည့်ရင်း
"မင်းဘာတွေလုပ်ခဲ့လဲဆိုတာ
မင်းသဘောပေါက်လား"ဟူ၍
အေးစက်စက်လေသံဖြင့်
ပြောလိုက်သည်။

"ငါဘာတွေလုပ်လိုက်သလဲ" ယန်ယဲ့က
တဟားဟား ရယ်မောလိုက်ပြီး

“တကယ်တော့  ငါ အဲဒါကို

မလုပ်ချင်ဘူး။ ဒါပေမဲ့

မတတ်နိုင်ဘူးလေ။ မင်းတို့ကူကလန်ရဲ့

အဖွဲ့ဝင်တွေဟာ ကိုယ့်ကိုယ်ကို

တခြားသူတွေထက် သန်မာတယ်လို့

အမြဲထင်နေကြလို့ပါ။ တခြားသူတွေက

မင်းတို့ကူကလန် ကို

မျက်နှာပေးသင့်တယ်လို့

ထင်နေတာ။သူများတွေ

မျက်နှာသာပေးတဲ့အခါ အဲဒါက

သူတို့လုပ်သင့်တဲ့ ကိစ္စတစ်ခုလို့

မင်းထင်တယ်။ ဒါပေမဲ့ တခြားသူတွေက

ကူကလန် ကို မျက်နှာသာမပေးဖို့

ငြင်းဆန်ရင် အဲဒီလူက ဉာဏ်မမီဘူးလို့

ယူဆပြီးသင်ခန်းစာပေးသင့်တယ်လို့

ပြောမယ်”

ယန်ယဲ့ က ခေါင်းယမ်းပြီး

ဆက်ပြောပြန်သည် "ငါယန်ယဲ့က

ကိုယ့်ကို လေးစားတဲ့သူဆိုရင် သူတို့ကို လေးစားမယ်။ တခြားသူတွေက ငါ့ကို မလေးစားဘူး၊ ငါ့ကို အနိုင်ကျင့်ချင်ရင် ငါစိတ်မကောင်းပါဘူး။ အဲဒီလူက မင်းရဲ့ ကူကလန် လို့မပြောနဲ့ လောကနတ်ဘုရားရဲ့ သားတော်ဖြစ်နေရင်တောင် ငါသတ်ပစ်မှာ”

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့ က

နောက်လှည့်၍ ထွက်သွားခဲ့သည်။

သို့သော် အဘိုးအိုကူရုံ နှင့်

တတိယဦးလေး က သူနှင့်

မလှမ်းမကမ်း၌ ပေါ်လာခဲ့သည်။

တတိယဦးလေး က ယန်ယဲ့ ကို

စိုက်ကြည့်ရင်း "မင်း သူ့ကိုသတ်ပြီးတာနဲ့

ထွက်သွားဖို့

ရည်ရွယ်ထားသလား"ဟုမေးလိုက်သည်။

ယန်ယဲ့ က ဂရုမစိုက်ဘဲ ပြန်ပြောလိုက်၏
"ဘာလဲ။ မင်းက ငါ့ကို နောက်နှစ်ယောက်ထပ်သတ်စေချင်တာလား"

တတိယဦးလေးက မျက်လုံးများ အနည်းငယ် မှိတ်သွားကာ "မင်း ဒီလောက်တောင် စိတ်ချသလား"ဟုပြောလိုက်ပါသည်။

ယန်ယဲ့ က တတိယဦးလေး ကို စေ့စေ့

ကြည့်ပြီး “ဘာလို့ မစမ်းတာလဲ”

တတိယဦးလေး က ယန်ယဲ့အား

ခဏကြာစိုက်ကြည့်နေသည်။ သူက

စကားမပြောတော့ဘဲ ညာလက်ကို

ဆန့်ထုတ်လိုက်၏။သူ၏လက်မှ

ပြင်းထန်သောစွမ်းအားလှိုင်းတစ်ခု

ထွက်လာပြီးနောက် ယန်ယဲ့၏

ပတ်လည်ရှိ အာကာသပြင်ဟာ ချက်ချင်း

တုန်လှုပ်သွားခဲ့သည်။ သို့သော်

ထိုခဏလေးမှာပဲ ယန်ယွဲ့ထံမှ

သွေးနီရောင်အလင်းတန်းများ

ထွက်လာပြီး တတိယဦးလေး၏

စွမ်းအင်များကို ချေဖျက်ပစ်လိုက်သည်။

တတိယဦးလေး က သူ၏ညာဖက်ခြေကို

ဆောင့်ချလိုက်ပြီး

အဖြူရောင်အလင်းတန်းအသွင်ပြောင်း

ကာ ယန်ယွဲ့ဆီသို့ ခုန်ဝင်လာသည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က

သွေးဓားကို

ဆွဲထုတ်ပြီး ရှေ့သို့ ပိုင်းချလိုက်သည်။

ဂျုန်း...

အာကာသပြင်က ပြင်းထန်စွာ

တုန်ခါသွားပြီးနောက် တတိယဦးလေး

ဟာ မီတာ ၃၀ နီးပါးအကွာသို့

လွင့်ပျံသွားသည်။ ယန်ယဲ့ ကတော့ မီတာ

၃၀၀ အကွာထိဆုတ်သွားလိုက်ရသည်။

ယန်ယဲ့ သည် နေရာတွင်ရပ်ကာ

တတိယဦးလေး ကို

လှမ်းကြည့်လိုက်သည်။ တတိယဦးလေး

နှင့် ပိတ်ချောဝတ်ရုံအဘိုးအို က

မူလနတ်ဘုရားတစ်ပိုင်းအဆင့်များဖြစ်

ကြသည်။ သို့သော်လည်း

တတိယဦးလေးဆိုသူက

ပိတ်ချောဝတ်ရုံအဘိုးအိုထက်

အများကြီးပိုသန်မာနေခဲ့သည်။

ထိုအချိန်တွင် တတိယဦးလေး က ယန်ယဲ့

ကို တစ်ချက်ကြည့်လိုက်ပြီးနောက်

ညာလက်ကို ဆန့်ကာ

ဆတ်ခနဲလိမ်လိုက်သည်။

ထိုခဏလေးမှာပဲ ယန်ယဲ့၏ အနီးအနားရှိ

အာကာသပြင်ဟာ မှန်ချပ်များကဲ့သို့

ရွှေ့လျားလာတယ်။ ၎င်းမှ

ထွက်ပေါ်လာသည့် ဖိအားကြောင့် ယန်ယဲ့

ဟာ သူ့ကိုယ်သူ

မြင်းအကောင်ရေထောင်သောင်းချီနင်းချ

လာသလိုခံစားလိုက်ရလေသည်။ သူက

ပေါ့ပေါ့ဆဆ မလုပ်ဆောင်ဝံ့ဘဲ

သွေးဓားကို မြှောက်ပြီး

တရကြမ်းခုတ်ပိုင်းလိုက်သည်။

ဘောင်း....

သူ့ပတ်ပတ်လည်ရှိ အာကာသပြင်ဟာ
ပြိုကျလာပြီး ဖိအားများလည်း
ပျောက်ကွယ်သွားသည်။
ခဏအကြာတွင်တော့ ပြိုကျနေသော
အာကာသပြင်ထဲမှ အလင်းတန်းတစ်ခု
ထွက်ပေါ်လာပြီး တတိယဦးလေး ရှေ့ကို
ချက်ချင်းရောက်လာသည်။

သို့သော်လည်း တတိယဦးလေး၏

အမူအရာက တည်ငြိမ်နေဆဲပါ။

လက်ညှိုးကိုဆန့်ပြီး ရှေ့သို့

ပုတ်လိုက်သည်။ သူ့ရှေ့မှ

အာကာသပြင်က

အလျားလိုက်ကွဲထွက်သွားပြီး

စွမ်းအားလှိုင်းတစ်ခုက

ယန်ယွဲ့ဆီသို့တောက်လျှောက်ပြေးဝင်

သွားသည်။ သို့သော် အာကာသပြင်ထဲမှ

သွေးနီရောင် အလင်းတန်းတစ်ခု

ထွက်လာပြီး ထိုစွမ်းအားလှိုင်းကို

ချေဖျက်သွားခဲ့သည်။

တတိယဦးလေး၏ မျက်လုံးများက

အနည်းငယ် ကျဉ်းမြောင်းသွားပြီး သူ့

လက်ဝါးကို ရှေ့သို့ ပုတ်လိုက်သည်။

ဘုန်း…

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

တတိယဦးလေး ဟာ မီတာ ၃၀ အကွာသို့

လွင့်ပျံသွားသည်။

ထိုအချိန်တွင်

နတ်ဘုရားစိတ်အာရုံအသိဖြင့်ပင်

မမြင်နိုင်လောက်သော

အလင်းတန်းတစ်ခု လက်လာပြီး

တတိယဦးလေးထံတိုးဝင်သွားသည်။

တတိယဦးလေးက ပေါ့ပေါ့ဆဆ

မလုပ်ဆောင်ဝံ့ဘဲ

သူ့လက်ကိုဖွေယမ်းလိုက်သည်။

ထိုခဏလေးမှာပဲ

အနက်ရောင်ဒိုင်းကာတစ်ခု ပေါ်လာပြီး

သူ့ရှေ့တည့်တည့်မှလွင့်မျောနေပါသည်။

ဘုန်း...

ဒိုင်းက ပြင်းထန်စွာ တုန်ခါသွားပြီးနောက်

အနက်ရောင်အလင်းတန်းတစ်ခု

ထွက်လာသည်။

အနက်ရောင်အလင်းတန်းကို

မြင်သောအခါ

ယန်ယဲ့၏အမူအရာကပြောင်းသွားကာ

သွေးဓားကို အမြန်ဆွဲထုတ်ကာ ရှေ့သို့

ခုတ်လိုက်သည်။

အုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

ယန်ယွဲ့ သည် ၁

ကီလိုမီတာနီးပါးအကွာသို့

လွင့်ပျံသွားသည်။

ယန်ယွဲ့ သည်

သူ့ကိုယ်သူရပ်လိုက်သည်နှင့်

ချက်ချင်းမတိုက်ခိုက်သေးဘဲ

တတိယဦးလေးရှေ့မှ

အနက်ရောင်ဒိုင်းကို

လှမ်းကြည့်လိုက်သည်။

အနက်ရောင်ဒိုင်းက ထာဝရအဆင့်

အကာအကွယ်ရတနာတစ်ခုဖြစ်ကြောင်း

သိသာပါသည်။

"မင်းတကယ်မဆိုးပါဘူး" ထိုအချိန်တွင်

တတိယဦးလေး က ယန်ယဲ့ ကို ကြည့်ကာ

ပြောလိုက်သည် "ဒါပေမဲ့ မင်းဟာ

ယန်ကလန်ရဲ့

သခင်ငယ်တစ်ယောက်လို့မပြောနဲ့

ယန်ကလန်ရဲ့

နောက်မျိုးဆက်ဆက်ခံသူဖြစ်ရင်တောင်

မှ ငါ့ကူကလန်က

မင်းကိုအသေသတ်ပစ်မယ်”

စကားပြောပြီးနောက် ရှေ့သို့

ခြေတစ်လှမ်းတိုးကာ သူ့ရှေ့မှ

အနက်ရောင်ဒိုင်းကို

အသာပုတ်လိုက်သည်။ ထိုခဏလေးမှာပဲ

အနက်ရောင်လေဝဲကတော့အဖြစ်

ပြောင်းလဲကာ

ယန်ယွဲ့ဆီသို့ဦးတည်သွားလေတော့သည်

။

အနက်ရောင်လေဝဲကတော့ ဖြတ်သွားရာ

အာကာသပြင်က

အပိုင်းပိုင်းခွဲထုတ်ပစ်လိုက်သည်။

ယန်ယဲ့ သည် အနက်ရောင်လေဝဲကတော့

ကို စိုက်ကြည့်ရင်း မျက်လုံးများ

အနည်းငယ်မှေးကျင်းသွားသည်။

သိပ်မကြာလိုက်ဘဲ အနက်ရောင်ဒိုင်းက

သူနှင့်အနီးသို့ပင်ရောက်လာပါပြီ။

ထိုအချိန်တွင် ယန်ယဲ့ က

ရုတ်တရက်လှုပ်ရှားလိုက်သည်။

အဘိုးအိုကူရှုံ နှင့် တတိယဦးလေးက

ယန်ယဲ့၏လုပ်ရပ်ကြောင့်တုန်လှုပ်သွား

သည်။ သူတို့ထင်နေသည်မှာယန်ယဲ့က

ဓားမြှောက်ပြီးတိုက်ခိုက်မှာကိုပါ။သို့

သော် ယန်ယဲ့ သည်

အနက်ရောင်လေဝဲကတော့ဆီသို့

တည့်တည့်ပြေးဝင်သွားလေသည်။

ထို့နောက်တွင်တော့ ယန်ယဲ့၏ပုံရိပ်ဟာ

အနက်ရောင်လေဝဲကတော့ထဲ

နစ်မြုပ်သွားခဲ့သည်။

ထိုမြင်ကွင်းကြောင့်

အဘိုးအိုနှစ်ယောက်စလုံး

အံ့သြထိတ်လန့်သွားပြီး

မျက်လုံးထဲ၌လည်း

မယုံကြည်နိုင်စရာများဖြစ်လာသည်။

သို့သော်လည်း တတိယဦးလေး ၏

အမူအရာက ရုတ်တရက် သိသိသာသာ

ပြောင်းလဲသွားသည် "မင်း

လုပ်ဝံ့သလား"

ထိုစကားပြောပြီးနောက်

အနက်ရောင်လေဝဲကတော့ ထဲသို့

တဟုန်ထိုး ပြေးဝင်လိုက်သည်။

ဘမ်း

ပေါက်ကွဲသံတစ်ချက်

ထွက်ပေါ်လာပြီးနောက်

တတိယဦးလေးဟာ

အနက်ရောင်လေဝဲကတော့ ထဲမှ လွင့်ပျံထွက်လာသည်။ သူက မီတာ ၁၀၀ လောက်အကွာထိပင်လွင့်ထွက်သွားခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့ သည် အဘိုးအိုကူရုံ ရှေ့၌ ပေါ်လာခဲ့သည်။

ယန်ယဲ့ ကို မြင်သောအခါ အဘိုးအိုကူရုံ၏ မျက်လုံးများက

ချက်ချင်းကျဉ်းမြောင်းသွားသည်။

သူ၏မျက်လုံးထဲ၌လည်း

မယုံနိုင်စရာများဖြင့် ပြည့်နှက်နေသည်။

ယန်ယဲ့၏ခန္ဓာကိုယ်ဟာ

ဘာထိခိုက်မှုမရှိလို့ပါ။

အမှန်ပင် ။

လက်ရှိတွင် ယန်ယဲ့ သည် ထာဝရအဆင့်

အမျောင်တာအိုဥပဒေသ ကို ပိုင်ဆိုင်ထား

လေရာ အမျောင်ထုနှင့်

အမျောင်စွမ်းအင်ကို

အပြည့်အဝခုခံနိုင်စွမ်းရှိသည်ဟု

ဆိုနိုင်သည်။

ထိုအနက်ရောင်ဒိုင်းမှ ဖန်တီးထားသော

စွမ်းအင်ဝဲကတော့ဟာ အမျောင်ထုနှင့်

အမျောင်စွမ်းအင်တို့မှ

ဖြစ်ပေါ်လာခြင်းပင်။ထို့ကြောင့်
အနက်ရောင်လေဝဲကတော့ဟာ
ယန်ယဲ့အတွက် ဘာပြဿနာမှမရှိပေ။

ထိုအချိန်တွင် တတိယဦးလေး က
ယန်ယဲ့ကို စိုက်ကြည့်ရင်း "ငါ့ဒိုင်း
ဘယ်မှာလဲ"ဟုမေးလိုက်သည်။

ယန်ယွဲ့ က တဟားဟားရယ်ပြီး "ဒါက

မင်းရဲ့အပိုင်ဟုတ်လို့လား၊

ဘာလို့မေးတာလဲ"

တတိယဦးလေး၏မျက်လုံးထဲမှ

လှူသတ်လိုစိတ်ပေါ်လာသည်

"မင်းကသေချင်နေတာပဲ"

ထို့နောက် သူ့လက်ကို မြှောက်ကာ

ဘေးဖက်သို့ အနည်းငယ်

ရွှေ့လိုက်သည်။ ခဏအကြာတွင်
သူ့လက်ဝါးက ယန်ယွဲ့
ရပ်နေသည့်နေရာဆီသို့ ပုတ်လိုက်သည်
"လှိုင်းတစ်ထောင်လက်ဝါး..."

သူ့ရှေ့မှ အာကာသပြင်ဟာ ချက်ချင်းပင်
သမုဒ္ဒရာကြီးတစ်ခုအဖြစ်
ပြောင်းလဲသွားပုံရပြီး အလွှာလိုက်
ထပ်နေပါတော့သည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်

လှိုင်းလေထန်သော ပင်လယ်ပြင်မှ

လှေငယ်လေးတစ်စင်းလိုပင်။

ပတ်ပတ်လည်ရှိ အာကာသအလှွာများက

သူ့အား နစ်မြှုပ်ဖို့ကြိုးစားနေသော

သမုဒ္ဒရာရေနှင့် တူနေပုံရသည်။

ထိုခဏလေးမှာပဲ ယန်ယဲ့ သည်

အာကာသအလွှာများအောက်

နစ်မြုပ်သွားခဲ့သည်။

တစ်ခဏမျှ တိတ်ဆိတ်သွားပြီးနောက်

အာကာသအလွှာအောက်မှ

ဓားအူသံတစ်သံ ထွက်ပေါ်လာသည်။

ထို့နောက်တွင် ထိုနေရာမှ

ဓားအလင်းတန်းတစ်ခု

ထွက်ပေါ်လာသည်။ ထိုအချိန်တွင်

အာကာသပြင်တစ်လျှောက်

ချက်ချင်းပွင့်ထွက်သွားကာ

အလင်းတန်းများက

တတိယဦးလေးရှေ့သို့ ရောက်လာခဲ့၏။

တတိယဦးလေး က တုန်လှုပ်မသွားဘဲ

သူ့ရှေ့မှ အာကာသပြင်ကို

အလွှာလိုက်ချုံ့လိုက်ပြီးနောက်

ယန်ယွဲ့ဆီသို့ တွန်းထုတ်လိုက်ပါသည်။

အုန်း....

အလင်းတန်းများ ပြန့်ကျဲသွားပြီး ယန်ယဲ့ သည်လည်း ၁ ကီလိုမီတာအကွာသို့ လွင့်ပျံသွားသည်။

ထို့နောက် ယန်ယဲ့ သည် ရပ်လိုက်ပြီး အဝေးမှ တတိယဦးလေးဆိုသူကို အေးစက်စွာ စိုက်ကြည့်နေသည်။ ဒီအချိန်မှာ သူတို့ကြားမှ အာကာသ ပြင်ဟာ ရေကန်မျက်နှာပြင်အလား

လှိုင်းဂယက်များ

အဆက်မပြတ်ထနေပါသည်။

သူက ခဏကြာ ငြိမ်နေပြီးမှ

“ပူးပေါင်းကြရအောင်” ဟု

အသံတိုးတိုးဖြင့် ပြောလိုက်သည်။

ထိုစကားကြားသောအခါ အဘိုးအိုကူရုံ

က ခေါင်းညိတ်လိုက်သည်။

တတိယဦးလေး က မပြောလျှင်ပင် သူက

တိုက်ခိုက်ဖို့အသင့်ပြင်နေပါပြီ။

အကြောင်းမှာ တတိယဦးလေး က

ယန်ယွဲ့အား ဘာမှမလုပ်နိုင်ကြောင်း

သတိထားမိလို့ပါ။

သူတို့နှစ်ယောက် တိုက်ခိုက်ခါနီးတွင်

ယန်ယွဲ့က ရုတ်တရက်ပြောလိုက်

"ဘာလဲ။ မင်းတို့နှစ်ယောက်ပေါင်း

တိုက်ခိုက်ချင်သလား"

တတိယဦးလေးက အဘိုးအိုကူရုံ

ကိုလှည့်ကြည့်ကာ "မင်း သူ့ကို

အချိန်ဖြုန်းမနေနဲ့။တိုက်ခိုက်တော့။

ငါ့အထင်

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်က

သူ့ရဲ့အသိစိတ်ပင်လယ်ထဲမှာ

ရှိနေလောက်တယ်”ဟုပြောခဲ့သည်။

May Be:

၁၉၉၆ (B)

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်
သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၉၆ - ကူကလန်၏
အုပ်ထိန်းသူ

ထိုစကားပြောပြီးနောက်
လျှပ်စီးလက်သကဲ့သို့
ရှေ့ကိုခုန်ထွက်လာသည်။

အဘိုးအိုကူရှုံ ကလည်း

တိုက်ခိုက်ရန်ပြင်လိုက်။ ထိုအချိန်တွင်

ရွှေရောင်အလင်းတန်းများ

တဖျပ်ဖျပ်လက်သွားလေသည်။

ဘုန်း...

ပေါက်ကွဲသံများ ကျယ်လောင်စွာ

ထွက်ပေါ်လာပြီးနောက်

တတိယဦးလေး၏ပုံရိပ်ဟာ မီတာ ၃၀၀

အကွာသို့ လွင့်ပျံသွားခဲ့သည်။
တစ်ချိန်တည်းမှာပဲ အဘိုးအိုကူရို က
ထိတ်လန့်သွားပြီး အဝေးကို အမြန်
လှမ်းကြည့်လိုက်တယ်။ ထိုအခါ
တတိယဦးလေး ရပ်နေခဲ့သည့် နေရာတွင်
လုံ ကိုင်အမျိုးသမီးတစ်ဦး ရုတ်တရက်
ပေါ်လာကြောင်း မြင်လိုက်ရသည်။

လှံကိုင်အမျိုးသမီး က
အခြားသူမဟုတ်ဘဲ အန်နန်ကျင်း သာ။

တတိယဦးလေးက သူ့လက်ဖဝါးကို
ငုံ့ကြည့်နေသည်။ သူ၏လက်ဝါး
သာမက လက်တစ်ပြင်လုံးပါ
ကွဲအက်သွားသည် ။

သူက ခဏကြာငြိမ်နေပြီးနောက်
အန်နန်ကျင်းကို မော့ကြည့်လိုက်သည်။

အန်နန်ကျင်း က မျက်နှာသေဖြင့်
စကားလည်းမပြောပေ။
ယန်ယဲ့အနားကိုတိုးကပ်သွားသော်လည်း
သူမ၏အရှိန်အဝါက
တတိယဦးလေးအပေါ်ပိတ်လှောင်ထား
ဆဲပါ။

ထိုအချိန်တွင် ယန်ယဲ့က တတိယဦးလေး
ကို စိုက်ကြည့်ကာ "မင်း ငါ့ကို
ထပ်တိုက်ခိုက်ရင် ဒီနေ့

မင်းတို့နှစ်ယောက်လုံး

ခေါင်းပြတ်သွားလိမ့်မယ်။ ကူကလန်

နဲ့မခြိမ်းခြောက်ပါနဲ့။ ငါက

နဂါးငွေ့တန်းကြယ်စင်စုကို

ရောက်တာမကြာသေးတော့ ကူကလန်က

ဘယ်လိုမျိုးလဲဆိုတာမသိသေးဘူး။

ဒါ့အပြင် သိနေရင်တောင် ငါဂရုမစိုက်

ဘူး။ ဒါကြောင့် ငါ့လက်ကို

အတင်းလိုက်မဆွဲပါနဲ့လို့ ပြောပါရစေ။

မဟုတ်ရင် မင်းတို့ နှစ်ယောက်လုံး

အသေဆိုးနဲ့ သေသွားနိုင်တယ်”

တတိယဦးလေး၏ မျက်လုံးထဲမှ

ရက်စက်ကြမ်းကြုတ်မှုတစ်ခု

ထွက်ပေါ်လာသည်။

"မင်းတို့နှစ်ယောက်လုံး

ဘာမှလုပ်လို့မရဘူး" ထိုအချိန်တွင်

အေးစက်စက်အသံတစ်သံ

ရုတ်တရက်ထွက်ပေါ်လာသည်။

ထိုအသံကိုကြားသောအခါ

တတိယဦးလေး က ခဏမျှ

အံ့အားသင့်သွား၏။ ထို့နောက်

သူ့မျက်နှာပေါ်တွင် ရှိသေသောအမူအရာ

ပေါ်လာသည်။ သိပ်မကြာလိုက်ပါ၊

ဤနေရာတွင်

သက်လတ်ပိုင်းအမျိုးသားတစ်ယောက်

ပေါ်လာခဲ့သည်။

ယန်ယဲ့ သည် ထိုလူကို မြင်လိုက်ရာ

ချက်ချင်း မျက်နှာပျက်သွား၏။ ထိုလူက

ယခင်ကတွေ့ခဲ့ဖူးသော

လက်နက်ကိုင်အမျိုးသားဖြစ်နေလို့ပါ။

အနီးလူလတ်ပိုင်းက ကူကလန်၏

အုပ်ထိန်းသူ ကူမင်ပါ။

ကူကလန်ရဲ့ အုပ်ထိန်းသူ

ရောက်လာတာလား။

ယန်ယဲ့၏မျက်လုံးများက

သိသိသာသာပင် ကျဉ်းမြောင်းလာသည်။

ကူကလန် က မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူတစ်ယောက်ပင်

စေလွှတ်မည်ဟု မထင်ထားပေ။

ထိုအချိန်တွင် ကူမင် က ယန်ယဲ့ နှင့်
အန်နန်ကျင်း ထံသို့ လျှောက်လာခဲ့သည်။
သိပ်မဝေးသောနေရာကို ရောက်မှ
ရပ်လိုက်ပြီး "ကူကလန် ကို
ဘယ်သူမှရန်မစရဲဘူး။ ကူမျိုးနွယ်ဝင်ကို
ဘယ်သူမှ မသတ်နိုင်ဘူး" ဟူ
ပြောလိုက်သည်။

ယန်ယဲ့ က ဂရုမစိုက်ဘဲ "ငါ့ယန်ကလန်ရဲ့
အဖွဲ့ဝင်တွေကို ဘယ်သူမှ

မစော်ကားနိုင်ဘူး"ဟူ၍
ပြန်ပြောပါသည်။

"ပြောတာကောင်းတယ်" ထိုအချိန်တွင်
အသံတစ်သံ ရုတ်တရက်
ထွက်ပေါ်လာသည်။ ထို့နောက်
သိပ်မကြာလိုက်ဘဲ
ယန်ယဲ့၏နောက်ဖက်မှ
ခရမ်းရောင်ချပ်ဝတ်အဘိုးအိုတစ်ယော
က် ပေါ်လာခဲ့သည်။

"ယန်ကဲဝူ..."
ခရမ်းရောင်ချပ်ဝတ်အဘိုးအို
ပေါ်လာသည်နှင့်
အဘိုးအိုကူရုံအပါအဝင်တတိယဦးလေး
ပါ မျက်နှာပျက်သွားသည်။

ကူကလန်အတွက် ကလန်၏အုပ်ထိန်းသူ
ရှိသလို ယန်ကလန်တွင်လည်း
အလားတူပင်။

ခရမ်းရောင်ချပ်ဝတ်အဘိုးအို၊ တစ်နည်း
ယန်ကဲဝူ က ယန်ကလန်၏
အုပ်ထိန်းသူပါ။

ကူမင် က ယန်ကဲဝူ ကို
တစ်ချက်ကြည့်လိုက်ပြီး
"မင်းကိုယ်တိုင်လာဖို့
ငါမမျှော်လင့်ထားဘူး။ ဒါပေမဲ့
သူတို့ကိုမသတ်ဖို့ မင်းငါ့ကို တားနိုင်
ပါ့မလား"ဟုပြောပါသည်။

"မရဘူး" ယန်ကဲဝူ က "ဒါပေမဲ့ ငါတို့ မျိုးနွယ်စု ၈ ခုလုံးက ချမှတ်ထားတဲ့ စည်းမျဉ်းကို မင်း ချိုးဖောက်ရင် ငါ့ယန်ကလန်က ဒီစည်းမျဉ်းကို လိုက်နာမှာ မဟုတ်တော့ဘူး။ ငါ့ယန်ကလန်ရဲ့ ဂျူနီယာမျိုးဆက်တွေကို မင်းသတ်ရင် မင်းရဲ့ ကူကလန် ကိုလည်း ငါပြန်သတ်မယ်။

အသက်တစ်ခုအတွက်အသက်တစ်ခု။
ဒါဟာ ထိုက်တန်တဲ့ လဲလှယ်မှုပဲ”

မဟာကလန်ကြီး (မျိုးနွယ်စုကြီး) ၈ ခုဟာ
မျိုးနွယ်စုအသီးသီးမှ
အဆင့်မြင့်အာဏာပိုင်များအား
သက်ဆိုင်ရာ လူငယ်မျိုးဆက်များကို
တိုက်ခိုက်ခြင်းမပြုရဟူသော
စည်းမျဉ်းတစ်ခု ချမှတ်ထားခဲ့သည်။
လုံးလုံးမတားနိုင်သော်လည်း

အနည်းဆုံးတော့ ပွင့်ပွင့်လင်းလင်း
မလုပ်နိုင်ကြတော့ပေ။

ကူမင် က ခဏမျှ တိတ်ဆိတ်သွားပြီး
"မင်းရဲ့ ယန်ကလန် က
စစ်ပွဲစချင်နေပြီလား"ဟုထပ်ပြောလိုက်
သည်။

ယန်ကဲဝူ က ပြန်မဖြေဘဲ ယန်ယဲ့ ကို စိုက်ကြည့်ရင်း "မင်းဘယ်လိုထင်လဲ"ဟုမေးလိုက်သည်။

ယန်ယဲ့ က ခဏကြာ စဉ်းစားပြီး “မင်း သူနဲ့တိုက်ခိုက်လို့ရတယ်။ ငါတော့ အိမ်ပြန်လိုက်မယ်လေ"ဟုပြန်ဖြေပါသည်။

ယန်ယဲ့ ပြောလိုက်သည့် စကားကို

ကြားသောအခါ ယန်ကဲဝူ က

မျက်တောင်များ တွန့်သွားသည်။ သူက

ယန်ယဲ့ ကို  အချိန်အတော်ကြာ

စိုက်ကြည့်ပြီး "မင်း တော်တော်

အရှက်မရှိတာကို ငါ

သတိမထားမိလိုက်ဘူး"ဟုပြန်ပြောလိုက်

သည်။

ယန်ယဲ့ လည်း ယန်ကဲဝူ ပြန်ပြောသည့်

စကားကြောင့်

မျက်နှာရှုံ့မဲ့သွားတော့သည်။

ယန်ကဲဝူ က ကူမင် ကို လှည့်ကြည့်ပြီး

"ကူမင်၊ မင်းက ကူကလန် ကို

ကိုယ်စားပြုနိုင်မလား"

ကူမင် က "သူတို့က ငြင်းရင်

ငါတစ်ယောက်တည်း တိုက်ခိုက်မယ်"

ယန်ကဲဝူ က "မင်းတို့ တိုက်ခိုက်ချင်ရင် ငါ မင်းကို အချိန်မရွေး လိုက်ပေးမယ်။ မင်းရဲ့ ကူကလန်က စစ်ပွဲစချင်ရင် ငါ့ယန်ကလန်က နောက်တွန့်နေမှာမဟုတ်ဘူး"

"ဒါဆို လာ..." ထိုစကားပြောပြီးသည်နှင့် ကူမင် က နေရာတွင်ပင် ပျောက်သွားသည်။

သူ တိုက်ခိုက်ပြီလား ။

ကူမင်က စပြီးတိုက်ခိုက်လာသဖြင့် ယန်ယဲ့၏မျက်နှာပေါ်တွင် လေးနက်သော အမူအရာ ပေါ်လာသည်။ သူက ကူမင်၏လှုပ်ရှားမှုတစ်ခုတစ်လေမျှပင် မမြင်လိုက်လို့ပါ။

အရမ်းသန်မာတယ် ။

ဒီအချိန်မှာ သူနှင့် အန်နန်ကျင်း
နှစ်ယောက်ပေါင်းတိုက်ခိုက်လျှင်ပင်
ကူမင်ကိုယှဉ်ဖို့မဖြစ်နိုင်မှန်းသိလိုက်သ
ည်။

သို့သော် ပုံမှန်ပါ။ ကူမင် က
နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်၏
အဆင့် ၃ ကျင့်ကြံသူပင်မဟုတ်ပါလား။
ထို့အပြင် မူလနတ်ဘုရားတစ်ပိုင်းအဆင့်

မှာကတည်းက မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူကို သတ်နိုင်ခဲ့သည်။

လက်ရှိအချိန်တွင် ကူမင် က

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူ

ဖြစ်နေပါပြီ။ ထိုသို့ဆိုလျှင် သူ့စွမ်းအားကို

မှန်းဆနိုင်လေသည်။

အတိုချုပ်ပြောရလျှင်

သူတို့နှစ်ယောက်လုံးက ကူမင် ကို

အဆင့်ကျော်တိုက်ခိုက်ဖို့က မဖြစ်နိုင်ပါ။

ရုတ်စွအဆုံး ကူမင်၏တိုက်ခိုက်မှုကိုပင်

အသည်းအသန်ခုခံရပေမည်။

ထို့အပြင် လက်ရှိသူက

ပြန်လည်မွေးဖွားခြင်းအဆင့်

သာဖြစ်လေရာ အဆင့်ကြီးနှစ်ဆင့်ပင်

ကွာဟနေခဲ့သည်။ ထို့ကြောင့် ကူမင် ကို

အဆင့်ကျော်တိုက်ခိုက်ဖို့က

လက်တွေ့မကျပေ။

အမှန်တိုင်းပြောရလျှင်တော့

ယန်ယဲ့လည်း သူ့အကန့်အသတ်ကိုတော့

ကောင်းကောင်းသိထား၏။ သူ့ကိုယ်သူ

သေလမ်းပို့မည်မဟုတ်ပေ။

ကူမင် ပျောက်သွားသည့်အခိုက် ယန်ကဲဝူ

လည်း နေရာမှာပင်

ဖျတ်ခနဲပျောက်သွားခဲ့သည်။

ပတ်ဝန်းကျင်ဟာ ခဏတာ

တိတ်ဆိတ်သွားသည် ။

ဂျိန်း...

မိုးချိန်းသံအလား ဗျောမပေါက်ကွဲသံကြီး

ကျယ်လောင်စွာ ပွဲ့တင်ထပ်လာ၏။

တစ်ချိန်တည်းတွင်

ကီလိုမီတာထောင်ချီသော

အာကာသပြင်ဟာ ပြင်းထန်စွာ

တုန်လှုပ်လာပြီး ကွဲအက်သွားသည်။

ယန်ယဲ့ သည်

အရင်ဆုံးအံ့အားသင့်သွားသော်လည်း

ခဏအကြာတွင်တော့

ဝမ်းသာသွားသည်။ အကယ်၍သာ

ထိုမျှကြီးမားသော

အာကာသပြင်ပြို့ကျလာပါက

သူ၏အမှောင်တာအိုဥပဒေသ နှင့်

ထိန်းချုပ်နိုင်ပါလိမ့်မည်။ ထိုအချိန်တွင်

သူက ကူမင် ကို မသတ်နိုင်သည့်တိုင်

ဒဏ်ရာအပြင်းအထန်ရသွားအောင်တော့

လုပ်နိုင်၏။

ထို့အပြင် အဘိုးအိုကူရုံ နှင့်

တတိယဦးလေးဆိုသူ ကိုပါ

တစ်ခါတည်းသတ်ဖြတ်နိုင်ပေမည်။

အကြောင်းကတော့ ထိုမျှကြီးမားသော

အာကာသတွင်းနက်ဟာ

မူလနတ်ဘုရားတစ်ပိုင်းအဆင့်

ကိုအသာထား၊ မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူပင် ခုခံနိုင်မှာမဟုတ်ပေ။

ယန်ယဲ့က

အာကာသပြင်ပြိုကျလာဖို့မျှော်လင့်နေစ

ဉ် အဘိုးအိုကူမင် နှင့် ယန်ကဲဝူ တို့ကြား

တိုက်ပွဲဟာ ရုတ်တရက်

ရပ်တန့်သွားသည်။ ထို့နောက်

ခဏအကြာမှာပဲ ကူမင်နှင့် ယန်ကဲဝူ

တို့နံဘေး၌ အဘိုးအိုနှစ်ယောက်

အသီးသီး ပေါ်လာကြသည်။

ကူမင်၏ နံဘေးမှ အဘိုးအိုက

ကူကလန်၏

အကြီးအကဲချုပ်တစ်ဖြစ်လည်း

ကူကလန်၏ ဒုတိယအုပ်ထိန်းသူ

ကူယူရှင်း ပါ။

ယန်ကဲဝူ၏ နံဘေးမှ အဘိုးအိုကတော့

အကြီးအကဲကောင်စီ၏

ခေါင်းဆောင်ဖြစ်သူ ယန်လင်း ပါ။

ထိုအချိန်တွင် ကူယူရှင်း က ပြုံးပြီး

"အစ်ကို ယန်လင်း၊

မတွေ့တာကြာပြီ"ဟုပြောလိုက်လေသည်

။

အဘိုးအိုယန်လင်း က ပြုံးပြီး

“နှစ်တွေအများကြီး ကြာခဲ့ပြီ။ ဒါပေမဲ့

ဒီလိုအခြေအနေမျိုးမှာ ဆုံတွေ့ဖို့

မမျှော်လင့်ထားဘူး”ဟုပြန်ပြောပါသည်။

ကူယူရှင်း က အနည်းငယ်

ခေါင်းညိတ်ပြပြီး "တကယ်ပါပဲ"

ထို့နောက် ယန်ယဲ့ကို  စိုက်ကြည့်ရင်း

"အစ်ကို ယန်လင်း၊ မင်းရဲ့ ဂျူနီယာက

အရမ်းကြောက်စရာကောင်းတာပဲ"ဟု ထပ်ပြောလိုက်သည်။

အဘိုးအိုယန်လင်း က ယန်ယဲ့ ကို တစ်ချက်ကြည့်လိုက်ပြီး "လူငယ်တွေဟာ သွေးပူပြီး စိတ်အားထက်သန်တယ်။ လွန်ခဲ့တဲ့နှစ်တွေတုန်းက ငါတို့လည်းအတူတူပဲ မဟုတ်လား"

ကူယူရှင်း က ခေါင်းညိတ်လိုက်သည်

"ဒါကို ငါနားလည်ပါတယ်။ ဒါပေမဲ့ လူတိုင်းဟာ သူတို့ရဲ့ လုပ်ရပ်အတွက် အကျိုးဆက်ကို ခံကြရမှာ မဟုတ်လား”

အဘိုးအိုယန်လင်းက ခေါင်းညိတ်ပြီး “အစ်ကိုကူ၊ ဒါအမှန်ပဲ” သူက ယန်ယဲ့ ကို စိုက်ကြည့်ကာ " ကူကလန် က မင်းကိုသတ်ဖို့ မူလနတ်ဘုရားတစ်ပိုင်းအဆင့်

သုံးယောက်နဲ့ သူတို့ရဲ့ အုပ်ထိန်းသူကို စေလွှတ်ရလောက်တဲ့အထိ မင်းဘာလုပ်ခဲ့တာလဲ ငါ့ကို ပြောပြပါ"

ယန်ယဲ့ က ခဏမျှစဉ်းစားလိုက်ပြီး "ကူကလန် က ငါ့ကို မဟုတ်မမှန်စွပ်စွဲပြီး ဒုက္ခပေးချင်နေတာ" ဟု ပြန်ဖြေလိုက်သည်။

ထို့နောက် ဖြစ်ပျက်ခဲ့သမျှကို

ပြောပြလိုက်သည်။ ဒီအချိန်မှာ သူက

ချဲ့ကားမပြောတော့ပေ။

အကြောင်းကတော့ လက်ရှိလူတိုင်းဟာ

လူမိုက်များမဟုတ်လို့ပါ။

အဖြစ်မှန်ထက် ချဲ့ကားပြောလိုက်လျှင်

သူ့အပေါ်

သံသယဝင်သွားမည်မှာသေချာပါသည်။

ယန်ယွဲ့က “တကယ်တော့

အဖြစ်ကဒီလိုပါ။

ငါက သူတို့ရဲ့

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို

ခိုးယူတယ်လို့ အထင်မှားနေကြတာ။

ဒီတော့ ငါက

သူတို့စိတ်တိုင်းကျရှာဖွေခွင့်ပြုလိုက်တ

ယ်။ ဒါပေမဲ့ သူတို့က

ငါ့ရဲ့အသိစိတ်ပင်လယ်ထဲကိုပါ

ထပ်ပြီးရှာဖွေချင်နေကြတာ”ဟုပြောလို
က်ပါသည်။

အဘိုးယန်လင်းက "ဒါဆို
ကူကလန်ရဲ့အဖွဲ့ဝင်ကို
ဘာလို့သတ်လိုက်တာလဲ"ဟုမေးလိုက်သ
ည်။

ယန်ယဲ့ က မတတ်သာသောလေသံဖြင့်
ပြန်ပြောလိုက်၏ "ငါ့မှာ

တခြားရွေးချယ်စရာ မရှိတော့ဘူး။

ငါ့အသိစိတ်ပင်လယ်ကို

ဝင်ရှာဖို့လုပ်နေတာကို ငြင်းတော့

သူတို့က အတင်းအကြပ်လုပ်ဖို့ ကြံတယ်။

ဒါကြောင့် ဟိုပိတ်စဝတ်ထားတဲ့

အဘိုးအိုက ငါ့ကိုတိုက်ခိုက်လာတယ်။

ငါက ကိုယ့်ကိုယ်ကို ကာကွယ်တဲ့အနေနဲ့

ခုခံဖို့ကလွဲပြီး

ရွေးချယ်စရာမရှိတော့ဘူး။ ပြောရရင်

ဘယ်သူ့ကိုမှ မသတ်ဘဲ

ဒီအတိုင်းပြီးသွားဖို့မှန်းထားတာပါ။

ဒီလူအိုကြီးက ဒီလောက် အားနည်းပြီး

ခဏလေးနဲ့သေသွားမယ်လို့တော့

မမျှော်လင့်ထားဘူး။ ဟုတ်ပါတယ်၊

အဲဒါအတွက် သူ့ကို အပြစ်ပြောလို့

မရပါဘူး။သန်မာလွန်းတာ ငါ့အပြစ်ပဲ"

ယန်ယဲ့ ပြောလိုက်သည့်စကားကို

ကြားသောအခါ လူတိုင်း၏

အမှုအရာများက မယုံနိုင်စရာ
ဖြစ်သွားသည်။ နောက်ဆုံးတွင် ယန်ယဲ့
ပြောလိုက်သည့်အဓိပ္ပါယ်ဟာ
ကူကလန်ကို
မျက်နှာဖြတ်ရိုက်လိုက်သလိုပင်။

"ဘယ်လိုပြောရမလဲ မသိတာလား"
ထိုအချိန်တွင် အဘိုးအိုယန်လင်း က
ယန်ယဲ့အား ကဲ့ရဲ့ပြီး "မင်း
အရမ်းသန်မာတယ်လို့ မင်းထင်လား။

မင်းမှာ ခွန်အားတွေရှိလို့

မင်းကျေနပ်သလို လုပ်နိုင်မယ် မထင်နဲ့။

ဒီလောကမှာ မရေမတွက်နိုင်တဲ့

စွမ်းအားရှင်တွေ အများကြီးရှိတယ်။

ဒါ့အပြင် မင်းထက် သန်မာတဲ့သူတွေ

မရေမတွက်နိုင်အောင်ပဲ"

“ဟုတ်တယ်၊ ဟုတ်တယ်" ယန်ယဲ့ က

ကမန်းကတန်း ခေါင်းညိတ်လိုက်သည်။

သူ့အမူအရာက

သင်ခန်းစာယူနေသလိုပါ။ ဘေးကို ခပ်ယို့ယို့လေးကပ်နေလိုက်သည်။

အဘိုးအိုယန်လင်း က ယန်ယဲ့ ကို ကြည့်ပြီးနောက် ကူယူရှင်း ကို စိုက်ကြည့်ရင်း " အစ်ကိုကူ၊ ငါ ဒီကိစ္စကို အကြမ်းဖျင်း နားလည်ပြီ ။ ငါ့ဂျူနီယာက မင်းရဲ့စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို ကုသပေးခဲ့တယ်။ ပြီးတော့ သစ်ပင်က ပျောက်ကွယ်သွားတယ်။ အဲဒီ့နောက်မှာ

မင်းတို့က သူ့မှာရှိနေတယ်လို့ သံသယဝင်တယ်။ ဒီတော့ သူ့ကိုဒုက္ခပေးတယ်။ ဒါပေမဲ့ ငါ့ဂျူနီယာက သူနဲ့မဆိုင်ဘူးလို့ ပြောတယ်"

ကူယူရှင်း က တတိယဦးလေးကို လှည့်ကြည့်လိုက်သည်။ တတိယဦးလေး က

“စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်က သူ့ရဲ့ ဆန်းကြယ်ချီစွမ်းအင်ကို သဘောကျနေတယ်။ အစကတည်းက သူ့နောက်ကို လိုက်ချင်နေတာ။ ငါတို့က တားထားလိုက်တယ်။

ဒါပေမဲ့ ဒီသစ်ပင်က အာကာသပိတ်လှောင်ထားတာကို ချိုးဖျက်ပြီးတော့ ထွက်ပြေးသွားမယ်လို့မထင်ထားဘူး"

တတိယဦးလေးက

စကားခဏလောက်ရပ်ပြီး "အဲဒါကို

ငါတို့လိုက်ဖမ်းတုန်းက ငါတို့မြင်တာက

သူပဲ။ ဒီတော့

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်က

သူ့ရဲ့အသိစိတ်ပင်လယ်ထဲမှာ

သေချာပေါက်ရှိနိုင်တယ်။

ဘာကြောင့်လဲဆိုတော့ သူ့ရဲ့

သိုလှောင်လက်စွပ်ထဲကို

ငါတို့ရှာဖွေလိုက်တော့ဘာမှမတွေ့ခဲ့ရဘူး ။ အဲဒီထဲမှာ မရှိဘူး။ ဒီတော့ သူ့ရဲ့အသိစိတ်ပင်လယ်ထဲမှာ ရှိနိုင်တယ်"

ကူယူရှင်း က ယန်ယဲ့ ကို စူးစိုက်ကြည့်လိုက်သည်။

သို့သော် ယန်ယဲ့ က "ဒါဟာ ငါ့ရဲ့ အသိစိတ်ပင်လယ်ထဲမှာ မဟုတ်ပါဘူး"

ကူယူရှင်း က အဘိုးအိုယန်လင်းကို

စိုက်ကြည့်ကာ ယန်ယွဲ့ကို စိုက်ကြည့်ရင်း

"မင်းရဲ့ အသိစိတ်ပင်လယ်ထဲမှာ

တကယ်ပဲ

မရှိဘူးလား"ဟုထပ်မေးလိုက်သည်။

May Be:

၁၉၉၇ (A)

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၉၇ - လောင်းကြေးထပ်

ယန်ယဲ့ က ကူယူရှင်း နှင့်

အခြားသူများကို

လှည့်ပတ်ကြည့်လိုက်ပြီး

"ငါဘာပဲပြောပြော မင်းတို့ငါ့ကို

ယုံမှာမဟုတ်ဘူးဆိုတာ ငါသိတယ်။ ဒါဆို

ငါတို့ ဒါကို ဘယ်လိုလုပ်မလဲ။ မင်းကို

ငါ့အသိစိတ်ပင်လယ်ထဲ

ဝင်ပြီးရှာခွင့်ပြုမယ်။

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင် ကို

တွေ့ရင်...”

အဘိုးအိုယန်လင်း က ရုတ်တရက်

ပြောသည် "သူတို့တွေ့ရင် ငါမင်းကိုသတ်

မယ်"

"ဒါကို
ငါကလိမ်ညာစရာလို့လား။ဘာအတွက်
လဲ" ယန်ယဲ့က ပြန်မေးလိုက်သည်။

အဘိုးအိုယန်လင်း က ခေါင်းညိတ်ရင်း
ယန်ယဲ့ကို စိုက်ကြည့်လိုက်ပြီး "မင်းမှာ
မရှိတာသေချာရင်
တစ်ခုတော့ပြောရလိမ့်မယ်။ မင်းရဲ့
ခန္ဓာကိုယ်က အင်မော်တယ်အဆင့်
မှာရှိနေပြီ။ နောက်တစ်ဆင့်ရောက်ရင်

ထာဝရအဆင့် ။ ဒါပေမဲ့

ထူးခြားတဲ့ကံကြမ္မာနဲ့မတွေ့ရင်တော့

ထာဝရအဆင့် ကို ရောက်ဖို့က

အတော်လေးခက်မယ်"ဟု ပြောပါသည်။

ထိုအချိန်တွင် သူက

စကားကိုခဏရပ်လိုက်ပြီး ကူယူရှင်း ကို

စူးစိုက်ကြည့်ကာ "ငါ့အသိအရ ကူကလန်

မှာ အဖိုးတန်ရတနာတစ်ခုဖြစ်တဲ့

ငရဲဝိညာဉ်သစ်သီးရှိတယ်ထင်တယ်။

အစ်ကိုကူ၊ သူ့ရဲ့အသိစိတ်ပင်လယ်ထဲမှာ စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို ရှာမတွေ့ရင် ငရဲဝိညာဉ်သစ်သီးကို ပေးနိုင်မလား"

ကူယူရှင်း နှင့် ကူကလန်မှ အာဏာပိုင်များ၏ အမူအရာများက အနည်းငယ် အဆင်မပြေဖြစ်သွားသည်။

ငရဲဝိညာဉ်သစ်သီးလား။

သာမန်ရတနာတစ်ခုမဟုတ်ပေ။ ၎င်းက

မူလအဆင့်

ရတနာတစ်ခုမဟုတ်သော်လည်း

သာမန်ထာဝရအဆင့်ရတနာနှင့်

နှိုင်းယှဉ်နိုင်သည့်အရာမဟုတ်ပါ။

ကူကလန် အတွက်ပင် အဖိုးတန်လှသည်။

တစ်ချိန်တည်းမှာပဲ အဘိုးအိုယန်လင်းက

ရုတ်တရက် ဆက်ပြောသည် “အစ်ကိုကူ၊

ဒီလူငယ်လေး ပိုင်ဆိုင်တဲ့ အလားအလာနဲ့
သဘာဝအရည်အချင်းတွေကို မင်း
သတိထားမိမှာ သေချာပါတယ်။
ငါ့ယန်ကလန်ရဲ့အမြင်ကတော့
ငရဲဝိညာဉ်သစ်သီးဆယ်လုံးတောင် သူနဲ့
ယှဉ်လို့မရပါဘူး။ ဒါပေမဲ့ ကူကလန်
အတွက်တော့
စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်က
ဘာကိုဆိုလိုလဲဆိုတာကို ငါသိပါတယ်။

ဒါကြောင့် သူ့အသက်ကို မင်းလက်ထဲမှာ ယာယီထားဖို့ ဆန္ဒရှိနေတယ်"

သူက စကားဆက်မပြောခင် ခဏလောက် ရပ်ပြီး "သူ့ရဲ့ အသိစိတ်ပင်လယ်ထဲမှာ စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို တွေ့ရင် မင်းဘာမှ လုပ်စရာ မလိုတော့ဘူး။ ငါကိုယ်တိုင် သူ့ကို သတ်ပစ်မယ်။ ဒါပေမဲ့ မင်းမတွေ့ရင် ငရဲဝိညာဉ်သစ်သီးနဲ့

လျှော်ကြေးပေးပါ။ ဒါဟာ

ငါ့ယန်ကလန်ကို  ဒီအခြေအနေကနေ

သက်သာရာရအောင်လို့ မထင်ဘူးလား"

ယန်ယဲ့သည် ခဏတာ တုံ့ဆိုင်းသွားကာ

စကားစရန်ပြောသော်လည်း

ပြောခါနီးမှရပ်တန့်သွားသည်။

သူ၏လေသံက သိမ်မွေ့သော်လည်း

ကူကလန်၏ကျင့်ကြံသူများက

သေချာပေါက်သတိထားမိနိုင်ပေသည်။

ကူယူရှင်းက ယန်ယဲ့ ကို
စိုက်ကြည့်ပြီးနောက် တတိယဦးလေး ကို
စိုက်ကြည့်နေသည်။ တတိယဦးလေး က
အနည်းငယ်ခေါင်းညိတ်ကာ
စကားပြောရန်ပြင်လိုက်၏။

သို့သော်လည်း ယန်ယဲ့သည် ရုတ်တရက်
အေးစက်စွာ ရယ်မောလိုက်ကာ
"စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင် ဟာ

ငါ့လက်ထဲမှာမရှိပါဘူး။

မင်းတို့ငါ့ကိုဘာလို့မယုံတာလဲ။

ကူကလန်ရဲ့ အကြီးအကဲတွေ၊

ငါဘယ်တော့မှ မလိမ်ဘူးဆိုတော့

ဒီတစ်ခါတော့ ငါ့ကိုယုံစေချင်တယ်"

ကူယူရှင်း က ယန်ယဲ့ ကို ဂရုမစိုက်ဘဲ

စိုက်ကြည့်ရင်း "မင်း တစ်ချိန်လုံး

လိမ်ညာနေလို့ မလိမ်ဘူးပြောတာ

ဟုတ်တယ်မလား"

ယန်ယွဲ့ သည် စကားမပြောနိုင်တော့ပေ။

ထိုအချိန်တွင် ကူယူရှင်း က အဘိုးအိုယန်လင်း ကို စိုက်ကြည့်ကာ "ကောင်းပြီ၊ ငါ သဘောတူပါတယ်။ ဒါပေမဲ့ ငါကိုယ်တိုင် သူ့ကို ရှာဖွေချင်ပါတယ်"

အဘိုးအိုယန်လင်း က ယန်ယဲ့ ကို စိုက်ကြည့်ပြီး "ဒါနဲ့ပတ်သက်လို့ ပြဿနာတစ်ခုခုရှိလား" ဟု ဆက်မေးလိုက်သည်။

ယန်ယဲ့ က နှုတ်ဆိတ်နေခဲ့သည်။

ယန်ယဲ့ တိတ်ဆိတ်သွားသည်ကိုမြင်လိုက်သော အခါ တတိယဦးလေး၏ ပါးစပ်ထောင့်မှ

အေးစက်သောအပြုံးတစ်ခု

ပေါ်လာခဲ့သည်။ အဘိုးအိုကူယူရှင်း၏

မျက်နှာမှာလည်း

ငြိမ်သက်သွားလေသည်။

ထိုအချိန်တွင် ယန်ယဲ့ သည်

တိတ်ဆိတ်နေရုံမျှမက သူ၏

ဆန်းကြယ်ချီစွမ်းအင်များကိုပင်

လျှို့ဝှက်စွာ ထုတ်ဖော်ထားလိုက်သည်။

ယန်ယဲ့ထံမှ ဆန်း

ကြယ်ချီစွမ်းအင်အငွေ့အသက်ကို
အာရုံခံမိသဖြင့် အဘိုးအိုယန်လင်း နှင့်
ယန်ကဲဝူ တို့နှစ်ယောက်လုံး အနည်းငယ်
မျက်နှာပျက်သွားကြသည်။

အခြားတစ်ဖက်တွင်တော့
တတိယဦးလေး နှင့် ကူယူရှင်း
တို့၏မျက်နှာများက
ထူးဆန်းသောအပြုံးများရှိနေသည်။

ထိုအချိန်တွင် ကူယူရှင်း က "မင်းဒါကို

မင်းကိုယ်တိုင် ပြန်လွှဲပေးရင်

ယန်ကလန်ကိုယ်စား ငါက မင်းအသက်

ကို ကယ်လိုက်မယ်။ ဒါပေမယ်လို့

မင်းဟာ ငါနဲ့အတူ ကူကလန် ကို

လိုက်လာရမယ်။ ငါ့ကူကလန်ရဲ့

အဖွဲ့ဝင်တွေဟာ ဘာအတွက်နဲ့မှ

မသေနိုင်ဘူး။ ဒီတော့ မင်းဟာ

သူ့ရဲ့အုတ်ဂူမှာ နှစ်ပေါင်း ၂၀
တိတိစောင့်နေရမယ်။ မင်း...”

"ငါ့ကိုရှာပါ" ယန်ယဲ့က
ရုတ်တရက်ပြောလိုက်သည်။

အဘိုးအိုကူယူရှင်း၏ မျက်လုံးများက
အနည်းငယ် ကျဉ်းမြောင်းသွားသည်။
သူက ယန်ယဲ့ ကို အချိန်အကြာကြီး
စိုက်ကြည့်ပြီး

ခေါင်းညိတ်လိုက်သည်။ထို့နောက်တွင်
သူ၏ နှတ်ဘုရားစိတ်အာရုံဟာ
ပျံ့လွင့်လာပြီး ယန်ယဲ့၏နဖူးအလယ်ကို
ဝင်ရောက်လာသည်။

ဤအခိုက်အတန့်တွင် လူတိုင်း၏
အကြည့်များသည် ယန်ယဲ့အပေါ်သို့
ကျဆင်းသွားသည်။

ယန်ယဲ့၏အမူအရာသည် အပြင်ပန်းမှာ
တည်ငြိမ်နေသော်လည်း စိတ်ထဲ၌
အနည်းငယ် ထိတ်လန့်နေပါသည်။
ကူယူရှင်းက မူလနတ်ဘုရားအဆင့်
ကျင့်ကြံသူဖြစ်နေလို့ပါ။
မူလစေတီ၏စွမ်းအားကို
ယုံကြည်သည့်တိုင်အောင်
အနည်းငယ်တော့ စိုးရိမ်နေသေး၏။
အကယ်၍ ကူယူရှင်း သာ တစ်ခုခုကို

သတိပြုမိသွားလျှင်တော့ သူ့အနေဖြင့်

ပြီးသွားပါပြီ။ ထိုအချိန်တွင်

အခြေအနေဟာ

ထိန်းမနိုင်သိမ်းမရဖြစ်သွားပေမည်။

ခဏအကြာတွင်တော့ ကူယူရှင်း၏

အမူအရာဟာ တဖြည်းဖြည်း

ဆိုးရွားလာသည်။

ထိုမြင်ကွင်းကို မြင်သောအခါ

အဘိုးအိုယန်လင်း နှင့် ယန်ကဲဝူ၏

မျက်နှာပေါ်မှအမူအရာဟာ

တဖြည်းဖြည်း လျော့ပါးလာသည်။

အချိန်အနည်းငယ်

ထပ်ကြာပြီးနောက်တွင် ကူယူရှင်း၏

နတ်ဘုရားစိတ်အာရုံအသိက

ပြန်ရုတ်သိမ်းသွားခဲ့သည်။

ထို့နောက် ကူယူရှင်း၏အကြည့်က ယန်ယဲ့၏ဝမ်းဗိုက်ဆီသို့ ရုတ်တရက် ဆင်းသက်လာကာ "ခဏနေ။ ဟိုမှာ တစ်ခုခုတော့ ရှိတယ်"

ကူယူရှင်း ပြောလိုက်သည့် စကားကြောင့်လူတိုင်း ယန်ယဲ့၏ဝမ်းဗိုက်အောက်ပိုင်းနေရာကို စိုက်ကြည့်ကြသည်။ ယန်ယဲ့၏

အမှုအရာသည်လည်း
ပြောင်းလဲသွားသည်။

ဤနေရာမှ လေထုဟာ ချက်ချင်းပင်
တင်းမာလာသည်။

ထိုအချိန်တွင် ယန်ယဲ့၏ဝမ်းဗိုက်က
လှုပ်ရှားလာပြီး ဝတ်ရုံအောက်မှ
အဖြူရောင် ခြေသည်းတစ်စုံ
ဆန့်ထွက်လာသည်။ သိပ်မကြာလိုက်ပါ၊

ခေါင်းသေးသေးလေး
ပြူထွက်လာပါသည်။

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်တော့မ
ဟုတ်ပေ၊ နှင်းပွင့်လေးပါ။

နှင်းပွင့်လေးက လူတိုင်းကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
ခေါင်းသေးသေးလေးကိုငုံ့ကာ

ယန်ယဲ့၏ဝတ်ရုံကြားထဲကို

ပြန်ဝင်သွားသည်။

"ဝိညာဉ်အင်ပါယာတစ်ယောက်လား"

နှင်းပွင့်လေးကို မြင်သောအခါ

ကူယူရှင်း၏မျက်လုံးထဲမှ

အံ့သြမှုတစ်ခုပေါ်လာသည်။

သို့သော်လည်း ခဏအကြာမှာပဲ

သူ့မျက်နှာက ညို့မှိုင်းသွားတော့သည်။

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ဟာ

ယန်ယဲ့၏အသိစိတ်ပင်လယ်ထဲမှာလည်း

ရှိမနေလို့ပါ။

အဘိုးအိုကူရုံ နှင့် တတိယဦးလေး၏

မျက်နှာများကလည်း အုံ့မှိုင်းသွားသည် ။

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို

မတွေ့သောကြောင့် ကူကလန်က

လောင်းကြေးရှုံးသွားလေပြီ။

လောင်းကြေးက

ကြီးကြီးမားမားမဟုတ်သော်လည်း

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကတော့

မရှိတော့ပါ။

ယန်ယဲ့ သည်နှင်းပွင့်လေး၏ခေါင်းကို

ပွတ်သပ်ပြီး ကူယူရှင်း ကို စိုက်ကြည့်ကာ

"အကြီးအကဲကူ ၊ မင်းကတိပေးထားတဲ့

ငရဲဝိညာဉ်သစ်သီးက ဘယ်မှာလဲ "

ကူယူရှင်း က ယန်ယဲ့ ကို

အချိန်အကြာကြီး စိုက်ကြည့်ပြီးနောက်

အနည်းငယ်ခေါင်းညိတ်ကာ

အနက်ရောင်သစ်သီးတစ်လုံး

ပစ်ပေးလိုက်သည်။ သို့သော်လည်း

ယန်ယဲ့ဆီမရောက်ခင်

အဘိုးအိုယန်လင်းက သူ့ညာလက်ကို

ဝှေ့ယမ်းပြီး ယူလိုက်သည်။ ယန်ယဲ့သည်

အဘိုးအိုယန်လင်း ကို

နားမလည်နိုင်သောပုံစံဖြင့်စိုက်ကြည့်လို က်သည်။

အဘိုးအိုယန်လင်း က ဂရုမစိုက်ဘဲ ကူယူရှင်း ကိုသာ စိုက်ကြည့်ရင်း " အစ်ကိုကူ ၊ ဒီမှာပဲ အဆုံးသတ်ပါရစေ။ အဆင်ပြေလား"ဟုပြောလိုက်သည်။

ကူယူရှင်းက တဟားဟားရယ်ပြီး "နှုတ်ဆက်ပါတယ်"

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက်
နောက်လှည့်ကာ ကူကလန်၏အဖွဲ့ဝင်များ
နှင့်အတူ နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

ထိုအချိန်တွင် အဘိုးအိုယန်လင်းနှင့်
ယန်ကဲဝူ တို့ဟာ
အနည်းငယ်မျက်နှာပျက်သွားကြသည်။

အဘိုးအိုယန်လင်း က

အချိန်တော်တော်ကြာငြိမ်သက်နေပြီးမှ

ယန်ယဲ့ အား ရုတ်တရက်စိုက်ကြည့်ကာ

"မင်း ကူကလန်ကို ဘာလို့

စော်ကားတာလဲ"

ယန်ယဲ့ က အံ့သြသွားပြီး

"မင်းဘာကိုဆိုလိုတာလဲ"

"ဘာကိုဆိုလိုတာလဲ ဟုတ်လား" ယန်ကဲဝူ

ရုတ်တရုတ်ပြောလိုက်သည် "ကလေး၊ အခုလေးတင် သေလုနီးပါးဖြစ်နေပြီဆိုတာ မင်းသဘောပေါက်လား"

ယန်ယွဲ့ က အနည်းငယ် ခေါင်းညိတ်လိုက်သည် “သိပါတယ်”

ယန်ကဲဝူ က အဘိုးအိုယန်လင်း ကို တစ်ချက်ကြည့်ရင်း ဆက်ပြောသည်

“လုံလောက်ပါပြီ။ ဒီကလေးက ကူကလန်
အကြောင်းကို ဘာမှမသိဘူး။
မင်းပြောပြရင်တောင်
ဘာမှထူးလာမှာမဟုတ်ဘူး "

ထို့နောက် သူက ယန်ယဲ့ကို ငုံ့ကြည့်ပြီး
ခေါင်းခါလိုက်ပြီး "မသိတဲ့သူက
မကြောက်တတ်ဘူး"ဟုပြောလိုက်သည်။

ယန်ယဲ့ က စကားပြန်မပြောဘဲ

နှုတ်ဆိတ်နေခဲ့သည်။

.May Be:

၁၉၉၇ (B)

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၉၇ - ကယ်တင်ခြင်း

ထိုအတောအတွင်း အဘိုးအိုယန်လင်းက
ယန်ယွဲ့ကို စိုက်ကြည့်ကာ
“ကူမျိုးနွယ်စုက များသောအားဖြင့်
နှိမ့်ချနေထိုင်တတ်တယ်။ ဒါပေမဲ့ သူတို့ရဲ့
အရင်းအမြစ်နဲ့ အရန်အင်အားတွေက
နက်ရှိုင်းတယ်။ရှေးဟောင်းခေတ်ဦးတုန်း
က ဒီစကြာဝဠာမှာ မျိုးနွယ်စုကြီး ၈ ခု
မရှိဘူး။ အဲဒီတုန်းက

မဟာမျိုးနွယ်စုကြီးတစ်ခုပဲရှိတယ်။

ဘယ်မျိုးနွယ်လဲ သိလား"

ယန်ယဲ့ က "ကူမျိုးနွယ် လား"

အဘိုးအိုယန်လင်းက အနည်းငယ်

ခေါင်းညိတ်လိုက်သည် “ဟုတ်တယ်...

ကူမျိုးနွယ်။ မတော်တဆဖြစ်ရပ်ကြောင့်

ကွဲထွက်သွားတာ၊ ဒါဟာ

တခြားမျိုးနွယ်စုတွေ အင်အားကြီးလာဖို့

အခွင့်အရေးပေးသလိုဖြစ်သွားတယ်။

အဲဒီနောက်မှာတော့ ကူကလန် က

သူ့ကိုယ်သူ ပိုလို့တောင်

ထိန်းထားခဲ့တယ်။ ဒါပေမဲ့

လက်ရှိခေတ်ရဲ့ မဟာအင်အားကြီး

ယင်မျိုးနွယ်စုနဲ့တခြားမျိုးနွယ်စုကြီးတွေ

အကုန် ကူကလန် ကို

လွယ်လွယ်နဲ့ပြဿနာမရှာရဲကြဘူး။

ဘာလို့လဲ သိလား"

ယန်ယဲ့ က အလျင်စလိုမေးလိုက်သည်

"ဘာလို့လဲ"

အဘိုးအိုယန်လင်းက

“ရှေးဟောင်းမျိုးနွယ် ဆိုတာ

ကူမျိုးနွယ်က ဆင်းသက်လာလို့ပဲ” ဟု

လေးနက်စွာ ပြောလိုက်ပါသည်။

"ရှေးဟောင်းမျိုးနွယ်စုလား" ယန်ယဲ့ က

အံ့ဩသွားသည်။ ချုန်းချီ

ပြောသည့်စကားထဲမှ

ကြားဖူးထားသော်လည်း

သိပ်တော့နားမလည်ခဲ့ပါ။

အဘိုးအိုယန်လင်း က

“လွန်ခဲ့တဲ့နှစ်တွေမှာ   ဒီစကြဝဠာမှာ

လူသားတွေ ပထမဆုံး ပေါ်လာတယ်။

လူသားမျိုးနွယ်ဟာ

နဂါးငွေ့တန်းကြယ်စင်စုရဲ့

သက်ရှိသတ္တဝါတွေထဲမှာ

အအားနည်းဆုံးမျိုးနွယ်ပဲ။လူသားမျိုးနွယ်ဟာ တစ်ချိန်တုန်းက ကျွန်ခံပြီး သတ်ဖြတ်ခံခဲ့ရတယ်။ ဒါဟာ ထူးခြားတဲ့ လူသားစွမ်းအားရှင်တွေ ပေါ်လာတဲ့အထိတောင်မှ ဆက်ဖြစ်နေသေးတယ်။

နောက်ပိုင်းမှာ လူသားမျိုးနွယ်က ကျင့်ကြံရေးနည်းလမ်းတွေ၊

တိုက်ခိုက်ရေးနည်းလမ်းတွေ

မျိုးစုံအောင်ဖန်တီးခဲ့ကြတယ်။

ပြီးတော့ လူသားမျိုးနွယ်ဟာ

တခြားမျိုးနွယ်ခြားတွေရဲ့

အနိုင်ကျင့်ဖိနှိပ်တာကနေ

တဖြည်းဖြည်းနဲ့

လွတ်မြောက်လာခဲ့တယ်”

အဘိုးအိုယန်လင်းက

စကားပြောနေရင်းဖြင့် ကောင်းကင်ကို

မော့ကြည့်ကာ အချိန်အတော်ကြာ

တိတ်ဆိတ်သွားသည်။ ထို့နောက် သူက

ဆက်ပြောခဲ့သည် “အဲဒီလူအုပ်စုက

ကျင့်ကြံရေးနည်းစနစ်မျိုးစုံကို

ဖန်တီးခဲ့တဲ့အပြင် သူတို့ဟာ

ငါတို့လူသားမျိုးနွယ်ရဲ့

လူသားယဉ်ကျေးမှုကိုပါ ဖန်တီးခဲ့တာပါ။

တရားမျှတမှုနဲ့ သစ္စာစောင့်သိမှုတို့ပါ
ဖန်တီးပေးခဲ့တယ်။ အဲဒီအချိန်ဟာ
ငါတို့လူသားမျိုးနွယ်ရဲ့
အခမ်းနားဆုံးကာလလို့ဆိုရမှာပေါ့။
ပြောရရင်တော့ သူတို့ဟာ
လူသားမျိုးနွယ်ရဲ့
အစောဆုံးလူသားတွေ၊တစ်နည်းပြောရင်
ရှေးဟောင်းမျိုးနွယ်ပေါ့”

လူသားယဉ်ကျေးမှုကို ဖန်တီးခဲ့တာလား။

ယန်ယဲ့ က ရှေးဟောင်းမျိုးနွယ်

နှင့်ပတ်သက်၍

လေးနက်သောကြည်ညိုမှုခံစားလိုက်ရသ

ည်။ အကယ်၍ လူသားမျိုးနွယ်သည်

လူသားယဉ်ကျေးမှုကို မဖန်တီးနိုင်ခဲ့လျှင်

မည်မျှဆိုးရွားသနည်း။

နောက်ဆုံးအနေနဲ့ ပြောရလျှင်

ရှေးဟောင်းမျိုးနွယ်ဟာ

လူသားမျိုးနွယ်၏

ဘိုးဘေးများဟုပင်ဆိုနိုင်လေသည်။

ထိုအတောအတွင်း အဘိုးအိုယန်လင်း က

ဆက်ပြော၏။ "ကံမကောင်းစွာပဲ၊

မသိရတဲ့ အကြောင်းအရင်းတစ်ခုကြောင့်

သူတို့ ပျောက်သွားတယ်။ ဒါ့အပြင်

မပျောက်ခင်မှာ အချင်းချင်း ရန်ဖြစ်

သတ်ဖြတ်ခဲ့ကြသေးတယ်"

" အချင်းချင်း ရန်ဖြစ်

သတ်ဖြတ်နေကြတာလား " ယန်ယွဲ့က

အနည်းငယ် မျက်မှောင်ကြုတ်ကာ

"ဘာကိုဆိုလိုတာလဲ"

အဘိုးအိုယန်လင်း က ခေါင်းခါလိုက်ပြီး

“အသေးစိတ်တော့ ငါလည်းမသိဘူး။

ဘာကြောင့်လဲဆိုတော့

ရှေးဟောင်းမျိုးနွယ်နဲ့ ပတ်သက်တဲ့

မှတ်တမ်းတွေ အရမ်းနည်းတယ်။

ငါတို့ယန်ကလန်ရဲ့သမိုင်းမှာ အဲဒါတွေကို မှတ်တမ်းတင်ထားတာမရှိဘူး၊ ငါတို့သိတဲ့ တစ်ခုတည်းသော အကြောင်းအရင်းက သူတို့ရဲ့ အတိတ်က နယ်မြေအပျက်အစီးတွေထဲမှာ ကျန်ရစ်ခဲ့တဲ့ မှတ်တမ်းတိုတွေကြောင့်ပဲ”

သူက ဆက်မပြောခင် ခဏမျှရပ်လိုက်ပြီး

“တစ်ယောက်နဲ့တစ်ယောက်
တိုက်ခိုက်ရတဲ့ အကြောင်းရင်းက
အမြင်ချင်း မတူတာကြောင့်
ဖြစ်လိမ့်မယ်။ တိုတိုပြောရရင်
အရေးမကြီးပါဘူး။ အရေးကြီးတာက
တစ်ချိန်က ရှေးဟောင်းမျိုးနွယ် ဆိုတာ
ကူမျိုးနွယ်ကနေ
ဆင်းသက်လာတယ်ဆိုတာပဲ။ ဒါဆို
မင်းအခုနားလည်ပြီလား"

ယန်ယဲ့ က ခဏကြာ ငြိမ်သက်သွားပြီး

"ဒါက ဒီလောက်တော့ မဟုတ်တာ

သေချာတယ်"

အဘိုးအိုယန်လင်းက

အနည်းငယ်ခေါင်းညိတ်လိုက်သည်

“ကူမျိုးနွယ်မှာ

နတ်ဘုရားရတနာရှိတယ်။

ရှေးဟောင်းမျိုးနွယ်ရဲ့

အဆင့်မြင့်အာဏာပိုင်တစ်ဦး

ကျန်ရစ်ခဲ့တာပဲ။ ကူကလန်

ဒီနေ့အထိရှိနေသေးတာကလည်း

အဲဒီနတ်ဘုရားရတနာကြောင့်ပဲ။

ဒါ့အပြင် သူတို့မှာ

ထူးခြားတဲ့နည်းစနစ်တော်အပြည့်ပိုင်ဆိုင်

ထားတယ်။ ဥပမာ၊

စိတ်ဝိညာဉ်ကျင့်ကြံခြင်း၊

တခြားမျိုးနွယ်စုတွေရဲ့ အဖွဲ့ဝင်တွေက

သူတို့ရဲ့စိတ်ဝိညာဉ်ကို

လေ့ကျင့်ပေးမယ်လို့ ကူကလန်

ထက်အများကြီးနိမ့်ကျတယ်။

အတိုချုပ်ပြောရရင် ကူကလန်က

အရမ်းရှုပ်ထွေးပြီးဆန်းကြယ်တယ်"

သူက ယန်ယွဲ့ ကို စိုက်ကြည့်ကာ

“စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်က

မင်းပိုင်တာ တကယ်မဟုတ်ဘူးလား”

ယန်ယွဲ့ က ချက်ချင်း ခေါင်းခါလိုက်သည်

"ငါမဟုတ်ဘူး" မည်သို့ပင်ဖြစ်စေ သူက

ဝန်ခံမှာမဟုတ်ပါ။ နောက်ဆုံးတွင်

အမှန်တိုင်းဝန်ခံလိုက်ခြင်းဟာ

တစ်ခါတစ်ရံမှာ

အဆုံးမရှိသောပြဿနာများ

ဖြစ်လာစေနိုင်လို့ပါ။

အဘိုးအိုယန်လင်း က ယန်ယွဲ့ ကို

အချိန်အတော်ကြာ စိုက်ကြည့်ကာ

ခေါင်းညိတ်လိုက်သည် “သတိထားပါ။ ဘာကြောင့်လဲဆိုတော့ ကူကလန် က ဒီကိစ္စကိုငြိမ်နေမှာမဟုတ်ဘူး။ နားလည်လား"

ယန်ယဲ့ က အနည်းငယ် ခေါင်းညိတ်ပြပြီး “ငါသတိထားပါ့မယ်" ဟုပြောလိုက်သည်။

ထိုအတောအတွင်း အဘိုးအိုယန်လင်းက

ငရဲဝိညာဉ်သစ်သီးကို ပစ်ပေးရင်း

“ဒီအသီးက

မကောင်းဆိုးဝါးစွမ်းအင်တွေပါလို့

သုံးစွဲသူရဲ့ စိတ်အသိနဲ့

စိတ်ဝိညာဉ်ပင်လယ်ကို ထိခိုက်စေတယ်။

ဒါပေမဲ့ ငါ အဲဒီစွမ်းအင်တွေကို

ဖယ်ထားလိုက်ပြီ။

အခုဘာပြဿနာမှမရှိတော့ဘူး”ဟုပြော
ပါသည်။

ယန်ယဲ့ က ငရဲဝိညာဉ်သစ်သီးကို ယူကာ
 “ငါ့ခန္ဓာကိုယ်ကို
တကယ်ပဲတိုးတက်စေနိုင်သလား” ဟု
မေးသည်။

အဘိုးအိုယန်လင်း က
ခေါင်းညိတ်လိုက်ပြီး “တကယ်တော့

ဒါဟာ မူလတစ်ပိုင်းအဆင့်

ရတနာတစ်ခုနဲ့ ညီမျှတယ်။ ဒီအသီးက

မင်းရဲ့ခန္ဓာကိုယ်ကို

တိုးတက်စေရုံတင်မဟုတ်ဘူး၊

မင်းရဲ့စိတ်ဝိညာဉ်အခြေအနေကိုပါ

လှုံ့ဆော်ပေးလိမ့်မယ်။ ဒါပေမဲ့

အရမ်းနာကျင်ရမှာတော့သေချာတယ်။

ဒါကြောင့် စိတ်ပိုင်းဆိုင်ရာ

ပြင်ဆင်ထားဖို့ လိုပါတယ်”

နာကျင်မှုလား။

ယန်ယဲ့က ပြုံးလိုက်သည်။ သူ့အတွက် နာကျင်မှုဟူသည် အထူးအဆန်းသဖွယ်မဟုတ်တော့ပေ။

ယန်ယဲ့က အဘိုးအိုယန်လင်း ကို ဦးညွှတ်လျက် "ကျေးဇူးတင်ပါတယ် အကြီးအကဲ" ဟုပြောလိုက်သည်။

အဘိုးအိုယန်လင်းက ယန်ယဲ့ကို

စိုက်ကြည့်ကာ

တစ်ခုခုပြောချင်သော်လည်း အဆုံးတွင်

ဘာမှ ထပ်မပြောခဲ့ပေ။

ခဏကြာငြိမ်နေပြီးမှ "လာ၊ မျိုးနွယ်စုကို

ပြန်ကြရအောင်" ဟု ပြောကာ

ညာလက်ကို ဝှေ့ယမ်းပြီး သုံးယောက်လုံး

ချက်ချင်းပျောက်သွားကြသည်။

သူတို့ပျောက်သွားပြီး ၁၅
မိနစ်လောက်အကြာမှာပဲ ကူယူရှင်း နှင့်
ကူကလန်၏အဖွဲ့ဝင်များ
ပြန်ပေါ်လာသည်။

ကူယူရှင်း က ကူမင် ကို စိုက်ကြည့်ရင်း
"ဒါကို မင်းကြားလား"

ကူမင်က ခဏတိတ်ဆိတ်သွားပြီး “သူ့မှာ
မရှိဘူးလို့ပြောတယ်” ဟု ပြန်ဖြေသည်။

ကူယူရှင်း၏ မျက်လုံးများက

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

ထိုအချိန်တွင် တတိယဦးလေးက “သူ့မှာ

ရှိမယ်ထင်တယ်”ဟု ပြောပါသည်။

ကူယူရှင်း က "ငါလည်း သူ့လက်ထဲမှာ

ရှိမယ်လို့ထင်တယ်"

ကူမင် က ကူယူရှင်း ကို ကြည့်ပြီး

"ဘာလို့လဲ"

ကူယူရှင်း က "သာမန်လူတစ်ယောက်ပဲ

ဖြစ်ဖြစ် မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူတစ်ယောက်ဆိုရင်

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ရဲ့

အငွေ့အသက်ကို ဖုံးကွယ်ထားဖို့

မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့

စိတ်ဝိညာဉ်စွမ်းအင်ရဲ့ အငွေ့အသက်တွေ

ပျောက်ကွယ်သွားပြီးတဲ့နောက်မှာ

သူတို့က အဲဒါကို လိုက်ဖမ်းတယ်”

သူက ခဏရပ်ပြီး “အားလုံး

သတိထားမိကြလား။ ငါတို့ရဲ့

နတ်ဘုရားစိတ်အာရုံအသိက

လုံးဝအာရုံမခံနိုင်ဘူး။ ငါထင်နာမမှားရင်

သူ့မှာ အရာဝတ္ထုတွေကို ဖုံးကွယ်နိုင်တဲ့

အထူးနည်းစနစ်တစ်ခုရှိပါတယ်"

ကူမင်၏ မျက်လုံးထဲမှ  အေးစက်သော
အလင်းရောင်တစ်ခု လင်းလက်လာပြီး
"ဘာလို့ သူ့ကို
သတ်ခွင့်မပေးတာလဲ"ဟုပြောလိုက်သည်
။

ကူယူရှင်း က ခေါင်းခါလိုက်သည်
"ငါ့ကူကလန် က ယန်ကလန်ကို
မကြောက်ပေမယ့် သူတို့ကို
ထိပ်တိုက်တွေ့ဖို့ မလိုအပ်ပါဘူး။

ယန်ကလန်နဲ့ ပေါ်တင် ဒုက္ခမရှာပါနဲ့။

မင်းရဲ့အရေးကြီးဆုံးတာဝန်က

အဲဒီလျှို့ဝှက်နယ်မြေကို ကာကွယ်ဖို့ပဲ။

အပြင်လူတွေကို အဲဒီအကြောင်း

မသိအောင် တားဆီးဖို့ပဲ။ ယန်ယဲ့

နဲ့ပတ်သက်ရင်...”

ထို့နောက် သူက ဆက်ပြောလိုက်သည်

သူဆက်ပြောသည်နှင့် "ငါ့ကူကလန်ပိုင်တဲ့အရာကို ဘယ်သူမှ လုယက်သွားလို့မရဘူး"

ငြိမ်သက်ခြင်းမြို့တော် ။

ယန်ယွဲ့ သည် ငြိမ်သက်ခြင်းမြို့တော်သို့ ပြန်ရောက်သည်နှင့် သူ့အခန်းသို့ ပြန်ကာ မှူလစေတီထဲကို ချက်ချင်းဝင်သွားလိုက်သည်။

အထဲကို ဝင်လိုက်သည်နှင့်

နှင်းပွင့်လေးကို မူလစေတီ၏

ပထမထပ်မှာပဲတွေ့လိုက်ရသည်။

ထိုအချိန်တွင် သူမ၏ခြေသည်းများကြား

သစ်သားဓားတစ်ချောင်းကို ညှပ်ထားကာ

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ရှေ့မှာရ

ပ်နေခဲ့သည်။ သူမက

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင် နှင့်

စကားပြောနေပုံပါ။

ယန်ယဲ့ က စကားမပြောသေးဘဲ

နှင်းပွင့်ကို ငုံ့ကြည့်လိုက်သည်။

ထိုအချိန်တွင် သစ်ပင်က လှုပ်ခါပြီး

ကောင်းကင်ငယ်အနားသို့

ရောက်သွားလေသည်။ ထို့နောက်တွင်

ပင်စည်ထဲမှ

စိတ်ဝိညာဉ်ကြိုးမျှင်တစ်ချောင်းထွက်

လာပြီး ကောင်းကင်ငယ်၏

ခန္ဓာကိုယ်ထဲကို ဝင်ရောက်သွားပါသည်။

နှင်းပွင့်က ငြိမ်သက်နေကာ

ထိုမြင်ကွင်းကို

စိတ်မဝင်တစားဖြင့်စောင့်ကြည့်နေလေ

သည်။

ယန်ယွဲ့ သည် နှင်းပွင့်လေးက

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို

ဆွဲထည့်သည့်အကြောင်းအရင်းကို
ယခုမှသာ နားလည်လိုက်သည်။
သူမလေးက ကောင်းကင်ငယ်ကို
ကယ်တင်လိုနေ၏။

စိတ်ဝိညာဉ်ကြိုးမျှင်များ အဆက်မပြတ်
ပို့လွှတ်လိုက်သည်နှင့်အမျှ
ကောင်းကင်ငယ်၏ ဝိညာဉ်ဟာ
တဖြည်းဖြည်းထင်ရှားလာပါသည်။
ယန်ယဲ့လည်း

အခြေအနေကောင်းသည်ကို

မြင်လိုက်မှသာ သက်ပြင်းချလိုက်သည်။

သေချာပါသည်၊

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ဟာ

ကောင်းကင်ငယ်ကို ကယ်တင်နိုင်ပါပြီ။

နောက် ၁ နာရီခန့်ကြာသော်

ကောင်းကင်ငယ်၏ မျက်လုံးများသည်

ဖြည်းညှင်းစွာပွင့်လာသည်။

ယန်ယဲ့ က သူ့အနားကို

အမြန်သွားလိုက်ပြီး

"အဆင်ပြေရဲ့လား"ဟုမေးလိုက်လေသ

ည်။

ကောင်းကင်ငယ်က ပြုံးပြီး

"ငါမသေဘူး"ဟုပြန်ပြောပါသည်။

ယန်ယဲ့ က ပြုံးပြီး “မင်း မလုပ်ဘူး။

ငါဒီမှာရှိနေတုန်း မင်းသေမှာမဟုတ်ဘူး"

May Be:

၁၉၉၈

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၉၈ - ထာဝရအဆင့်

(နိဗ္ဗာန်ခံစားခြင်းအဆင့်) ရုပ်ခန္ဓာ

ထိုအချိန်တွင် နှင်းပွင့်က ယန်ယဲ့ ဆီသို့

ပျံသန်းလာပြီး ရင်ဘတ်ပေါ် ခုန်တက်ကာ

ငိုပါတော့သည်။ ငိုနေရင်းဖြင့်

ခေါင်းလေးက

ယန်ယွဲ့၏ရင်ဘတ်နှင့်ပွတ်တိုက်နေသည်

။ သိပ်မကြာပေ၊ ယန်ယွဲ့၏တစ်ကိုယ်လုံး

အဖြူရောင်အခိုးအငွေ့များ

ဖုံးလွှမ်းသွားတော့သည်။

နှင်းပွင့်လေး ငိုနေသည်နှင့်အမျှ

ပို၀မ်းနည်းလာပုံရ၏။

သူမ၏မျက်လုံးသေးသေးလေးများမှ

ဝိညာဉ်စွမ်းအင်များ

အဆက်မပြတ်စီးကျလျက်ရှိနေသည်။

ခဏအကြာတွင် ၁

ကီလိုမီတာနီးပါးရှိသော ဧရိယာသည်

အဖြူရောင်မြူခိုးများ

ဖုံးလွှမ်းသွားခဲ့သည်။

ယန်ယဲ့ က သူမ၏ခေါင်းလေးကို ညင်သာညင်သာသာပုတ်ပြီး ကေလး ဘာဖြစ်နေတာလဲဟုမေးလိုက်သည်။

နှင်းပွင့်က ယန်ယဲ့ကို မော့ကြည့်လိုက်ပြီး ခေါင်းလေးကို ရင်ဘတ်ပေါ် မပြတ်ပွတ်တိုက်ရင်း ဆက်ငိုနေပါသည်။

ယန်ယဲ့ သည် ထိုအသေးလေး၏

ပုံစံကိုကြည့်ကာ

ဘာပြောရမှန်းမသိတော့ပေ။

၁၅ မိနစ်လောက်အကြာတွင်တော့

နှင်းပွင့်လေးက တဖြည်းဖြည်း

ငြိမ်သက်သွားသည်။ ယန်ယဲ့သည်

ခဏကြာစကားပြောပြီးနောက်တွင်

နှင်းပွင့်လေး

ငိုကြွေးနေသည့်အကြောင်းအရင်းကို

နားလည်လိုက်သည်။

သူမက

အမှန်တကယ်ငိုကြွေးနေခြင်းမဟုတ်ဘဲ

ပျော်နေတာပါ။

ကောင်းကင်ငယ် နိုးထလာကြောင်း

တွေ့လိုက်သဖြင့်

ပြောမပြတတ်လောက်အောင်

ပျော်ရွှင်သွားခဲ့သည်။ ထို့နောက်
စိတ်မထိန်းနိုင်ဘဲ သူမ၏ခံစားချက်အရ
ငိုနေတော့သည်။

ယန်ယွဲ့ သည် အကြောင်းပြချက်ကို
သိသောအခါ ရယ်ရမလား
ငိုရမလားမသိတော့ပေ။

ကောင်းကင်ငယ်က နိုးထလာသော်လည်း
သူမ၏အခြေအနေက

အတော်လေးကိုအားနည်းနေသေးသည်။

အကြောင်းကတော့

သူမ၏ဒဏ်ရာများက

သေလုမျောပါးအထိ

ပြင်းထန်လို့ပါ။ထို့ကြောင့် မူဝိညာဉ်

ပြန်ကောင်းလာသည့်တိုင်

ခန္ဓာကိုယ်ကတော့

အတော်လေးကိုအားနည်းခဲ့သည်။

ယန်ယဲ့၏အမြင်အရတော့

ကောင်းကင်ငယ်ဟာ အနည်းဆုံး

နောက်တစ်လကြာမှအပြည့်အဝပြန်ကော

င်းလာပေမည်။

ယန်ယဲ့က ရုတ်တရက်မေးလိုက်သည်

"ကောင်းကင်ငယ်၊

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်က

ရှောင်ချီ ကို ကူညီပေးနိုင်ပါ့မလား"

ကောင်းကင်ငယ်က

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို

တစ်ချက်ပုတ်ရင်း အပင်ပေါ်

တက်ထိုင်နေခဲ့သည်။ သူမက

ခဏလောက်စဉ်းစားပြီး "ဒါက

အလုပ်ဖြစ်သင့်တယ်။ ဒါပေမဲ့

သူမရဲ့စိတ်ဝိညာဉ်က

အရမ်းထူးခြားတဲ့အတွက်

သက်ရောက်မှုတွေက သိပ်ကောင်းမှာ မဟုတ္တာူး" ဟု ပြန်ဖြေလိုက်သည်။

ထိုစကားကြားသောအခါ ယန်ယဲ့ သည် မျက်နှာပျက်သွား၏။ထိုအတောအတွင်း ကောင်းကင်ငယ်က ဆက်ပြောသည်

ဒါပေမဲ့

အဆင်ပြေမှာပါ။ငါ့ခန့်မှန်းချက်အရဆို သူမ ပြန်နိုးလာဖို့အတွက် အနည်းဆုံး

နှစ်လ ဒါမှမဟုတ် သုံးလလောက်

အချိန်ယူရလိမ့်မယ်

နှစ်လ ဒါမှမဟုတ် သုံးလ....

ထိုစကားကိုကြားသောအခါ ယန်ယွဲ့

သည်  သိသိသာသာ

စိတ်အေးသွားသည်။ ရှောင်ချီဟာ

အချိန်အတော်ကြာသည်ထိ

မေ့မျောနေသည်ဖြစ်ရာ ပြန်နိုးထလာဖို့

အချိန်တန်နေပါပြီ။ ထိုအပြင်သူက
ရှောင်ချီကို အိမ်ပြန်ပို့ပေးမည်ဟု
တာအိုဝတ်ရုံအဘိုးအိုအား
ကတိပေးထားခဲ့၏။

တစ်ချိန်တည်းတွင် ယန်ယွဲ့သည်
ယန်ကလန်ရှိ အရေးကိစ္စများကို
ဖြေရှင်းပြီးနောက်တွင် ရှောင်ချီကို
အိမ်ပြန်ပို့ပေးဖို့စဉ်းစားထားသည်။

ထို့နောက်တွင် ယန်ယဲ့ သည် နှင်းပွင့်၊

ကောင်းကင်ငယ်တို့နှင့်

ခဏကြာကစားပေးလိုက်၏။

အနည်းငယ်အကြာတွင်တော့

တနိုယမြောက်အထပ်မှ

အချိန်ပြောင်းပြန်အခန်းထဲကို

ပြန်ဝင်သွားခဲ့သည်။ လက်ရှိအချိန်တွင်

အခန်းထဲ၌ကား အန်နန်ကျင်း နှင့်

ရှောင်ယု ရှီ တို့နှစ်ယောက်လုံး

အပြင်းအထန်ကျင့်ကြံနေခဲ့သည်။

ရှောင်ယု ရှီ သည်

တင်ပျဉ်ခွေထိုင်လျက်သားဖြင့်

တစ်ချိန်လုံး

မျက်စိမှိတ်ထားပြီးကျင့်ကြံနေခဲ့သည်။

သူမက ယန်ယဲ့ ပေးထားသည့်

ပြန်လည်မွေးဖွားခြင်းသစ်သီးကို

စားပြီးနောက်

ပြန်လည်မွေးဖွားခြင်းအဆင့်

သို့တက်လှမ်းရန် ကြိုးစားနေခြင်းပါ။

ယန်ယဲ့၏အမြင်အရတော့ ရှောင်ယု ရှီ၏

သဘာဝစွမ်းရည်ဟာ

ကောင်းမွန်သောကြောင့်

ပြန်လည်မွေးဖွားခြင်းအဆင့်ကို

တက်လှမ်းဖို့ မခက်ခဲပေ။

တစ်ဖက်တွင် တင်ပျဉ်ခွေထိုင်နေသော

အန်နန်ကျင်း ကေတာ့ သူမ၏လက်ထဲ၌

စာအုပ်ဟောင်းတစ်အုပ်ကို

ကိုင်ထားခဲ့လေသည်။

ထိုစာအုပ်က ဂူကလန်၏

သိုင်းပညာဘိုးဘေးဂူမှ

ပေးအပ်ထားသော

ဘဝတစ်သက်တာအတွေ့အကြုံများ

စုစည်းရာပင်။

အန်နန်ကျင်းက ယန်ယဲ့
လာသည်ကိုမြင်သောအခါ
စာအုပ်ကိုပိတ်လိုက်ပြီး သူ့ကို
စိုက်ကြည့်လိုက်သည်။

ယန်ယဲ့က သူမထံသို့ လျှောက်သွားပြီး
စာအုပ်ကို စိုက်ကြည့်ကာ
"ငါကြည့်လို့ရမလား"

အန်နန်ကျင်း က အနည်းငယ်

ခေါင်းညိတ်ပြပြီး စာအုပ်ကို

ယန်ယဲ့၏လက်ထဲ

ထည့်ပေးလိုက်သည်။ယန်ယဲ့ သည်

စာအုပ်ကိုဖွင့်ပြီး

အနည်းငယ်ဖတ်ကြည့်လိုက်ရာ

သူ့မျက်နှာက

ချက်ချင်းပင်လေးနက်သွားခဲ့လေသည်။

စာအုပ်ထဲ၌ကား

ကျင့်ကြံရေးနည်းလမ်းများစွာကို

မှတ်တမ်းတင်ထားသည့်အပြင်

ကျင့်ကြံခြင်းသဘောတရား၊

နားလည်ဆင်ခြင်နည်းတို့ပါ ရှိနေခဲ့သည်။

ထိုမျှမကဘဲ နားလည်ဆင်ခြင်ဖို့

အဆင့်တစ်ခုစီတိုင်းကို

ရှင်းလင်းချက်များစွာပင်ဖော်ပြထား၏။

သို့ရာတွင် ထိုအချက်က

အဓိကမဟုတ်ပေ။ အဓိကကတော့

ကျင့်ကြံမှုအဆင့်တစ်ခုစီအား

အသေးစိတ်ရှင်းပြထားခြင်းပင်။

သတိထားရမည့်အချက်များပါ

အသေးစိတ်ပြုစုထားလေသည်။

ဒါဟာ ကျင့်ကြံခြင်းနည်းလမ်းကို

သင်ယူနိုင်တဲ့ စာအုပ်တစ်အုပ်လိုပါပဲ ။

ယန်ယဲ့သည် စိတ်ထဲ၌

တွေးမိလိုက်သည်။

ထို့နောက် သူက "ဒါက

အရမ်းအသုံးဝင်တယ်"ဟုပြောလိုက်၏။

အန်နန်ကျင်း က အနည်းငယ်

ခေါင်းညိတ်ပြပြီး "ငါ နေ့တိုင်း အဲဒါကနေ

အသစ်အသစ်တွေ

သင်ယူတယ်"ဟုပြန်ပြောပါသည်။

ယန်ယဲ့က ပြုံးပြီး စာအုပ်ကို

အန်နန်ကျင်း ဆီ ပြန်ပေးကာ "လောလော

ငါ့ရဲ့ခန္ဓာကိုယ်အပြင်အား

တိုးတက်အောင်

လေ့ကျင့်ရမယ်"ဟုပြောလိုက်သည်။

အန်နန်ကျင်း က အနည်းငယ်

ခေါင်းညိတ်ကာ "

ကောင်းပြီ"ဟုပြောပါသည်။

ယန်ယဲ့က ပြုံးပြီး "ဒါဆို ငါလေ့ကျင့်ဖို့ ဆုံးဖြတ်လိုက်ပါပြီ"

ထိုစကားပြောပြီးနောက် ကြမ်းပြင်ပေါ်၌ တင်ပျဉ်ခွေထိုင်လျက် ငရဲဝိညာဉ်သစ်သီးကို ထုတ်ယူလိုက်သည်။ သူ့ရှေ့မှ ငရဲဝိညာဉ်သစ်သီးကို စိုက်ကြည့်ရင်း ယန်ယဲ့၏မျက်နှာက တဖြည်းဖြည်း

ရင့်ကျက်လာတယ်။ အကြောင်းကတော့

ငရုံဝိညာဉ်သစ်သီးမှ

ကြောက်မက်ဖွယ်ကောင်းသော

စွမ်းအင်အငွေ့အသက်များ

ခံစားလိုက်ရလို့ပါ။

ယန်ယဲ့ သည်

အချိန်တော်တော်ကြာတွေဝေနေပြီးနော

က် ငရုံဝိညာဉ်သစ်သီးကို

မျိုချလိုက်တော့သည်။

ငရဲဝိညာဉ်သစ်သီးကို

မျိုချလိုက်သည်နှင့် သူ့ခန္ဓာကိုယ်ဟာ

မှိန်ပျပျ အနက်ရောင်စွမ်းအင်လှိုင်းများ

ဖြာထွက်လာသည်။

မကြာခင်မှာပဲ ယန်ယဲ့၏ခန္ဓာကိုယ်ထဲ၌

အနီတစ်ဝက်အနက်တစ်ဝက်

စွမ်းအင်များ ထွက်ပေါ်လာတော့သည်။

ခဏအကြာတွင်တော့

သူ၏ကိုယ်တွင်းအင်္ဂါများ၊

သွေးကြောများ၊ အရိုးများနှင့်

သွေးများဟာ

အနီတစ်ဝက်အနက်တစ်ဝက်

စွမ်းအားများ ဖုံးလွှမ်းသွားခဲ့သည်။

သောက်ကျိုးနည်း၊ နာလိုက်တာဟ ။

ထိုခဏလေးမှာပဲ ယန်ယဲ့သည်
သူ့ခန္ဓာကိုယ်မှ
ပြင်းထန်သောနာကျင်မှုကိုခံစားလိုက်ရ
တော့သည်။

အနီရောင်တစ်ဝက်အနက်တစ်ဝက်စွမ်း
အင်များ ပြန့်နှံ့လာသည့်အခိုက်
ယန်ယဲ့၏ခန္ဓာကိုယ်ဟာ
မီးရှို့ခံနေရသလိုပင်။ သို့မဟုတ်ဘူး
မီးလောင်ခံနေရသည်ထက်ပင်

ပိုဆိုးနေ၏။ တစ်ချိန်တည်းတွင်
ယန်ယဲ့သည်
အသံအကျယ်ကြီးအော်ငိုမတတ်ဖြစ်နေ
ပါသည်။

ကံကောင်းထောက်မစွာ နာကျင်မှုကို
တောင့်ခံထားပြီး သူ့ကိုယ်သူ
အတင်းအကြပ်
ထိန်းချုပ်ထားလိုက်သည်။

သူ့ဘေးနားတွင် အန်နန်ကျင်း ရှိနေသဖြင့်
ယန်ယဲ့ သည် လုံးဝပြည့်စုံသော
ယောက်ျားတစ်ယောက်လို
ပြုမူနေခြင်းပါ။

ထိုအချိန်တွင် ယန်ယဲ့၏မျက်နှာက
တဖြည်းဖြည်း ကွဲအက်လာသည်။
အဆုံးတွင် သူ့မျက်နှာတစ်ခုလုံး
နီရဲသွားသည်။

ထိုခဏမှာပဲ သူ၏ကိုယ်ပေါ်မှ ဝတ်ရုံဟာ ပြာကျသွားလေတော့သည်။

ထို့နောက်တွင်တော့ သူ၏ခန္ဓာကိုယ်အနှံ့ အရေပြားတစ်ပြင်လုံးမှ မီးတောက်အနည်းငယ် ပေါ်လာသည်။

ခွပ်...ခလွပ်...

အရေပြားအောက်၌ မီးတောက်များ

ပေါ်လာပြီးသည်နှင့်

မီးရှူးမီးပန်းကဲ့သို့ပေါက်ကွဲထွက်လာသ

ည်။

ထိုအချိန်တွင် အန်နန်ကျင်း က

ယန်ယွဲ့အနားသို့ လျှောက်သွားကာ

တိတ်တဆိတ် စိုက်ကြည့်ရင်း

မျက်နှာပေါ်၌ စိုးရိမ်သောက

အရိပ်အယောင်များ ထွက်ပေါ်လာသည်။

အကြောင်းမှာ သူမ မြင်နေသည်က
ယန်ယွဲ့ဟာ တစ်ကိုယ်လုံး
ပေါက်ကွဲလုမတတ်ဖြစ်နေလို့ပါ။

အလားတူပင် ယန်ယွဲ့ သည်
သူ့တစ်ကိုယ်လုံး ပေါက်ကွဲတော့မည်ဟု
သိသိသာသာ ခံစားနေရသည်။
ထိုခံစားချက်က သူ့ခန္ဓာကိုယ်သာမကဘဲ
စိတ်အာရုံအသိနှင့်

မူလစိတ်ဝိညာဉ်တို့မှ

ဖြစ်ပေါ်လာခြင်းပင်။

အမိကကတော့ ငရဲဝိညာဉ်သစ်သီးဟာ

ခန္ဓာကိုယ်အတွက်သာ

သက်ရောက်သည်မဟုတ်ပေ၊

စိတ်အာရုံအသိနှင့်

မူလဝိညာဉ်အပေါ်မှာလည်း

သက်ရောက်ခဲ့သည်။

လက်ရှိတွင်တော့ ယန်ယဲ့ ခံစားနေရသည့်
နာကျင်မှုဟာ အတော်ကိုဆိုးရွားလှသည်။
ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုနှင့်
စိတ်အသိ၊မူလစိတ်ဝိညာဉ်တို့မှ
ဖြစ်ပေါ်လာသော နာကျင်မှုက
ကောင်းကင်နှင့် မြေကြီးကြား
ကွာဟချက်နှင့် တူသည်။ အထူးသဖြင့်
သူ၏မူလစိတ်ဝိညာဉ်ကနေ
ထွက်ပေါ်လာသည့် နာကျင်မှုဟာ

သူ့တစ်ကိုယ်လုံး

ဘာမှန်းမသိအောင်ကိုဖြစ်နေခဲ့သည်။

ကံကောင်းထောက်မစွာ ယန်ယွဲ့ သည်

သူ၏စိတ်အခြေအနေကို

လျှော့မချလိုက်ဘဲဆက်ပြီးတောင့်ခံထား

နိုင်ခဲ့သည်။

ထိုအတိုင်းပါပဲ။ အချိန်များများ

တဖြည်းဖြည်းကြာလာသည်နှင့်

ယန်ယဲ့သည်

ပြင်းပြသောနာကျင်မှုများကိုခံနိုင်ရည်ရှိ

လာသည်။ ဒီအချိန်မှာ

သူ့မျက်နှာအနေအထားက

တဖြည်းဖြည်းပုံမှန်ပြန်ဖြစ်လာသည်။

သို့သော်လည်း သူ့ခန္ဓာကိုယ်ပေါ်ရှိ

မီးတောက်များက

ပျောက်ကွယ်သွားခြင်းမရှိပေ။

မီးတောက်များ လောင်ကျွမ်းနေချိန်တွင် ယန်ယဲ့၏ခန္ဓာကိုယ်သည် တဖြည်းဖြည်း ပြောင်းလဲလာသည်။

နောက် ၂ ရက်အကြာ ။

ဤအခိုက်အတန့်မှာ ယန်ယဲ့၏ ခန္ဓာကိုယ်ပေါ်ရှိ မီးတောက်များသည် တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

နောက် ၁ ရက်အကြာတွင်တော့

သူ့ကိုယ်ပေါ်ရှိ မီးတောက်များဟာ

လုံးလုံးလျားလျား

ပျောက်ကွယ်သွားတော့သည်။

ထို့နောက်တွင် ယန်ယဲ့ သည်

သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာဖွင့်လိုက်တယ်။

တစ်ဆက်တည်း ဖြည်းညှင်းစွာထရပ်ကာ

သူ့ခန္ဓာကိုယ်ကို ငုံ့ကြည့်လိုက်သည်။

လက်ရှိတွင် သူ့ခန္ဓာကိုယ်ဟာ

အနည်းငယ်တော့

ကြေးနီရောင်ပြောင်းသွားသည်။

ယန်ယဲ့ က သူ့ခန္ဓာကိုယ်အခြေအနေကို

စစ်ဆေးနေရင်း ညာဖက်လက်သီးကို

ဖြည်းညှင်းစွာ

ဆုပ်လိုက်သည်။လက်သီးဆုပ်လိုက်ရုံ

သာရှိသေး၊

သူ့လက်မောင်းတစ်လျှောက်မှ

သွေးကြောများ ရှုန်းကြွလာသည်။
အဆိပ်ပြင်းသော
မြွေသေးသေးများနှင့်ပင် တူနေသေး၏။

ထာဝရဆင့် ။

ငရဲဝိညာဉ်သစ်သီးမှ
ငရဲဝိညာဉ်စွမ်းအင်ကို စုပ်ယူပြီးနောက်
ယန်ယဲ့၏ခန္ဓာကိုယ်သည် နောက်ဆုံးတွင်
ထာဝရအဆင့် သို့ရောက်ရှိသွားခဲ့သည်။

သို့သော်လည်း သူ၏ခန္ဓာကိုယ်ဟာ မူလနတ်ဘုရားအဆင့် ကျင့်ကြံသူများ၏ တိုက်ခိုက်မှုကို မခုခံနိုင်သေးပါ။ မည်သို့ပင်ဖြစ်စေကာမူ မူလနတ်ဘုရားအဆင့် ကျင့်ကြံသူနှင့် ရင်ဆိုင်တွေ့လျှင်တော့ ချက်ချင်းအသတ်ခံရတော့မည်မဟုတ်ပါ ။ ထို့အပြင် ယခင်က သူသည် မူလနတ်ဘုရားအဆင့်ကျင့်ကြံသူများ

အား လုံးဝကိုယှဉ်မတိုက်ခိုက်နိုင်ခဲ့ပေ။

ထို့အပြင် လက်ရှိသူက

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူကို

မသတ်နိုင်သော်လည်း

မူလနတ်ဘုရားတစ်ပိုင်းအဆင့် သို့မဟုတ်

ထာဝရတန်ခိုးရှင်များ ကိုတော့

စိတ်ထဲပင်ထည့်နေစရာမလိုတော့ပါ။

အမှန်တော့ လက်ရှိ သူက ထာဝရအဆင့်

ရုပ်ခန္ဓာအပြင်

နတ်ဆိုးဘုရားအမြဲတေပါပိုင်ဆိုင်ထား၏။

နတ်ဆိုးဘုရား၏စွမ်းအင်အပြင်အရေးအကြီးဆုံးကတော့သူပိုင်ဆိုင်ထားသည့်မူလခရမ်းရောင်စွမ်းအင်ပါ။ ပြိုင်ဖက်ဟာ သူ့ကို တစ်ချက်တည်းဖြင့်မသတ်နိုင်လျှင်၊ သို့မဟုတ်အပြင်းအထန်ဒဏ်ရာရအောင်မလုပ်နိုင်ရ

င်တော့ သူက အချိန်ခဏလေးနှင့်

အပြည့်အဝပြန်ပေါင်းလာပေမည်။

ထာဝရအဆင့် ရုပ်ခန္ဓာ ။

ယန်ယဲ့ သည် အသက်ပြင်းပြင်းရှူပြီး

အန်နန်ကျင်း ကို စိုက်ကြည့်လိုက်သည်။

ထိုအချိန်တွင် အန်နန်ကျင်း က ခေါင်းကို

ဘေးဖက်သို့ အနည်းငယ်လှည့်သွားပြီး

"အဝတ်အစားတွေ

အရင်လဲလိုက်ဦး"ဟုပြောပါသည်။

ယန်ယဲ့ သည် အနည်းငယ်

ထိတ်လန့်သွား၏။ ထို့နောက်

သူ့မျက်နှာက

ရှက်ရွံ့စိတ်အနည်းငယ်ပေါ်လာသည်။

အစောပိုင်းက သူ့အရေပြားအောက်မှ

မီးတောက်ငယ်များကြောင့်

သူ၏အဝတ်အစားအကုန်

တစ်ခုမကျန်အောင်ပြောကျသွားခဲ့သည်ကို

မေ့နေလို့ပါ။ လက်ရှိတွင် သူက

ကိုယ်တုံးလုံး ဖြစ်နေခဲ့သည် ။

May Be:

၁၉၉၉

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၉၉ - လုလီကူး ဒုက္ခရောက်ပြီ

ယန်ယဲ့ က ရှက်ရွံ့စွာပြုံးလိုက်ပြီး

အစိမ်းရောင်ဝတ်ရုံတစ်ထည်ကို

အမြန်ထုတ်ယူကာ ဝတ်လိုက်သည်။

ထိုအချိန်တွင် အန်နန်ကျင်း က

သူ့ကိုကြည့်ကာ "နင့်ရဲ့ခန္ဓာကိုယ်က

ထာဝရအဆင့် ကို

ရောက်သွားပြီလား"ဟုမေးပါသည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး “ဒါဟာ

ငါ့ရဲ့ လက်ရှိကန့်သတ်ချက်ပါ။

တစ်နည်းပြောရင်တော့

မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူတွေအပြင်

သာမန်ကျင့်ကြံသူတွေဟာ

ငါ့ခန္ဓာကိုယ်ကို ဒဏ်ရာရအောင်လုပ်ဖို့

ခက်ခဲသွားပြီ။ တစ်ခုတော့ရှိတယ်၊

မင်းလို ကြီးကျယ်ခမ်းနားတဲ့

ပါရမီရှင်တွေကိုတော့
ချန်လှပ်ထားရလိမ့်မယ်"ဟုပြန်ပြောလို
က်သည်။

အချို့သော ပါရမီရှင်များဟာ
သာမန်အမြင်ဖြင့် အကဲဖြတ်လို့မရပေ။
ဥပမာအားဖြင့် အန်နန်ကျင်း ပါ။
လက်ရှိတွင် သူမက
ပြန်လည်မွေးဖွားခြင်းအဆင့်
သာရှိခဲ့သည်။ သို့သော်လည်း

သူ၏ရုပ်ခန္ဓာက အန်နန်ကျင်း၏
တိုက်ခိုက်မှုကို ခုခံနိုင်သည်ဟု
မပြောဝံ့ပေ။

တစ်နည်းအားဖြင့် ယန်ယဲ့ဟာ
ခွန်အားများတိုးတက်လာသည့်တိုင်
မည်သူ့ကိုမျှ လျော့တွက်လို့မရသေးပါ။

အန်နန်ကျင်း က အနည်းငယ်
ခေါင်းညိတ်လိုက်ပြီး "ဒီမှာ

စွမ်းအားရှင်တွေ အများကြီးရှိတယ်။

နင်ပဲဖြစ်ဖြစ် ငါပဲဖြစ်ဖြစ်၊ ဒီနေရာရဲ့

ထိပ်သီးကျင့်ကြံသူတွေ နဲ့ ယှဉ်ရင်

ငါတို့က အရမ်းအားနည်းနေသေးတယ်။

ကိုယ့်ကိုယ်ကိုယ်

ပိုပိုပြီးသန်မာလာအောင် လုပ်ရမယ်။

အဲဒါက ငါတို့ကို အသက်ရှင်ဖို့

အခွင့်အလမ်း ပိုများလာစေမယ့်

တစ်ခုတည်းသော

နည်းလမ်းပဲ”ဟုပြောလိုက်၏။

ယန်ယဲ့ က ပြုံးပြီး

လေးလေးနက်နက်ပြောလိုက်ပါသည်

"ဒီနှစ်တွေတစ်လျှောက်လုံး

ငါ့အနားမှာနေဖို့ မင်းအတွက်

ခက်ခဲခဲ့တာဖြစ်မယ်"

သူမက ယန်ယဲ့ကို ငုံ့ကြည့်ကာ

"ငါတို့ကြားမှာ ဒီလိုပြောစရာ မလိုဘူး"

ယန်ယဲ့ က စကားပြောနေရင်း

ရုတ်တရက် မျက်မှောင်ကြုတ်သွားသည်

“ဒီမှာ တစ်ယောက်ယောက်ရှိနေတယ်”

ထိုစကားပြောပြီးနောက်

ချက်ချင်းဆိုသလို ပျောက်သွားသည်။

အပြင်ကမ္ဘာ။

ယန်ယဲ့ သည် သူ၏ကိုယ်ပိုင်အခန်းထဲမှ ထွက်လာသည်နှင့် အခန်းရှေ့ရပ်စောင့်နေသော ယန်ရှမ်ကိုတွေ့လိုက်သည်။

ယန်ရှမ် က သူ့ကို စိုက်ကြည့်ကာ "နင် သန်မာလာပြီလား"

ယန်ယဲ့ က "မင်း တစ်ခုခုလိုသေးလို့လား" ဟု ဂရုမစိုက်ဘဲ ပြန်ဖြေလိုက်သည်။

ယန်ရှမ် က ခဏလောက် လေးလေးနက်နက် စဉ်းစားပြီးမှ "နင်စိတ်ဝင်စားနိုင်တဲ့ အချက်အလက်တစ်ခု ရှိတယ်" ဟူ၍ ပြန်ပြောလိုက်သည်။

ယန်ယဲ့ က "ဘာလဲ"

ယန်ရှမ် က “အဲဒါက လုလီကူး

အကြောင်းပါ။ လုကလန်ရဲ့ ဆက်ခံသူ

လုယွမ်ကျန်းက သူ့မူလဒန်တျန်ကို

ဖျက်ဆီးပြီးတော့ လုမြို့တော် အပြင်မှာ

ချိတ်ဆွဲထားတယ်ဆိုတဲ့ သတင်းကို

ငါရခဲ့တယ်။ သူကအသက်အန္တရာယ်

ကျရောက်နိုင်တယ်”

ယန်ယဲ့ သည် မျက်လုံးများ အနည်းငယ် မှိတ်သွားကာ "လုကလန်ရဲ့ ဆက်ခံသူ လုယွမ်ကျန်း၊ သူက ဘယ်လိုကြောင့် ဒီလိုလုပ်ရတာလဲ"ဟုမေးလိုက်သည်။

ယန်ရှမ်က ယန်ယဲ့ ကို တစ်ချက်ကြည့်လိုက်ပြီး "သူက ယန်ရှင်း နဲ့ ဆက်ဆံရေးကောင်းတယ်။ နင်က ယန်ရှင်းရဲ့ သွေးရုပ်သေးတွေကို

ခိုးယူထားတာရယ်၊ ပြီးတော့ လုလီကူး က နင့်ကို လာကူညီတာ…”

ယန်ရှမ်က စကားပင်မဆုံးသေး၊ ယန်ယဲ့ သည် နေရာမှာပင် ပျောက်သွားခဲ့သည်။

ယန်ရှမ် က ဘာစကားမှမပြောနိုင်အောင်ပင် ဖြစ်သွားလေသည်။

ခဏအကြာတွင်တော့ ယန်ယဲ့ သည်

ယန်ရှမ်၏ ရှေ့မှာ

ရပ်တရက်ပြန်ပေါ်လာပြီး

"လုကလန် က ဘယ်မှာလဲ" ဟု

မေးလိုက်သည်။

ယန်ရှမ် က မျက်မှောင်ကြုတ်ရင်း

"နင်ဘာလုပ်ဖို့စီစဉ်နေတာလဲ"ဟုပြန်မေး

လိုက်၏။

ယန်ယဲ့ က ယန်ရှမ် ကိုစိုက်ကြည့်ရင်း "မင်းကိုငါပြောနေတာက လုကလန် ဘယ်မှာလဲလို့ မေးနေတာနော်"ဟုပြောရင်း သူ့လေသံက ချက်ချင်းအေးစက်လာသည်။

ယန်ရှမ်က ဂရုမစိုက်ဘဲ ပြန်ပြောလိုက်သည်  "ဒါ နင့်အတွက် ထောင်ချောက်ပဲ။ ယန်ရှင်း က အတော်လေးဒေါသထွက်နေတယ်။ နင်

သူ့ရဲ့ သွေးရုပ်သေးရုပ်တွေကို

ခိုးယူတဲ့အပြင်

သူ့လက်အောက်ငယ်သားတွေကိုပါ

သတ်လိုက်တာဆိုတော့ သူက ဒီကိစ္စကို

ငြိမ်ခံနေမှာမဟုတ်ဘူး။ နင်က လုလီကူး

ကို

ငါးစာချထားပေးတဲ့အကြောင်းအရင်းပဲ

လေ။ ဒီတော့ နင် လုကလန်

ကိုရောက်သွားရင် ထောင်ချောက်ထဲကို

ခုန်ဆင်းသွားရလိမ့်မယ်။ နားလည်လား"

ယန်ယဲ့က စကားမပြောသေးဘဲ ယန်ရှမ်

ဆီကို လှမ်းလျှောက်လာပြီး

မျက်လုံးချင်းစေ့စေ့ကြည့်က "ဒါဆို ငါ

ဘာလုပ်သင့်တယ်

ထင်လဲ"ဟုမေးလိုက်၏။

ယန်ရှမ် က ခပ်တိုးတိုးလေသံဖြင့်

“လျစ်လျူရှုထားပါ။

ငြိမ်သက်ခြင်းမြို့ကနေ

ထွက်မသွားသရွေ့တော့

သူတို့အစီအစဉ်တွေက နင့်ကို

အောင်မြင်နိုင်မှာ

မဟုတ်ဘူး”ဟုပြန်ဖြေသည်။

"လျစ်လျူရှုတာလား" ယန်ယဲ့ က

ရုတ်တရက် ရယ်မောလိုက်ပြီး "သူဟာ

ပြန်လည်မွေးဖွားခြင်းအဆင့်

ပဲရှိပေမယ်လို့

ငါဒုက္ခရောက်နေတဲ့အချိန်မှာ

ချက်ချင်းရောက်လာပေးတယ်။ အခု

သူက ငါ့ကြောင့် ဒုက္ခရောက်နေပြီ၊ ဒါက

မင်းက  လျစ်လျူရှုဖို့

တောင်းဆိုနေတာလား"

ယန်ရှမ် က ခဏကြာသည်ထိ

နှုတ်ဆိတ်နေပြီးမှ “နင့်ရဲ့

အဓိကရည်ရွယ်ချက်တွေကို

ဦးစားပေးပါ။

နားလည်လား"ဟုထပ်ပြောလိုက်သည်။

“မဟုတ်ဘူး” ယန်ယဲ့ က

သူမကိုကြည့်ရင်း " ယန်ကလန် မှာ

မိသားစုရဲ့ ချစ်ခြင်းမေတ္တာမရှိဘူးလို့

မင်းပြောခဲ့တာမဟုတ်ဘူးလား။

ငါနားလည်ပါတယ်။ ဒါပေမဲ့ ငါ့အပေါ်

လာမသုံးနဲ့။ တစ်ယောက်ယောက်က

ငါ့ကို သစ္စာမဖောက်ရင် ငါ သူတို့ကို ဘယ်တော့မှ သစ္စာမဖောက်ဘူး။ လုလီကူး က ငါ့ကို ဘယ်တုန်းကမှ သစ္စာမဖောက်ဘူး၊ ငါ သူ့ကို ဘယ်လို သစ္စာဖောက်မလဲ။ ဒါ့ပြင် သူက ငါ့ကြောင့် ဒီလိုအခြေအနေမှာ ရောက်နေတာ။ယန်ကလန်ရဲ့ ဆက်ခံသူတိုက်ပွဲအတွက် သူ့ကို

လျစ်လျူရှုထားလိုက်ရင် ငါဟာ

ခွေးထက် မိုက်တဲ့သူဖြစ်သွားမှာပေါ့”

ယန်ရှမ် က တစ်ခုခုပြောဖို့

ဟန်ပြင်နေသည်။ သို့သော်လည်း

ယန်ယဲ့က ရုတ်တရက် ပြောခဲ့သည်

"မင်းကို နောက်ဆုံးတစ်ခါ ထပ်မေးမယ်။

လုကလန် က ဘယ်မှာရှိလဲ ပြောပြပါ။ ငါ

အလေးအနက်ပြောနေတယ်။

အဓိပ္ပါယ်မဲ့တဲ့ စကားလုံးတွေကို

နောက်ထပ် မပြောပါနဲ့။ အဆင်ပြေလား"

ယန်ရှမ် က ယန်ယဲ့ကို  အချိန်အကြာကြီး

စိုက်ကြည့်နေသည်။ ထို့နောက်

သူမ၏လက်ညိုးကို ဆန့်လိုက်ရာ

အဖြူရောင်အလင်းတန်းတစ်ခုထွက်လာ

ပြီး ယန်ယဲ့၏နဖူးအလယ်သို့

ဝင်ရောက်သွားသည်။ တစ်ဆက်တည်း

သူမက "ဒါဟာ နဂါးငွေ့တန်းကြယ်စင်စု

မှာရှိတဲ့ အလယ်စကြာဝဠာတစ်ခုလုံးကဲ့ မြေပုံပါ။ အထဲမှာ မဟာကာလန်ကြီး ၈ လုရဲ့ တည်နေရာတွေကို ဖော်ပြထားတယ်။ မျိုးနွယ်စု ၈ ခုအပြင် အန္တရာယ်ရှိတဲ့တားမြစ်နယ်မြေတွေကိုပါ အမှတ်အသားပြထားတယ် ...”

ထိုစကားပြောပြီးနောက် ယန်ရှမ် က ရုတ်တရက် ရပ်တန့်သွားသည်။ သူမ၏

စကားပင်မဆုံးသေးဘဲ ယန်ယဲ့ ဟာ နေရာတွင်ပင် ပျောက်ကွယ်သွားလို့ပါ။

ယန်ယဲ့ ထွက်သွားပြီးနောက် ယန်ရှမ်၏ နံဘေး၌ ဂူရှဲ့ နှင့် ချန်းဟု တို့နှစ်ယောက် ပေါ်လာကြသည်။

ဂူရှဲ့ က "အဲဒီလူက ထိန်းချုပ်ဖို့ သိပ်မလွယ်ဘူး"ဟုပြောခဲ့သည်။

ချန်းဟု က "ဘာလို့ သူ့ကို ထိန်းချုပ်တာလဲ။ ငါတို့သခင်အလိုတိုင်း အတိအကျလုပ်နေတာမဟုတ်ဘူးလား။ ကမောက်ကမဖြစ်လေလေ၊ ရက်စက်လေလေ၊ ငါတို့သခင်အတွက် ပိုကောင်းလေပဲ မဟုတ်လား"

ဂူရှဲ့က မျက်လုံးထဲ၌ စိုးရိမ်စိတ်အနည်းငယ်ဖြင့် ခေါင်းကို အနည်းငယ် ခါလိုက်ပြီး "သူ ငါတို့

ထိန်းချုပ်နိုင်စွမ်းထက်

ကျော်လွန်သွားမှာကို ငါကြောက်တယ်..."

ချန်းဟု၏ ပါးစပ်ထောင့်မှ

အေးစက်သော အပြုံးတစ်ခုပေါ်လာသည်

“ဒါဆို သူ ဘယ်လိုလုပ်မလဲ။

ငါတို့သခင်နဲ့ ယှဉ်နိုင်မလား"

ဂူရှဲ့ က "မှန်တယ်..."

ထိုအချိန်တွင် ယန်ရှမ် က

သူတို့နှစ်ယောက်ကြားမှ စကားဝိုင်းအား

မကြားသလိုပင် တိတ်ဆိတ်နေခဲ့သည်။

...

ယန်ယွဲ့ သည် ယန်ရှမ် ထံမှ

လမ်းပြမြေပုံကို ရပြီးနောက် အချိန်မ

ဖြုန်းနေဘဲ

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီးမှ

အမြန်ဆုံး ထွက်ခွာသွားသည်။

မြို့ထဲကနေ ယန်ယဲ့ ထွက်သွားသည်နှင့်

တပြိုင်နက် မြို့ရိုးအထက်၌

လူငယ်တစ်ယောက် ပေါ်လာပြီး

ပြုံးလိုက်သည်။ ထိုလူငယ်က

ယန်ကလန်၏ စတုတ္ထမြောက် သခင်ငယ်

ယန်ရှူ ပါ။

ယန်ရှုက ကောင်းကင်ကို

မော့ကြည့်လိုက်ရင်း

သူ့လက်ထဲမှခေါက်ယပ်တောင်ကို

ပေါ့ပေါ့ပါးပါး ဝှေ့ယမ်းပြီး

"ခုနစ်ယောက်မြောက်ညီလေး၊ ဒါ

မင်းအတွက် ငါလုပ်နိုင်တာဘဲ။

မင်းသူ့ကိုသတ်နိုင်တာ ဒါမှမဟုတ်

မသတ်နိုင်တာပဲဖြစ်ဖြစ် မင်းနဲ့

လုကလန်ရဲ့ဆက်ခံသူအပေါ်မှာပဲ

မူတည်လိမ့်မယ်"

ထိုစကားပြောပြီးနောက် ယန်ရှူက

နောက်လှည့်လိုက်ရင်း နေရာမှာပင်

ပျောက်သွားခဲ့သည်။

...

ယန်ယဲ့ သည် အာကာသထဲသို့
ဝင်လာပြီးနောက် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။ ထို့နောက်
ညာခြေကို တစ်ချက်ဆောင့်ကာ
အလင်းတန်းတစ်ခုအဖြစ်ပြောင်းပြီး
ဘယ်ဖက်တည့်တည့်သို့
ပျောက်ကွယ်သွားသည်။

လုကလန် ။

လုကလန် သည်

ကောင်းကင်မီးတောက်ကြယ်စနစ်၌

တည်ရှိသည်။ တည်နေရာအကြောင်း

ပြောရလျှင် ယန်ကလန် နှင့်

အတော်လေးဝေးကွာခဲ့သည်။

ထာဝရအဆင့် ကျင့်ကြံသူပင်လျှင်

ယန်ကလန်မှ လုကလမ်သို့

ရောက်ရန်အတွက်

နှစ်ရက်နှင့်နှစ်ညတိုင်တိုင်
အချိန်ယူပျံသန်းရပေမည်။

ယန်ယဲ့ သည် ခရီးဆက်နေရင်းဖြင့်
သူ၏ဆန်းကြယ်ချီစွမ်းအင်ကို
မထိန်းထားဘဲ အကန့်အသတ်ထိ
ထုတ်ဖော်ထားလိုက်သည်။

ဤအခိုက်အတန့်တွင်
အလင်းတန်းတစ်ခုဟာ အကန့်အသတ်မဲ့

ကြယ်တာရာ ကောင်းကင်ယံကို ဖြတ်၍ ပစ်လွှတ်လိုက်သော နတ်ဘုရားအလင်းတန်းတစ်ခုကဲ့သို့ ပင်ထင်ရသည်။ ၎င်းနောက်ကွယ်မှ အလွန်ရှည်လျားသော အာကာသအက်ကွဲကြောင်းပါ ကျန်ရစ်ခဲ့သည်။

ကောင်းကင်မီးတောက်ကြယ်စနစ်။ ကောင်းကင်မီးလျှံတိုက်ကြီး။

ကောင်းကင်မီးလျှံတိုက်ကြီး သည်

လုကလန်၏ အဓိကကမ္ဘာတစ်ဖြစ်လည်း

ပင်မဌာနချုပ်တည်ရှိရာဖြစ်သည်။

ကောင်းကင်မီးလျှံမြို့တော် ။

ကောင်းကင်မီးလျှံမြို့ သည် လုကလန်၏

လက်အောက်မှ အစည်ကားဆုံးမြို့ပါ။

ထို့အပြင် ကောင်းကင်မီးလျှံတိုက်ကြီး၏
အကြီးဆုံးမြို့လည်းဖြစ်သည်။

ဤအခိုက်အတန့်တွင် လူငယ်တစ်ဦးဟာ
မြို့တံခါးဝင်ပေါက်ကနေ
တွဲလောင်းချချိတ်ဆွဲခံထားရသည်။
ထိုမြင်ကွင်းကြောင့် မြို့ဝင်ပေါက်ဟာ
အတော်လေး ရှုပ်ထွေးနေပါသည်။

အရေးကြီးဆုံးမှာ

တွဲလောင်းစွဲခံထားရသူပင်။ ထိုလူငယ်က

ယန်ယဲ့ကို လာကူညီခဲ့သော လုလီကူး ပါ။

လုကလန်၏ အဖွဲ့ဝင်များသည် လုလီကူး

မည်သူဖြစ်သည်ကို သဘာဝကျကျ

သိကြသည်။ သို့မဟုတ် လုလီကူး က

လုကလန်၌

အနည်းငယ်ကျော်ကြားသည်ဟု
ဆိုရပေမည်။ နောက်ဆုံးတွင် သူသည်
လုကလန်၏ အကူအညီကိုမယူဘဲ
ကိုယ်ပိုင်ကြိုးစားပြီးနောက်
ပြန်လည်မွေးဖွားခြင်းအဆင့် ကို
တက်လှမ်းနိုင်ခဲ့သည်။

အမှန်တော့ လုကလန်၏ အဖွဲ့ဝင်
တော်တော်များများက လုလီကူး အပေါ်
အနည်းငယ်လေးစားကြသည်။

လုကလန်၏

အဆင့်မြင့်အာဏာပိုင်များက

လုကလန်သို့ ပြန်ခေါ်ရန်

ရည်ရွယ်ချက်ရှိနေသည့်အတိုင်းအတာအ

ထိပင်။

သို့သော်လည်း လုလီကူး ဟာ

လုကလန်၏ ဆက်ခံသူ လုယွမ်ကျန်း ကို

ဆန့်ကျင်ဖို့တော့ မည်သူမျှ

မမျှော်လင့်ခဲ့ပေ။

လုလီကူး က ပါရမီရှင်ဖြစ်သော်လည်း

ကလန်၏ဆက်ခံသူ လုယွမ်ကျန်း

ထက်အတော်ကို နိမ့်ကျခဲ့သည်။

လုယွမ်ကျန်းက ထာဝရတန်ခိုးရှင်

ဖြစ်နေသည့်အပြင်

နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်၏

အဆင့် ၁၇

နေရာတွင်ပါရပ်တည်နေခဲ့သည်။

နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်၏

အဆင့် ၁၇ ။

အဆင့် ၁၀ ထဲ မဝင်သော်လည်း

အလွန်ကြောက်စရာကောင်းသည့်

နံပါတ်ပိုင်ရှင်ပါ။

နဂါးငွေ့တန်းကြယ်စင်စု၏

အလယ်စကြာဝဠာဟာ ပါရမီရှင်ပေါင်း

သန်းပေါင်းများစွာနှင့်

ဘီလီယံပေါင်းများစွာ ရှိနေခဲ့လေသည်။

ထို့ကြောင့် မြောက်များစွာသော

ပါရမီရှင်များကြားမှ အဆင့် ၁၇ နေရာကို

ရယူနိုင်ခဲ့ခြင်းဟာ အလားအလာနှင့်

သဘာဝစွမ်းရည်ကို

မြင်ယောင်ကြည့်နိုင်၏။ ထို့အပြင်

လုကလန်၏ဆက်ခံသူကား

နောက်မျိုးဆက်ဘိုးဘေး ပါ။

ထိုသို့် ဖြစ်လေရာ

လုကလန် အနေဖြင့်
၎င်း၏အနာဂတ်ဘိုးဘေးကို
တတ်နိုင်သမျှ သေချာပေါက်
ပြုစုပျိုးထောင်ပေးပါလိမ့်မည်။

ထိုအချိန်တွင် မြို့တံခါးဝ၌
လူတစ်ယောက်ပေါ်လာသည်။ ထိုလူက
ယန်ကလန်၏ သတ္တမမြောက်သခင်ငယ်
ယန်ရှင်း ပါ။

ယန်ရှင်းက လုလီကူး ကို

မော့ကြည့်လိုက်ပြီး

"ဆယ်ယောက်မြောက်ညီ ယန်ယဲ့က

မင်းကို ကယ်တင်ဖို့ လာမယ်လို့

ထင်လား"ဟုပြောလိုက်သည်။

လုလီကူး က သူ့မျက်လုံးများကို

ဖြည်းညှင်းစွာဖွင့်လိုက်သည်။ သူက

ယန်ရှင်း ကို ငုံ့ကြည့်လိုက်ပြီး

"လူမိုက်ကောင်၊

မင်းငါ့ကိုသတ်ချင်ရင်

ငါ့ကိုသတ်လိုက်ပါ။ ဘာလို့

အပိုစကားတွေပြောနေတာလဲ"

ယန်ရှင်း၏ ပါးစပ်ထောင့်မှ

အေးစက်သော အပြုံးတစ်ခု ပေါ်လာပြီး

“မင်း ဒေါသအရမ်းကြီးတယ်။ ဒါပေမဲ့

အသုံးမဝင်ဘူးလေ။

မင်းသေချင်တဲ့စိတ်နဲ့ပတ်သက်ရင်၊

စိတ်မပူပါနဲ့။ မင်းဟာ သေချာပေါက်

သေလိမ့်မယ်။ ဒါပေမဲ့ မင်းရဲ့

မိတ်ဆွေကြီး ယန်ယဲ့ သေဆုံးတာကို

အရင်ကြည့်ရမယ်။သူသေပြီးတာနဲ့

မင်းသေနိုင်တယ်။ဟုတ်တာပေါ့။

သူမလာရင် မင်းကို အရင်ဆုံး

ငရဲကိုပို့ပေးလိုက်မယ်"

"အစ်ကို ရှင်း၊ ယန်ယဲ့

တကယ်လာမှာလား" ထိုအချိန်တွင်

အဝေးကနေ အသံတစ်သံ  ရုတ်တရက်

ထွက်လာသည်။ ထို့နောက်တွင်

အနီ၊အနက်၊ အဝါ

စီခြယ်ထားသောဝတ်ရုံနှင့် လူငယ်တစ်

ယောက် မြို့ဝင်ပေါက်ဝတွင်

ပေါ်လာသည်။

၎င်းက လုကလန်၏ ဆက်ခံသူ

လုယွမ်ကျန်း ပါ။

ယန်ရှင်း က လုယွမ်ကျန်း ကို

ခဏစိုက်ကြည့်နေပြီးမှ

"အစ်ကိုယွမ်ကျန်း၊ ဒီနေ့

ဖြစ်ပျက်နေတာကို လျစ်လျူရှုလိုက်ပါ။

ငါ့ဘာသာငါဖြေရှင်းနိုင်တယ်"ဟုပြောလို

က်သည်။

လုယွမ်ကျန်း က

အနည်းငယ်ခေါင်းညိတ်လိုက်ပြီး

"သွားစမ်း

အမျိုးသမီးတစ်ယောက်ရှိတယ်၊ သူမက အရမ်းသန်မာတယ်..."

ယန်ရှင်း က ပြုံးပြီး “စိတ်မပူပါနဲ့။ သူမ နဲ့ ရင်ဆိုင်မယ့်သူ ရှိလိမ့်မယ်"ဟုပြန်ပြောလိုက်သည်။

လုယွမ်ကျန်း က ယန်ရှင်း ကို ကြည့်ပြီး ပြုံးပြရင်း "ကြည့်ရတာ အစ်ကိုရှင်း၊

မင်းက လုံလောက်တဲ့ ပြင်ဆင်မှုတွေ

လုပ်ထားပုံပဲ"ဟုပြောလိုက်သည်။

"ဒါပေါ့" ယန်ရှင်း က ပြုံးလိုက်ပြီး

"ယန်ယန်ရဲ့ အမှားတွေကို ထပ်ခါထပ်ခါ

ပြန်တွေးပြီး

သင်ခန်းစာယူနေတယ်"ဟုပြန်ပြောခဲ့သ

ည်။

May Be:

၂၀၀၀

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၀၀ - အကြံအစည်များ

လုယွမ်ကျန်း က ပြုံးပြီး “ကောင်းတယ်။

စိတ်မပူပါနဲ့၊ ငါမင်းကိုကူညီမယ်"

ယန်ရှင်း က အနည်းငယ်

ခေါင်းညိတ်လိုက်သည် "ဒီလိုဆို

အစ်ကိုရှင်း ကို ကျေးဇူးတင်ပါတယ်"

လုယွမ်ကျန်း က ပြုံးလိုက်ပြီး လုလီကူး

ကို

လှည့်ကြည့်ကာ "ဒါဆို

စောင့်ရအောင်"ဟုပြောလိုက်သည်။

အချိန်များ တရွေ့ရွေ့နှင့် ကုန်ဆုံးလာ၏။ မျက်စိတစ်မှိတ်အတွင်းမှာပဲ အချိန် ၁ ရက်ကြာ ရှိသွားပါပြီ။ ယန်ယဲ့ ကတော့ အခုထိ ပေါ်မလာသေးပါ။

နေမွန်းတည့်ချိန် ။

လုယွမ်ကျန်း က ယန်ရှင်း ကို စိုက်ကြည့်ရင်း ပြုံးပြီး "အစ်ကိုရှင်း၊

မင်းရဲ့ဝမ်းကွဲညီက
မလာသေးသလိုပဲ"ဟုပြောပါသည်။

ယန်ရှင်း က ဘာမှမထူးခြားဘဲ "သူက
ထူးထူးခြားခြားငြိမ်နေပါလား။
တစ်ခုခုကိုရိပ်မိနေတာထင်တယ်"

စကားပြောနေရင်း လုလီကူး ကို
မော့ကြည့်ကာ "လုလီကူး၊ မင်းက အခု
ဒုက္ခိတဖြစ်နေပြီ။ အသက်ရှင်နေတာက

မင်းအတွက်

ဒုက္ခရောက်တယ်ဆိုရင်တောင်

ငါယန်ရှင်းက လုကလန်ကို

မျက်နှာသာပေးတဲ့အနေနဲ့

လွှတ်ပေးလိုက်မယ်”

“ခဏစောင့်” ထိုအချိန်တွင် လုယွမ်ကျန်း

က လုလီကူး ကို ကြည့်ပြီး ပြုံးကာ

"ဝမ်းကွဲညီ၊ ယန်ယဲ့ ကိုကူညီမိလို့

နောင်တရနေသလား"

လုလီကူး က လုယွမ်ကျန်း ကို

စူးစိုက်ကြည့်ရင်း "ငါက နှလုံးသားနဲ့

မိတ်ဆွေလုပ်ထားတော့ နောင်တရတာနဲ့

ဘာမှ မဆိုင်ပါဘူး။သူလာရင်

ငါကျေနပ်တယ်၊

သူရောက်မလာရင်လည်း ငါပျော်တယ်။

ဘာကြောင့်လဲဆိုတော့ တစ်နေ့မှာ သူက

ငါ့ကိုယ်စား လက်စားချေမယ်ဆိုတာ

ငါသိတယ်။ ဒါအပြင်

ငါ့အသက်ဆက်ရှင်နေရင်

မင်းရဲ့ခေါင်းကိုဖြတ်မယ်၊ ပြီးတော့

ငါ့အခန်းထဲက ပန်းအိုးလုပ်ပစ်မယ်”

လုယွမ်ကျန်း၏ မျက်လုံးများက

အနည်းငယ် ကျဉ်းမြောင်းသွားပြီး

"မင်းမှာ ဒီလိုလုပ်ဖို့

အခွင့်အရေးမရှိတော့ဘူး"ဟူ၍

အေးစက်စက်ပြောလိုက်၏။

ထို့နောက် တိုက်ခိုက်ရန်ပြင်လိုက်သည်။

ထိုအချိန်တွင် လေထဲကနေ

အလင်းတန်းတစ်ခု ရုတ်တရက်

ထိုးဆင်းလာသည်။

အချိန်တော်တော်ကြာပြီးနောက်

အလင်းတန်းက မြေကြီးပေါ်သို့

ဆင်းသက်လာပြီး

လူတစ်ယောက်ပေါ်လာခဲ့သည်။

ထိုလူက ယန်ရှင်း စောင့်ဆိုင်းနေသည့်

ယန်ယဲ့ ပါ။

ယန်ယဲ့ သည် ယန်ရှင်း ဆီသို့

ဖြည်းညှင်းစွာ လျှောက်လာရင်း

"ဝမ်းကွဲအစ်ကိုယန်ရှင်း၊

မင်းရဲ့တစ်မိသားစုလုံးအတွက်

အခေါင်းတွေ

အသင့်ပြင်ထားပြီလား"ဟုပြောခဲ့သည်။

ယန်ယဲ့ ပြောလိုက်သည့်

စကားကိုကြားသောအခါ ယန်ရှင်း၏

မျက်နှာက ရက်စက်ကြမ်းကြုတ်မှုများ

ဖုံးလွှမ်းသွားသည်။ သူက "ယန်ယဲ့၊ ငါ့ကို

ပြောင်းပြန်လာမပြောနဲ့။ တကယ်တော့

မင်းဒီကိုမလာခင် မင်းကိုယ်မင်းအတွက်

အခေါင်းတစ်လုံး ပြင်ထားပြီးလားလို့

မေးသင့်တယ်"

ယန်ယဲ့ လား ။

မရေတွက်နိုင်သောလူများက

အစိမ်းရောင်ဝတ်ရုံအမျိုးသား (ယန်ယဲ့)

ကို စိုက်ကြည့်နေကြသည်။ (မှတ်ချက်။

ယန်ယဲ့ရဲ့ အမှတ်သင်္ကေတက

အစိမ်းရောင်ဝတ်ရုံပါ)

ဤနေရာမှ လူတိုင်းက

ယန်ယဲ့၏အကြောင်းကို များများစားစား

မသိထားပေ။ နောက်ဆုံးတွင် ယန်ယဲ့

သည့် နဂါးငွေ့တန်းကြယ်စင်စုမှ
မွေးဖွားခဲ့သူမဟုတ်ချေ။ သို့သော် ယန်ယွဲ့
သည် ယန်ကလန်၏
ဆယ်ယောက်မြောက်သခင်ငယ်
ဖြစ်သည်ကိုတော့ သိကြသည်။

လက်ရှိအခြေအနေ ကလည်း
ယန်ကလန်၏ သခင်ငယ်များကြားက
တိုက်ပွဲပါ။

ယန်ယဲ့ က ရပ်တန့်ပြီး မြို့ရိုးပေါ်ရှိ

လုလီကူး ကို မော့ကြည့်လိုက်သည်။

ထိုအချိန်တွင် လုလီကူး က ယန်ယဲ့ ကို

မြင်လိုက်သောအခါ

မျက်နှာပျက်သွား၏။

လုလီကူး က ယန်ယဲ့ ကိုကြည့်ပြီး

ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည်

"မိတ်ဆွေဆိုတာ ဘာအတွက်လဲ။

အချင်းချင်း ဆွဲချလို့ရတယ်။

တစ်ယောက်ကိုတစ်ယောက်

မလှည့်စားရင် ငါတို့က

မိတ်ဆွေဖြစ်နေတုန်းပဲ။ လက်ရှိ

အခြေအနေကို ကြည့်လိုက်ရုံနဲ့ မင်းကို

ငါလည်း ဆွဲချမိတာ မဟုတ်ဘူးလား။

ဒါကြောင့် ဒီလိုအမှိုက်တွေနဲ့

စကားများပြီး အချိန်မဖြုန်းနဲ့။ သူတို့ကို

အမြန်သတ်ပစ်လိုက်။ ပြီးတော့ ငါ့ကို

ဒီကနေ ဆင်းခိုင်းပါ။ ဒီမှာ

ချိတ်ဆွဲခံထားရတာ

တော်တော်ဆိုးတယ်”ဟုဆက်ပြောလိုက်

သည်။

ယန်ယဲ့ က ပြုံးပြီး "ငါ အကောင်းဆုံး

လုပ်မယ်"

စကားပြောနေရင်းဖြင့် ယန်ရှင်း ကို

လှည့်ကြည့်လိုက်ပြီး

"မင်းငါ့ကိုဒီမှာမတွေ့ချင်ဘူးလား။ လာ၊

ငါ အခုဒီမှာ။ မင်း ငါ့ကို တစ်ယောက်ချင်း တိုက်ခိုက်ချင်လား ဒါမှမဟုတ် အုပ်စုဖွဲ့တိုက်ခိုက်ဖို့ စီစဉ်ထားသလား" ဟုပြောလိုက်သည်။

ထို့နောက် ယန်ယဲ့က သူ့လက်ကို ဝှေ့ယမ်းပြီး ဆက်ပြောလိုက်၏ "မင်း ငြိမ်နေပုံကိုကြည့်ရင်တော့ ငါ့ကို တစ်ယောက်ချင်းတိုက်ခိုက်ဖို့ ကြောက်နေတာထင်တယ်။ လာ၊

မင်းမှာရှိတဲ့လူတိုင်းကို ခေါ်လိုက်။

အချိန်မဖြုန်းနဲ့"

"ငါ မင်းကို တစ်ယောက်ချင်း

မတိုက်ခိုက်ရဲဘူးလား" ယန်ရှင်း၏

မျက်လုံးထဲမှ

ရက်စက်ကြမ်းကြုတ်မှုတစ်ခု ပေါ်လာပြီး

"ယန်ယွဲ့၊ မင်းဟာ ပြိုင်ဖက်ကင်း လို့

ထင်နေတာလား။

အဲဒီအမျိုးသမီးမဟုတ်ရင် မင်းက

ယန်ရှူတို့မြေးအဖိုးလက်ထဲမှာ

သေနေလောက်ပြီ။

ရယ်စရာကောင်းတာက မင်းကိုယ်မင်း

အရမ်းကြောက်စရာကောင်းတယ်လို့

မင်းထင်နေတာ။ ငါ့စိုးရိမ်မိသလောက်

မင်းဟာ မိန်းမတစ်ယောက်ကို

အားကိုးရတဲ့

အမှိုက်တစ်စပဲ”ဟုပြောလေသည်။

ယန်ယဲ့ က ပခုံးတွန့်လိုက်ပြီး

“မိန်းမတစ်ယောက်ကို အားကိုးရတာဟာ

စွမ်းရည်တစ်မျိုးပါပဲ။ တတ်နိုင်ရင်

မင်းဘာလို့ မလုပ်တာလဲ"

ယန်ရှင်းက ပါးစပ်ထောင့်တွင်

လှောင်ပြောင်ရယ်မောလိုက်သည်

"အမှိုက်ပဲ"

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး ယန်ရှင်း ကို

စူးစိုက်ကြည့်ကာ "မင်းက မိန်းမလို

ဆူညံနေတာ မဟုတ်ဘူးလား။ မင်းက

တစ်ယောက်ချင်း တိုက်ခိုက်မလား

ဒါမှမဟုတ် ငါ့ကို အုပ်စုဖွဲ့

တိုက်ခိုက်ချင်တာလား။

တစ်ယောက်ချင်းဆိုရင် လာပါ။

အခုကစလို့

သေခြင်းရှင်ခြင်းတိုက်ခိုက်ရအောင်။

မင်းမလုပ်ရဲရင်

မင်းမှာရှိတဲ့လူအားလုံးကိုခေါ်လိုက်။

မင်းတို့အားလုံးကို

ငါကိုယ်တိုင်တိုက်ခိုက်မယ်။အဆင်ပြေ

လား"

အားလုံး သူတစ်ယောက်တည်းလား ။

သောက်ကျိုးနည်း။ ဒီယန်ယဲ့က
မောက်မာနေလိုက်တာ။

အားလုံးက ယန်ယဲ့ ကို
စိုက်ကြည့်နေကြသည်။ ယန်ယဲ့ဟာ
မည်မျှပင်သန်မာနေပါစေ ယန်ရှင်း
နှင့်တစ်ဖွဲ့လုံးကို
စိန်ခေါ်လိုက်သည်ကတော့
အရူးတစ်ယောက်ဟုသာပြောရပေမည်။

"တစ်ယောက်ချင်းတိုက်ခိုက်မှာလား"

ယန်ရှင်း က ပြင်းထန်စွာ

ရယ်မောလိုက်သည် "ကောင်းပြီ။

မင်းလိုချင်တာကြောင့် ငါမင်းကိုတစ်

ယောက်ချင်းတိုက်ခိုက်မယ်"

စကားပြောပြီးနောက်

သူ့လက်ဝါးကိုလှန်လိုက်ရာ သူ့လက်ထဲ၌

ခရမ်းရောင်ဘီးတစ်ခုပေါ်လာသည်။

သို့သော်လည်း တိုက်ခိုက်ခါနီးတွင်တော့

အဘိုးကြီးတစ်ယောက် ရုတ်တရက်
ပေါ်လာသည်။ အဘိုးအို၏
ဘယ်ဖက်ရင်အုံ၌ '戒'
စာလုံးရေးထိုးထားသည်။

စည်းကမ်းထိန်းသိမ်းရေးခန်းမရဲ့
အကြီးအကဲ လား။

အဘိုးအိုက ယန်ယွဲ့ နှင့် ယန်ရှင်းကို
တစ်ချက်ကြည့်လိုက်ပြီး

“ဆက်ခံသူတိုက်ပွဲက မစသေးပါဘူး။
နှစ်ယောက်လုံး...”

ထိုအချိန်တွင် ယန်ရှင်း က ရုတ်တရက်
စကားဖြတ်ပြောလိုက်သည် "ဒါဟာ
ငါတို့ကြားက သီးသန့်ကိစ္စပါ။
ငါတို့ကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းမယ်။
ဘယ်သူက အသက်ရှင်မလဲဆိုတာတော့
ကောင်းကင်ဘုံက ဆုံးဖြတ်လိမ့်မယ်”

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး

“သူပြောတာ မှန်ပါတယ်။ ဒါဟာ

ငါတို့ရဲ့ကိုယ်ပိုင်ကိစ္စဖြစ်လို့

စည်းကမ်းထိန်းသိမ်းရေးခန်းမအနေနဲ့

ဝင်စွက်ဖက်ဖို့မလိုပါဘူး။

ဘယ်သူပဲသေသေ မင်းရဲ့

စည်းကမ်းထိန်းသိမ်းရေးခန်းမက

အဲဒါအတွက်

အပြစ်တင်ခံရမှာမဟုတ်ဘူး”ဟုထပ်ပြော
လိုက်သည်။

အဘိုးအိုက ယန်ယဲ့ကို
တစ်ချက်ကြည့်ရင်း ခဏကြာ
တိတ်ဆိတ်သွားပြီးနောက်
ခေါင်းညိတ်လိုက်သည် "ဒါဆို
မင်းတို့ဆန္ဒအတိုင်း လုပ်ပါ"

ထို့နောက် ဖျတ်ခနဲပျောက်သွား၏။

အဘိုးအို ပျောက်ကွယ်သွားသည်နှင့်

တပြိုင်နက် ယန်ရှင်း က ယန်ယဲ့ ကို

စူးစိုက်ကြည့်ကာ "ဒီနေ့မင်းအနားမှာ

အဲဒီမိန်းမမရှိရင်

မင်းဘာမှမဟုတ်ဘူးဆိုတာ

နားလည်အောင်ပြပေးလိုက်မယ်"

စကားပြောပြီးသည်နှင့် သူ့လက်ထဲမှ

ဘီးက လျှပ်စီးလက်သလိုမျိုး ရှေ့သို့

ပြေးထွက်လာသဖြင့် အာကာသပြင်ဟာ

တုန်လှုပ်သွားသည်။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းလာပြီး တို့ဆိုင်းမနေဘဲ

ဓားကို ဆွဲထုတ်ကာ

လှန်ပိုင်းချလိုက်သည်။

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား ၁၅

ထပ်ပေါင်းတိုက်ခိုက်မှု ။

ထာဝရအဆင့် ရုပ်ခန္ဓာကိုယ်ကို

ပိုင်ဆိုင်ပြီးနောက်တွင် ယန်ယဲ့သည်

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား ၁၅ ထပ်

ပေါင်းစပ်နိုင်၏။

ဓားစွမ်းအင်ကို ရှေ့သို့

ပစ်ခတ်လိုက်သည်နှင့် ပတ်ပတ်လည်ရှိ

အာကာသပြင်ဟာ ချက်ချင်း

တုန်ခါသွားကာ ယန်ရှင်း၏ ဘီးက

ပေါက်ကွဲထွက်သွားလေသည်။သို့သော်လည်း လက်သီးဆုပ်အရွယ်ခန့် သေးငယ်သော ဘီးသုံးဘီး ရုတ်တရက်ထွက်ပေါ်လာပြီး ယန်ယွဲ့ဆီသို့ ချက်ချင်းပြေးဝင်သွားသည်။

ဖြစ်ပျက်သွားသော အခြေအနေက ထင်မှတ်မထားလောက်အောင်ဟူသည့်အတိုင်း လုံးဝကိုမြန်ဆန်နေခဲ့သည်။

ယန်ယဲ့၏ အမူအရာသည်လည်း

အတူတူပင်။ သူ့လက်ကောက်ဝတ်ကို

အနည်းငယ်လှုပ်လိုက်ရာ

ဓားစွမ်းအင်အလင်းတန်း ၃ စင်း

ရှေ့သို့ပြေးထွက်လာသည်။

ဘမ်း...ဘမ်း...ဘမ်း....

ပေါက်ကွဲသံ သုံးခု ထွက်ပေါ်လာပြီး
အဆိုပါ ဘီးငယ်များလည်း
ကွဲထွက်သွားသည်။

သို့သော်လည်း ယန်ယဲ့၏ အမူအရာက
ရုတ်တရက်ပြောင်းသွားကာ ညာလက်ကို
မြှောက်ပြီး မြန်မြန်ဆန်ဆန် ခုတ်
ပိုင်းလိုက်သည်။

ဖုန်း...

ပြင်းထန်စွာ တိုက်မိသံ
ထွက်ပေါ်လာပြီးနောက် ယန်ယဲ့ သည်
မီတာ ၃၀၀ အကွာသို့ လွင့်ပျံသွားသည်။

သူ့ကိုယ်သူ
ရပ်တန့်လိုက်သည့်အခါတွင်လည်း
အေးစက်စက်အလင်းတန်းတစ်ခုက
သူ့ရှေ့ကို တည့်တည့်ပျံသန်းလာသည်။
ယန်ယဲ့၏မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားပြီး ဓားကို မြှောက်ကာ

နောက်တစ်ကြိမ် ပိုင်းချလိုက်သည်။

ဘုန်း...

ပေါက်ကွဲသံတစ်ချက်

ထပ်ထွက်လာပြီးနောက် ယန်ယွဲ့သည်

နောက်ထပ် မီတာ ၃၀၀ အကွာသို့

လွင့်ထွက်သွားပြန်သည်။

လျှို့ဝှက်လက်နက် လား။

ယန်ယဲ့ သည် အနည်းငယ်တော့

အံ့ဩသွား၏။ သူ့စိတ်ထဲ၌ ယန်ရှင်း က

လျှို့ဝှက်လက်နက်ကို အမှန်တကယ်

ထုတ်သုံးလိမ့်မည်ဟု

မမျှော်လင့်ထားပေ။ ထို့အပြင်

ယန်ရှင်း၏

လက်နက်အသုံးပြုသောစွမ်းရည်က

အမှန်ပင်ကြောက်စရာကောင်းလှသည်။

ထိုအချိန်တွင် ငွေရောင်အလင်းတန်း

အနည်းငယ် လင်းလက်လာသည်။

အားလုံးက နွားမွေးနှင့်တူကာ ပါးလွှာပြီး

သာမန်မျက်စိဖြင့် သတိပြုမိရန် လုံးဝ

မဖြစ်နိုင်ပေ။

နတ်ဘုရားစိတ်အာရုံအသိဖြင့်

အာရုံခံမှသာ။

ယန်ယဲ့ သည် ခဏမျှ ငြိမ်သက်သွား၏။

ထို့နောက်တွင် သူ့ထံမှ

ကြောက်မက်ဖွယ်ရာ

စွမ်းအင်လှိုင်းကြီးတစ်ခု

ပေါက်ကွဲထွက်လာသည်။

ဘုန်း....

အမည်မသိစွမ်းအင်လှိုင်း

ပျံ့လွင့်လာသည်နှင့်

ငွေရောင်အလင်းတန်းသုံးခုဟာ

ကွဲထွက်ပြီး ပြန့်ကျဲသွားသည်။

ထို့နောက်တွင်

ငွေရောင်အပ်သုံးချောင်းက လေထဲမှ

ပြုတ်ကျလာသည်။

ထိုအချိန်တွင် ယန်ရှင်း က

နေရာမှာပင်ပျောက်သွားပြီးနောက်

ယန်ယဲ့ရှေ့၌အေးစက်စက်အလင်းတန်း

တစ်ခုပေါ်လာသည်။

ယန်ယဲ့ သည် တွန့်ဆုတ်မနေဘဲ

ဓားကိုဆွဲထုတ်ပြီး ပိုင်းချလိုက်သည်။

ဘမ်း....

ပေါက်ကွဲသံတစ်ချက်

ထွက်ပေါ်လာပြီးနောက် အနက်ရောင်

အရိပ်တစ်ခုဟာ မီတာ ၃၀၀ အကွာသို့

ချက်ချင်း လွင့်ပျံသွားသည်။

ထိုအနက်ရောင်အရိပ်က

အခြားသူမဟုတ်ဘဲ ယန်ရှင်း ပါ။

သို့သော်လည်း ယန်ရှင်း၏ပုံရိပ်က

နောက်ပြန်ဆုတ်သွားရင်း

လျှပ်စီးလက်သကဲ့သို့

ငွေရောင်အလင်းတန်းအနည်းငယ်

လင်းလက်သွားသည်။

ဤ၊တစ်ကြိမ်တွင်တော့ ယန်ယဲ့ သည်

ဓားကိုမသုံးတော့ပေ။ သူ့ညာခြေကို

ဆောင့်ပြီး

အလင်းတန်းတစ်ခုအဖြစ်ပြောင်းကာ

ရှေ့သို့ခုန်ထွက်လိုက်သည်။

ဘမ်း... ဘမ်း...

May Be:

၂၀၀၁

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်
သို့အပြန်)]
ဘာသာပြန်သူ - ညီညီစိုး
အပိုင်း ၂၀၀၁ -
နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်၏
အဆင့် ၁၀

ငွေရောင်အလင်းတန်းများ
ကွဲအက်သွားပြီးနောက် ယန်ယွဲ့၏ပုံရိပ်က

ယန်ရှင်း ရှေ့ကို ချက်ချင်း

ရောက်သွားလေတော့သည်။

ယန်ရှင်း၏ မျက်လုံးထဲ၌ ရက်စက်မှုများ

တောက်ပလာကာ သူ့လက်နှစ်ဖက်ကို

ဝှေ့ယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ

သူ့လက်ဝါးနှစ်ဖက်ကနေ

မရေမတွက်နိုင်တဲ့အလင်းတန်းများ

ဖြာထွက်လာပြီး ယန်ယဲ့အား

ဖုံးအုပ်လိုက်သည်။

ထိုငွေရောင်အလင်းတန်းများ

ပေါ်လာသည်နှင့် တပြိုင်နက်

ခါးအူသံတစ်သံ ထွက်ပေါ်လာပါသည်။

တစ်ချိန်တည်းမှာပင်

ငွေရောင်အလင်းတန်းများကြားကနေ

မရေမတွက်နိုင်သော

ခါးစွမ်းအင်အလင်းတန်းများ

ထိုးဖောက်ထွက်လာခဲ့သည်။

အုန်း

ပေါက်ကွဲသံများ အဆက်မပြတ်
ထွက်ပေါ်လာသည်။

ထိုအချိန်တွင် အလင်းတန်းတစ်ခု
လက်သွားပြီး ယန်ရှင်း ရှေ့ကို
ရောက်လာသည်။

ယန်ရှင်း၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်။

ရှင်းရှင်းပြောရရင်တော့ သူသည် ယန်ယွဲ့၏ခွန်အားကို လျှော့တွက်မိခဲ့တာပါ။ ယန်ရှင်းက မပေါ့ဆဝံ့ဘဲ ညာလက်ကို ချက်ချင်းဝှေ့ယမ်းလိုက်သည်။ သူ့လက်ဝါးမှ ဘီးတစ်စင်း ထွက်လာသည်။

ဘမ်း...

ဘီး က ဓားစွမ်းအင်နှင့်

တိုက်မိသွားသည်။ပေါက်ကွဲသံထွက်ပေါ်

လာပြီးနောက် ထိုနေရာက

ပြင်းထန်စွာတုန်ခါပြီး

ယန်ရှင်း၏ပုံရိပ်ဟာ ၁

ကီလိုမီတာအကွာသို့ လွင့်ပျံသွားသည်။

ယန်ရှင်း၏ ပုံရိပ်

ရုပ်တန့်သွားသည်နှင့်တပြိုင်နက်

အလင်းတန်းတစ်ခုက သူ့ရှေ့ကို

ချက်ချင်းရောက်လာသည်။

ဘုန်း...

ယန်ရှင်း က ၁ ကီလိုမီတာအကွာသို့

နောက်တစ်ကြိမ်

လွင့်ထွက်သွားပြန်သည်။

သို့သော်လည်း ယန်ယဲ့သည်
ဆက်ပြီးမတိုက်ခိုက်ဘဲ လုလီကူး ကို
ချိတ်ဆွဲထားသည့်နေရာသို့
ခုန်ထွက်သွားသည်။

သူ၏ နဂိုရည်ရွယ်ချက်ဟာ
လူသတ်ဖို့မဟုတ်ဘဲ လူကယ်ဖို့သာ။
အစုလိုက်အပြုံ သတ်ခြင်းမသတ်ခြင်း

ကတော့ အခြေအနေကို

အရင်ကြည့်ပြီးမှသာ။

သို့သော် သူ့ဘယ်ဖက်မှ

အပြာရောင်အလင်းတန်းတစ်ခု

ရုတ်တရက်ပစ်လွှင့်လာသဖြင့် လုလီကူး

ရှေ့သို့ပင် မရောက်လိုက်ပေ။

ထိုအလင်းတန်းကို သတိပြုမိသောအခါ

ယန်ယွဲ့၏မျက်လုံးထဲ၌

ရက်စက်သောအမူအရာတစ်ခု
တောက်ပလာပြီး နောက်လှည့်ကာ
သူ့ဓားကို လှန်လိုက်သည်။

ဘမ်း...

အပြာရောင်အလင်းတန်းက
အစိတ်စိတ်အမွှာမွှာကွဲအက်သွားသောလ
ည်း ယန်ယွဲ့သည် မီတာ ၃၀ ကျော်ထိ
တွန်းထုတ်ခံလိုက်ရသည်။ ယန်ယွဲ့ က

လှည့်ကြည့်လိုက်ရာ သူ့နဲ့
သိပ်မဝေးသောနေရာမှာ ရပ်နေသည့်
လူတစ်ယောက်ကို တွေ့လိုက်ရသည်။

လုကလန်၏ ဆက်ခံသူ လုယွမ်ကျန်း ။

လုယွမ်ကျန်း က တဟားဟားရယ်ပြီး
"သခင်လေးယဲ့၊ အစ်ကိုရှင်း နဲ့
မင်းရဲ့တိုက်ပွဲက
မပြီးသေးဘူး"ဟုပြောလိုက်သည်။

ယန်ယဲ့ က လုယွမ်ကျန်း ကို

စိုက်ကြည့်လိုက်ပြီး "မင်းက..."

လုယွမ်ကျန်း က ပြုံးလိုက်ပြီး

"လုကလန်ရဲ့ ဆက်ခံသူ လုယွမ်ကျန်း "

ယန်ယဲ့ က အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး "မင်းက

သူ့ဒန်တျန်ကို ဖျက်ဆီးလိုက်တဲ့သူလား"

လုယွမ်ကျန်း က ခေါင်းညိတ်ပြီး
“ဒါအမှန်ပဲ။ ဘာလဲဘာ မင်း သူ့ကိုယ်စား
လက်စားချေချင်တာလား"

ယန်ယွဲ့က လုယွမ်ကျန်း ဆီသို့
ဖြည်းညင်းစွာ လျှောက်လှမ်းလာပြီး
"ဒါက ငါလုပ်ချင်တာ လုပ်ပြီး
ငါတွေးနေတာ။ မဟုတ်ဘူး၊

ငါအဲဒါကိုလုပ်ဖို့မစဉ်းစားဘူး၊

ငါအခုချက်ချင်းလုပ်မယ်"

စကားပြောပြီးသည်နှင့် နေရာမှာပင်

ပျောက်သွား၏။

လုယွမ်ကျန်း၏ ပါးစပ်ထောင့်မှ

အေးစက်သော အပြုံးတစ်ခု ပေါ်လာပြီး

လက်သီးဆုပ်ထားလိုက်သည်။ ထို့နောက်

သူ၏လက်သီးကို

ရှေ့သို့လှမ်းထိုးလိုက်ရာ
အပြာရောင်အလင်းတန်းတစ်ခု
လင်းလက်လာသည်။

ဘုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်
ယန်ယွဲ့ သည် မီတာ ၃၀၀ အကွာသို့
တွန်းထုတ်ခံလိုက်ရသည်။ လုယွမ်ကျန်း

ကတော့ မီတာ ၃၀ လောက်သာ

ပြန်ဆုတ်သွား၏။

ထိုအချိန်တွင် ယန်ယဲ့ သည်

အလင်းတန်းသဖွယ်ပြောင်းလဲကာ ရှေ့သို့

ပြေးထွက်လာလိုက်သည်။

လုယွမ်ကျန်း၏ မျက်လုံးထဲမှ

အေးစက်သော အလင်းရောင်တစ်ခု

လင်းလက်လာပြီး တိုက်ခိုက်ရန်

ပြင်လိုက်၏။ သို့သော်လည်း ယန်ယွဲ့သည် နေရာတွင်ပင် ရုတ်တရက် ပျောက်ကွယ်သွားသည်။ ထို့နောက် ယန်ရှင်း၏ အမူအရာက သိသိသာသာ ပြောင်းလဲသွားသည်။ အကြောင်းမှာ သူ့နောက်ကွယ်မှ အရိပ်ဟာ ရုတ်တရက် တွန့်လိမ်သွားပြီး နောက်ကျောဖက်မှ အလင်းတန်းတစ်ခု ပေါ်လာလို့ပါ။

ဤအခိုက်အတန့်မှာ အားလုံးက

နားလည်မှုအသစ်တစ်ခု ရသွားကြသည်။

ယန်ယဲ့ သည် လုယွမ်ကျန်းကို ဗန်းပြကာ

ယန်ရှင်းကို လှည့်စားလိုက်ခြင်းပင်။

သူ၏

ပစ်မှတ်က ယန်ရှင်း သာ။

ဘုန်း...

ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာပြီးနောက် ယန်ရှင်း၏
နောက်ကွယ်မှ အလင်းတန်းများ
ပြန့်ကျဲသွားသည်။ တစ်ချိန်တည်းမှာပင်
ပုံရိပ်တစ်ခုဟာ မီတာ ၃၀၀
ကျော်အကွာထိ လွင့်ပျံသွားသည်။

ထိုပုံရိပ်က ယန်ယွဲ့ ပါ။

ယန်ယွဲ့ က တုန်လှုပ်မသွားဘဲ ယန်ရှင်း ကို

မော့ကြည့်လိုက်သည်။ ထိုအခါ ယန်ရှင်း၏ နံဘေးမှ အနက်ရောင်အရိပ်တစ်ခုကိုမြင်လိုက်သည်။

ယန်ရှင်း က ရုတ်တရက် ရယ်မောလိုက်ပြီး "ယန်ယဲ့၊ အဲဒီနေ့က မင်းရဲ့ အမှောင်တာအိုဥပဒေသ ကို လုံးဝသတိထားမိသွားတယ်လေ။ ဒါဆို

ဘယ်လိုသတိထားရမလဲ။ အခု မင်းမှာ

တခြားလှုပ်ရှားမှုတွေ ရှိလား"

"အရှူးယန်..." တစ်ချိန်တည်းမှာပဲ

လုလီကူး

 က ရုတ်တရက်ပြောလာခဲ့သည်

"မင်းဒါကို လုပ်နိုင်မလား၊

မလုပ်နိုင်ဘူးလား။ မတတ်နိုင်ရင်

ထွက်ပြေးလိုက်။ အနာဂတ်မှာ
ငါ့ကိုယ်စား လက်စားချေပါ”

"ပြေးမလား" ယန်ရှင်း၏ ပါးစပ်ထောင့်မှ
လှောင်ပြောင်သရော်မှုတစ်ခုနှင့် “ဒီနေ့
ထွက်သွားနိုင်မှာ မဟုတ်ဘူး”
ဟုပြောလိုက်သည်။ စကားပြောနေစဉ်
သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ
သွေးရုပ်သေးသုံးကောင် ပေါ်လာသည်။

သွေးရုပ်သေးများကို မြင်လိုက်သောအခါ

ယန်ယွဲ့၏ မျက်လုံးများက

ကျဉ်းမြောင်းသွားသည်။

ထိုသွေးရုပ်သေး သုံးကောင်ဟာ

သူယူထားသည့်သွေးရုပ်သေးများနှင့်မ

တူကြောင်းသတိထားမိလို့ပါ။

တစ်နည်းအားဖြင့် ယန်ရှင်း၏ နံဘေးမှ

သွေးရုပ်သေးသုံးကောင်ဟာ

မူလနတ်ဘုရားတစ်ပိုင်းအဆင့်
ကျင့်ကြံသူများနှင့်
နှိုင်းယှဉ်နိုင်သည်။

ထို့အပြင် သာမန်
မူလနတ်ဘုရားတစ်ပိုင်းအဆင့်များ ထက်
သာလွန်သည်။

ထိုအချိန်တွင် ယန်ယွဲ့၏ နံဘေး၌
အန်နန်ကျင်း ပေါ်လာသည်။ အန်နန်ကျင်း

ပေါ်လာသည်နှင့်တပြိုင်နက် မြို့ထဲမှ
ငွေရောင်အလင်းတန်းတစ်ခု
ပြေးထွက်လာပြီး သူမရှေ့ကို
ချက်ချင်းရောက်လာသည်။

အန်နန်ကျင်း က မိုးကောင်းကင်ခွဲလုံ့ကို
မြှောက်ကာ ရှေ့သို့ လျင်မြန်စွာ
ထိုးလိုက်သည်။

ဖုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်
အန်နန်ကျင်း က မီတာ ၃၀၀ အကွာထိ
ဆုတ်သွားရလေသည်။

တစ်ချိန်တည်းမှာပဲ တစ်စုံတစ်ယောက်က
“သူ... သူက
နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်ရဲ့
နံပါတ် ၁၀ ကျင့်ကြံသူ။ လုံ့နတ်ဘုရား
မင်မို"ဟူ၍ အော်ဟစ်လိုက်သည်။

ယန်ယဲ့က အသံကြားလိုက်သည်နှင့်
လှည့်ကြည့်လိုက်ရာ
အဖြူရောင်ဝတ်ရုံဝတ်လူတစ်ယောက်ကို
တွေ့လိုက်သည်။ ထိုလူက အသက် ၂၅
ဝန်းကျင်သာရှိပုံရ၏။ ဆံပင်ကို
ပဝါဖြူဖြင့်
ဦးခေါင်းနောက်ဖက်၌ချည်နှောင်ထားသ
ည်။ ထို့အပြင် လက်ထဲမှာ

ငွေလှုံတစ်ချောင်းပါ

ကိုင်ဆောင်ထားသည်။

လှံနတ်ဘုရား မင်မို။

နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်ရဲ့

အဆင့် ၁၀ လား ။

မင်မို က ယန်ယဲ့ ရပ်နေသည့် နေရာဆီသို့

လျှောက်လာကာ သိပ်မဝေးတော့မှ

ရပ်လိုက်သည်။ ထို့နောက် ယန်ရှင်း ကိုကြည့်ပြီး "ဘယ်သူ့ကို အရင်သတ်ပေးရမလဲ"ဟုမေးလိုက်သည်။

ယန်ရှင်း က တဟားဟားရယ်ရင်း "ဝမ်းကွဲအစ်ကို၊ မင်းတကယ်လာခဲ့တာ"

မင်မိုက သူ့ကို ဂရုမစိုက်ဘဲ စိုက်ကြည့်ကာ "မင်းအမေအတွက်

ငါ့မင်းကို တစ်ခါလောက် ကူညီပေးမယ်"

ဟုသာ ပြန်ဖြေသည်။

ယန်ရှင်း က အနည်းငယ်

ခေါင်းညိတ်ပြပြီး အန်နန်ကျင်း ကို

စူးစိုက်ကြည့်ကာ "ဝမ်းကွဲအစ်ကို၊

ငါ့အတွက် အချိန်ဆွဲထားပေးပါ။

သေချာပါတယ်၊ မင်းသူ့ကိုသတ်နိုင်ရင်

ပိုကောင်းလိမ့်မယ်။ ဒါပေမဲ့ သူမကို

လျှော့

တော့မတွက်ပါနဲ့။ ဒီအမျိုးသမီးက စိတ်ဆန္ဒ ၆ မျိုး နားလည်ထားတယ်”

မင်မို က အန်နန်ကျင်း ကို လှည့်ကြည့်လိုက်ပြီး "သူမက မင်းတို့ယန်ကလန်ရဲ့ မူလနတ်ဘုရားတစ်ပိုင်းအဆင့်ကို ရိုက်နှက်လိုက်တဲ့ အန်နန်ကျင်းဆိုတာလား "

ယန်ရှင်း က ခေါင်းညိတ်လိုက်သည် “ဒါ
သူမ ပဲ”

မင်မို က အနည်းငယ်
ခေါင်းညိတ်လိုက်ပြီး "သူမရဲ့ ခွန်အားကို
မြင်ချင်လိုက်တာ"ဟုပြောလိုက်သည်။

စကားပြောပြီးသည်နှင့် တပြိုင်နက်
နေရာတွင် ပျောက်ကွယ်သွားသည်။
ထိုခဏလေးမှာပဲ အလင်းတန်းများက

လေထဲသို့ တပြိုင်နက်

လင်းလက်လာသည်။

အန်နန်ကျင်းက အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။

တစ်ချိန်တည်းမှာပင် မိုးကောင်းကင်ခွဲလုံ

က လျှပ်စီးလက်သကဲ့သို့ ရှေ့ကို

ပြေးထွက်လာသည်။

ဖောင်း...

နားကွဲလုမတတ်ပေါက်ကွဲသံ
ထွက်ပေါ်လာပြီးနောက် အန်နန်ကျင်းနှင့်
မင်မိုတို့ နှစ်ယောက်စလုံး
နောက်ပြန်ဆုတ်သွားကြသည်။ မင်မို က
မီတာ ၃၀၀ အကွာကို ဆုတ်သွားပြီး
အန်နန်ကျင်း ကတော့ မီတာ ၆၀၀
နီးပါးထိ ပြန်ဆုတ်သွားရသည်။

သို့သော် ယန်ရှင်း နှင့်

အခြားသူများအားလုံး မျက်နှာထက်

လေးနက်သောအမူအရာများရှိနေကြသ

ည်။ အကြောင်းကတော့ မင်မိုဟာ

ထာဝရတန်ခိုးရှင် ဖြစ်နေလို့ပါ။

တစ်ဖက်မှာတော့ အန်နန်ကျင်းဟာ

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူတစ်ယောက်သာ။

မင်မို၏ မျက်လုံးထဲ၌ လေးနက်မှု

အရိပ်အယောင် ပေါ်လာသည်။ သူက

“မဆိုးပါဘူး။ ငါတို့အလယ်စကြာဝဠာမှာ

နောက်ထပ်

ထူးခြားတဲ့ပါရမီရှင်တစ်ယောက်ပေါ်လာ

တယ်။ ဒါပေမယ်လို့ ဘာဖြစ်လဲ။

ကံမကောင်းစွာပဲ၊

မင်းရဲ့ကျင့်ကြံမှုဆင့်က

အားနည်းလွန်းတယ်။ မဟုတ်ရင် ငါ

မင်းကိုဘာမှတတ်နိုင်မှာမဟုတ်ဘူး"

ဟုပြောလိုက်သည်။

စကားပြောနေရင်း သူ့ညာခြေကို

တစ်ချက်ဆောင့်၍

ငွေရောင်အလင်းတန်းအသွင်ပြောင်းလဲ

သွားသည်။

ထိုခဏလေးမှာပဲ အန်နန်ကျင်း နှင့် ၃

မီတာအကွာသို့ ရောက်လာသည်။

ထို့နောက် သူ၏ငွေရောင်လှံကို

ရှေ့သို့ထိုးလိုက်ရာ လှံထိပ်ဖျားမှ

ငွေရောင်နဂါးကြီးတစ်ကောင်

ထွက်လာသည်။

အန်နန်ကျင်း၏ မျက်လုံးများက

အနည်းငယ်

ကျဉ်းမြောင်းသွား၏။သူမ၏ခန္ဓာကိုယ်

ကို တစ်ဖက်သို့ အနည်းငယ်ရွှေ့ကာ

ညာခြေကို မြေပြင်ပုတ်လိုက်သည်။

ထို့နောက် သူမ၏ပုံရိပ်က

လေးညှို့မှ ပစ်လွှတ်လိုက်သော

မြှားတစ်စင်းကဲ့သို့ ရှေ့သို့ ချက်ချင်း

ခုန်ထွက်သွားသည်။

ထိုအချိန်တွင် မိုးကောင်းကင်ခွဲလှံ က

မင်မို၏ ငွေရောင်လှံထိပ်ဖျားမှ

နဂါးကြီးကို ထိမှန်သွားသည်။

ဘုန်း...

ခွပ်...

တိုက်မိသည်နှင့် တပြိုင်နက်

ကျယ်လောင်သော ပေါက်ကွဲသံ

ထွက်ပေါ်လာပြီး အာကာသပြင်ဟာ

ချက်ချင်း အက်ကွဲသွားသည်။

တစ်ဆက်တည်းပင် နှစ်ယောက်စလုံး

နောက်ပြန်ဆုတ်သွားကြသည်။

သို့သော် နှစ်ယောက်လုံး ၃

ကီလိုမီတာအကွာထိ

ပြန်ဆုတ်သွားပြီးနောက်မှသာ

ရပ်တန့်သွားသည်။

ယန်ယဲ့က လုံနတ်ဘုရားမင်မို ဆိုသူကို

တစ်ချက်ကြည့်လိုက်သည်။ ထို့နောက်

တိုက်ခိုက်ရန်ပြင်နေသည့်

အန်နန်ကျင်းအား

ကြည့်ပြီး "မင်း ဒီလူကို
ကိုင်တွယ်နိုင်မလား"ဟုမေးလိုက်သည်။

အန်နန်ကျင်း က အနည်းငယ်
ခေါင်းညိတ်ပြသည် "ရပါတယ်"

ယန်ယဲ က ခေါင်းညိတ်လိုက်သည် "သူ့ကို
ခဏလောက်အချိန်ဆွဲထားပါ။
ငါခဏလောက်ပဲကြာမယ်"

"ကောင်းပြီ" ထိုစကားပြောပြီးသည်နှင့်

အန်နန်ကျင်းက

ရွှေရောင်အလင်းတန်းအဖြစ်ပြောင်းကာ

ရှေ့သို့ခုန်ထွက်သွားသည်။

တစ်ချိန်တည်းမှာပင် မင်မို၏ပုံရိပ်လည်း

ပျောက်ကွယ်သွားခဲ့သည်။

သိပ်မကြာလိုက်ပေ၊

သူတို့နှစ်ယောက်ကြား

ပြင်းထန်သောတိုက်ခိုက်သံများထွက်ပေါ်

လာတော့သည်။

May Be:

၂၀၀၂

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၀၂ - စတုတ္ထမြောက်သခင်ငယ်

အန်နန်ကျင်း က လှံနတ်ဘုရားမင်မို နှင့်

လက်ရည်တူတိုက်ခိုက်နိုင်ကြောင်း

မြင်သောအခါ ယန်ယဲ့ က နောက်လှည့်၍

ယန်ရှင်း နှင့် လုယွမ်ကျန်း ကို

စိုက်ကြည့်လိုက်သည်။

တစ်ချိန်တည်းမှာပဲ

နေရာမှာပင်ပျောက်သွားသည်။

နောက်ခဏလေးမှာပဲ

ယန်ရှင်း၏ရှေ့မှာပြန်ပေါ်လာပြီး

ဓားဆွဲထုတ်ကာ ပိုင်းချလိုက်သည်။

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား ၁၆

ထပ်ပေါင်းတိုက်ခိုက်မှု ။

ဤတစ်ကြိမ်တွင် ယန်ယဲ့ သည်

သူ့ကိုယ်သူထပ်ပြီးမထိန်းထားပေ။

သူ၏ခန္ဓာကိုယ်ထဲမှ

နတ်ဆိုးဘုရားစွမ်းအင်ကိုပါ

အသက်သွင်းကာ ပြန်လာအဆင့်
ဓားစိတ်ဆန္ဒ နှင့် ထာဝရအဆင့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒပါထုတ်ဖော်လို
က်သည်။

အုန်း...

ယန်ရှင်း နှင့် လုယွမ်ကျန်း
တို့ပတ်ပတ်လည်ရှိ အာကာသပြင်ဟာ
ချက်ချင်း ပွင့်ထွက်သွားသည်။

ယန်ယဲ့၏တိုက်ခိုက်မှုကြောင့်

ထွက်ပေါ်လာအားလှိုင်းက

ပတ်ဝန်းကျင်ရှိ လူတိုင်းကိုပင်

နောက်ပြန်လွင့်ထွက်သွားစေသည်။

ထိုအခြေအနေကြောင့် လူတိုင်း

ထိတ်လန့်သွားပြီး တိုက်ပွဲနှင့် ဝေးရာသို့

ကမန်းကတန်း ဆုတ်ပြေးသွားကြသည်။

ထိုမြင်ကွင်းကို မြင်သောအခါ

ယန်ရှင်း၏အမူအရာက

အနည်းငယ်ပြောင်းလဲသွားသည်။

သူ့စိတ်ထဲ ယန်ယဲ့က

ထိုမျှသန်မာနေမည်ဟု

မမျှော်လင့်ထားပေ။သူက ပေါ့ပေါ့ဆဆ

မလုပ်ဆောင်ဝံ့ဘဲ ဘီးကို အလျင်အမြန်

ထုတ်ယူပြီး သူ့ရှေ့တွင်

ကာထားလိုက်သည်။

အုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

ယန်ရှင်း၏ ဘီးက ကွဲထွက်သွားသည်။

တစ်ချိန်တည်းတွင် ယန်ရှင်း ကတော့ ၃

ကီလိုမီတာအကွာထိ လွင့်ပျံသွားခဲ့သည်။

ယန်ယွဲ့ သည်

ထပ်ပြီးတိုက်ခိုက်ရန်ပြင်လိုက်စဉ်တော့

သူ့ရှေ့မှာ သွေးရူပ်သေးသုံးကောင်

ပေါ်လာပြီး

ပြင်းထန်သောအရှိန်အဝါများဖြင့်

ဖိနှိပ်လာသည်။

သို့သော် ယန်ယဲ့ သည်

တုန်လှုပ်မသွားပေ။ ထိုအစား

ညာခြေကိုတစ်ချက်ဆောင့်ပြီး

အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ

နေရာတွင်ပင် ပျောက်သွားသည်။

ထိုခဏလေးမှာပဲ ယန်ယဲ့က

ယန်ရှင်း၏နောက်ကွယ်၌ ပေါ်လာသည်။

သို့သော် ယန်ရှင်း၏ နံဘေးမှ

အနက်ရောင်အရိပ်တစ်ခုက

ဓားမြှောင်တစ်ချောင်းက

ယန်ယဲ့၏လည်ချောင်းဆီသို့

ထိုးသွင်းသွားသည်။

ယန်ယဲ့၏မျက်နှာက

အပြောင်းအလဲမရှိခဲ့ပေ။ သူက

အခြေအနေကိုကြိုပြီးတွက်ဆထားလို့ပါ။

အနက်ရောင်အရိပ် ပေါ်လာသည်နှင့်

သူ၏ဓားက

ရုတ်တရက်ပြောင်းသွားသည်။ ထို့နောက်

အနက်ရောင်အရိပ်ကိုသာ

တည့်တည့်ပိုင်းချလိုက်တော့သည်။

အနက်ရောင်အရိပ်က ယန်ယဲ့

ကြိုသိနေမည်ဟု မထင်ထားပုံပါ။

၎င်းက မတတ်သာတော့ဘဲ

သူ၏ဓားမြှောင်ကို ပြန်ရုတ်ကာ

ယန်ယဲ့၏ဓားပိုင်းချက်ကို

ခုခံလိုက်ရတော့သည်။

ဖုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး

အနက်ရောင် အရိပ်ဟာ ၁ ကီလိုမီတာ

အကွာသို့ လွင့်ထွက်သွားသည်။

အနက်ရောင်အရိပ်ကို

တိုက်ခိုက်ပြီးနောက် ယန်ယဲ့က

ချက်ချင်းပင် တစ်ဖက်လှည့်ကာ

ဓားဆွဲထုတ်ပြီး ယန်ရှင်း ကို

ပိုင်းချလိုက်သည်။

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား ၁၆ ကြိုးထပ် ။

ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ၊ ပြန်လာအဆင့် ဓားစိတ်ဆန္ဒ ဖြင့် ပေါင်းစပ်ထားသည့် တိုက်ခိုက်မှုပါ။

ထိုအချိန်တွင် ယန်ရှင်း၏အမူအရာက သိသိသာသာပြောင်းသွားခဲ့သည်။ သူက ယန်ယဲ့၏ဓားချက်မှ

ကြောက်မက်ဖွယ်ရာအဖျက်စွမ်းအားကို
ခံစားမိလိုက်လို့ပါ။

သို့သော်လည်း ယန်ရှင်း၏ လှုပ်ရှားက
မနှေးကွေးပါ။

သူ၏လက်ဝါးများကို လျင်မြန်စွာ
လှန်လိုက်ရာ မရေမတွက်နိုင်သော
ငွေရောင်အလင်းတန်းများ

ဖြာထွက်လာပြီးနောက်  သူ့ခန္ဓာကိုယ်အား ပိုက်ကွန်သဖွယ်ဖုံးလွှမ်းထားသည်။

ငွေရောင်အလင်းတန်းများဟာ ယန်ရှင်း ကိုသာမကဘဲ ယန်ယွဲ့ကိုပါ လွှမ်းခြုံသွားလေသည်။

သို့သော်လည်း ယန်ယွဲ့၏ ဓားစွမ်းအင်နှင့် တိုက်မိသည်နှင့် တပြိုင်နက်

ဆီပူထဲသို့ကျလာသည့် နှင်းခဲများအလား
ချက်ချင်းပင် ချေဖျက်ခံလိုက်ရသည်။

အုန်း...

ပေါက်ကွဲသံများ ထွက်ပေါ်လာပြီး
ယန်ရှင်း၏ပုံရိပ်က ၁
ကီလိုမီတာကျော်အကွာထိတိုင်
လွင့်ပျံသွားခဲ့လေသည်။
ယန်ရှင်းလွင့်ထွက်သွားသည့်

တစ်ချိန်တည်းမှာပင် လက်တစ်ဖက်က

လေထဲသို့ ပျံတက်သွားသည်။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်

ပါးစပ်ထဲမှ သွေးများစွာ

အန်ထွက်လာခဲ့သည်။

သို့သော်လည်း ယန်ယွဲ့ သည်

သူ့နောက်ကွယ်မှ ရုတ်တရက်

ပေါ်လာကြောင်း သတိပြုမိလိုက်ရာ

ယန်ရှင်း၏အမူအရာက  သိသိသာသာ

ပြောင်းလဲသွားပြန်သည်။သူက

ချက်ချင်းတိုက်ခိုက်ရန်ပြင်လိုက်သော်လ

ည်း နောက်ကျသွားခဲ့လေပြီ။

ဓားတစ်ချောင်းက သူ့နောက်ကျောကို

ထိုးသွင်းလာကြောင်း သိလိုက်ရသည်နှင့်

ယန်ရှင်း၏ခန္ဓာကိုယ်ဟာ

တောင့်တင်းသွားခဲ့သည်။ သို့သော်လည်း

ဓားက

စင်တီမီတာအနည်းငယ်လောက်သာ
ထိုးသွင်းလာပြီးရပ်သွားခဲ့သည်။

ဤအခိုက်အတန့်မှာ ယန်ရှင်း၏
ခန္ဓာကိုယ်က တောင့်တင်းနေပြီး
အနည်းငယ်ပင် မလှုပ်ရဲတော့ပေ။

တစ်ဆက်တည်း ယန်ယဲ့ ကို
တိုက်ခိုက်ရန်ပြင်နေသော

သွေးရုပ်သေးသုံးယောင်လည်း ချက်ချင်း
ငြိမ်သက်သွားသည်။

လူတိုင်းပင် အံ့သြတုန်လှုပ်နေခဲ့သည်။
ယန်ယဲ့ဟာ အချိန်ခဏလေးဖြင့်
ယန်ရှင်းကို အနိုင်ယူနိုင်မည်ဟု မည်သူမျှ
မထင်ထားလို့ပါ။

လုယွမ်ကျန်း ကိုယ်တိုင်ပင်
မမျှော်လင့်ထားပေ။ သူ့အမြင်အရ

ယန်ရှင်းဟာ ယန်ယဲ့နှင့်

မယှဉ်နိုင်ရင်တောင် သူတို့ကြားမှ ခွန်အား

သိပ်ပြီးကွာဟချက်မရှိနိုင်ကြောင်းသာထ

င်နေခဲ့၏။ သို့သော်၊ အခြေအနေမှန်က

အရွယ်ရောက်ပြီးသူ နှင့်

ကလေးငယ်တစ်ယောက်လို့ပါ။

အထူးသဖြင့် ယန်ယဲ့၏

အမှောင်တာအိုဥပဒေသ ပင်။

သူသည်လည်း ထာဝရအဆင့်

အမျှောင်တာအိုဥပဒေသ ကို

အတော်လေးကြောက်လန့်နေမိသည်။

အကြောင်းမှာ

ထာဝရတန်ခိုးရှင်တစ်ပါးပင်

ယန်ယဲ့၏အရှိန်ကို

သတိမထားမိနိုင်လို့ပါ။ ထို့အပြင်

ယန်ယဲ့၏ ထာဝရအဆင့်

အမျှောင်တာအိုဥပဒေသ နှင့်

ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

ဟာ လုံးဝကို

ကြောက်စရာကောင်းလှသည်။

အတိုချုပ်ပြောရလျှင်

ယန်ယဲ့၏ခွန်အားဟာ

သူမျှော်လင့်ထားသည်ထက်ကို

အများကြီးကျော်လွန်နေပေသည်။

ယန်ယဲ့က အနည်းငယ်

အားစိုက်ထုတ်လိုက်ရာ ဓားက

ယန်ရှင်း၏ ကျောပြင်ထဲသို့ စင်တီမီတာ

အနည်းငယ် ထိုးသွင်းသွားသည်။သူက

ခဏရပ်ထားလိုက်ပြီး "လုလီကူး ကို

လွှတ်ပေးဖို့ ပြောပါ။

ငါ့စိတ်ကိုငါတောင်မခံနိုင်လို့

စကားနှစ်ခါထပ်မပြောဘူး။

နားလည်လား"

ယန်ရှင်း၏ အမူအရာက အကြိမ်ကြိမ်

ပြောင်းလဲသွားသည်။ အဆုံးတွင် သူက

“ငါ့ကို အရင်လွှတ်ပေးပါ” ဟု
တိုးညှင်းသော အသံဖြင့် ပြောခဲ့သည်။

ထိုအချိန်တွင် အလင်းတန်းတစ်ခု
ရုတ်တရက် လင်းလက်လာသည်။

ဆူး…

ယန်ရှင်း၏ နောက်ထပ် လက်တစ်ဖက်က
လေထဲသို့

ပျံတက်သွားသည်။သို့သော်လည်း ယန်ရှင်းက အသံတစ်ချက်ပင် မထွက်ရဲပေ။

ထိုအတောအတွင်း ယန်ယွဲ့၏လေသံက တဖြည်းဖြည်းအေးစက်လာသည် "မင်းငါ့စကားကို မကြားဘူးလား။ လုလီကူး ကိုလွှတ်ပေးခိုင်းဖို့ မင်းကို ငါပြောခဲ့တယ်"

ယန်ရှင်း က ခဏမျှ ငြိမ်သက်သွားပြီး

လုယွမ်ကျန်း ကို စိုက်ကြည့်လိုက်သည်။

လုယွမ်ကျန်း၏ အမူအရာက ခဏမျှ

ပြောင်းလဲသွားပြီး လုလီကူး

ဖက်သို့ရုတ်တရက် ရောက်သွားခဲ့သည်။

ထို့နောက် သူ့လက်ဝါးက

လုလီကူး၏ခေါင်းပေါ်တင်ထားကာ

"ညီအစ်ကိုရှင်း ကို လွှတ်ပေးပါ

ဒါမှမဟုတ်ရင် ငါသူ့ခေါင်းကို

အခုချက်ချင်းဖြတ်ပစ်လိုက်မယ်"ဟုပြော
ပါသည်။

ယန်ရှင်းက မျက်မှောင်ကြုတ်ကာ
သူ့မျက်လုံးထဲ၌ အနည်းငယ်
အံ့သြနေသော အရိပ်အယောင်
ပေါ်လာသည်။

ယန်ယွဲ့၏မျက်လုံးများက  အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ ထိုအချိန်မှာပဲ

သူ၏အသိစိတ်ပင်လယ်ထဲကို

အသံတစ်သံ ဝင်ရောက်လာသည်

"ယန်ရှင်း ကို သတ်လိုက်ပါ

ဒါမှမဟုတ်ရင် လုလီကူး ရဲ့ခေါင်းကို

အခုချက်ချင်းဖြတ်လိုက်မယ်။

နားလည်လား"

လုယွမ်ကျန်း လား။

ယန်ယဲ့ က မျက်မှောင်ကြုတ်သွားသည်။

ဒီကောင် ဘာလုပ်ဖို့ကြိုးစားနေတာလဲ။

သိပ်မကြာလိုက်ဘဲ ယန်ယဲ့က

အခြေအနေကို

ချက်ချင်းနားလည်လိုက်သည်။

လုယွမ်ကျန်းက သူနှင့် ယန်ရှင်းကို

အသေအကြေတိုက်ခိုက်ဖို့

လုပ်ဆောင်နေတာပါ။

အကယ်၍ သူသာ ယန်ရှင်းကို

သတ်လိုက်လျှင်

ယန်ရှင်း၏နောက်ခံအင်အားစုက

ငြိမ်ခံမည်မဟုတ်ပေ။

အကြောင်းကတော့ ဆက်ခံသူတိုက်ပွဲ

မစသေးလို့ပါ။ ထို့ကြောင့် ယန်ရှင်း

အသတ်ခံလိုက်ရသည်နှင့်

တစ်ဖက်အင်အားစုဟာ

သူ့ကိုအသေသတ်ဖို့ကြိုးစားလာပေမည်။

ထိုအချိန်တွင် လုယွမ်ကျန်း၏ အသံက နောက်တစ်ကြိမ် ထွက်ပေါ်လာသည် "ငါ သုံးအထိ ရေတွက်လိုက်မယ်။ ယန်ရှင်း ကို မသတ်ရင် လုလီကူး ကို အခုချက်ချင်းသတ်ပစ်မယ် ။ သုံး…”

ခဏမျှ တိတ်ဆိတ်သွားပြီးနောက် ယန်ယဲ့၏ဓားက ယန်ရှင်း၏ဗိုက်ထဲသို့ ရုတ်တရက် ထိုးဖောက်သွားသည်။

ထိုခဏလေးမှာပဲ
ယန်ရှင်း၏မျက်လုံးများက
ပြုံးကျယ်လာသည်။ ထို့နောက်
သူ့မျက်လုံးထဲမှ အရောင်များ
တဖြည်းဖြည်း မှိန်သွားသည်။

ယန်ယဲ့ က သူ့ဓားကို ပြန်သိမ်းလိုက်ပြီး
ညာလက်ကို ဝှေ့ယမ်းကာ
ယန်ရှင်း၏သွေးရုပ်သေးများကို
မူလစေတီထဲ ထည့်သိမ်းလိုက်သည်။

ထို့နောက် လုယွမ်ကျန်းကို
လှည့်ကြည့်လိုက်သည်။

လုယွမ်ကျန်း က ရုတ်တရက်
ရယ်မောလိုက်သည် “ဟားဟား။
ညီအစ်ကိုတွေ
အချင်းချင်းသတ်နေကြတာ။ ဟားဟား"

ထိုအချိန်တွင် မြို့ထဲမှ
"ခုနစ်ယောက်မြောက်

ညီလေး.."ဟူသောအသံတစ်သံထွက်လာ
သည်။

စကားသံ
ပဲ့တင်ထပ်လာသည့်တစ်ချိန်တည်းတွင်
မြို့ထဲမှ လူငယ်တစ်ယောက်
ပြေးထွက်လာပြီး ယန်ယဲ့နှင့်
မလှမ်းမကမ်း၌ ရပ်နေခဲ့သည်။

စတုတ္ထမြောက်သခင်ငယ် ယန်ရှူ ။

ထိုအချိန်တွင် ယန်ရှု၏ မျက်လုံးထဲမှ ဝမ်းနည်းမှုနှင့် ဒေါသများ ပြည့်လာကာ "ခုနစ်ယောက်မြောက်ညီလေး၊ ငါ နောက်ကျသွားပြီ။ ငါနောက်ကျသွားတယ်"

စကားပြောနေရင်း ယန်ယဲ့ကို စိုက်ကြည့်ကာ "ယန်ယဲ့၊ မင်းဟာ ဘယ်လောက် ရက်စက်လိုက်သလဲ။

ငါတို့ဟာ ညီအစ်ကိုတွေဆိုတဲ့အချက်ကို မင်းက တကယ်ပဲလစ်လျူရှုထားခဲ့တယ်။ မင်း...”

ယန်ယဲ့ က ယန်ရှူကို ရုတ်တရက် စကားဖြတ်ပြောလိုက်သည် "ငါက အရှက်မရှိဘူးလို့ ထင်ခဲ့ပေမဲ့ မင်းနဲ့တွေ့ပြီးရင် ငါ သင်ယူစရာတွေ အများကြီးကျန်သေးတယ်"

ယန်ယွဲ့ပြောလိုက်သည့် စကားကြောင့်

ယန်ရှူ၏အမူအရာက

အနည်းငယ်ပြောင်းသွားသော်လည်း

သိပ်မကြာဘဲ ပုံမှန်ပြန်ဖြစ်သွားသည်။

အချိန်အနည်းငယ်ကြာပြီးနောက် သူက

ခေါင်းယမ်းကာ ပြုံးပြလိုက်ပြီး

"သခင်လေးယွဲ့၊ ယန်ရှင်း ရဲ့

အဖေနဲ့အဘိုးက မင်းဆီလာဖို့

စောင့်နေတယ်။ ငါအရင်သွားလိုက်မယ်"

"စတုတ္တအစ်ကို၊ မင်း ဒီအတိုင်း

ထားခဲ့တာလား" ထိုအချိန်တွင်

အသံတစ်သံ ရုတ်တရက်

ထွက်ပေါ်လာပြီးနောက် ယန်ရှင်းက

ယန်ယွဲ့နှင့် နှင့် သိပ်မဝေးသောနေရာမှ

ပေါ်လာသည်။

မှန်ပါသည်။ ယန်ရှင်း ပါ၊ သို့သော်

ဝိညာဉ်ခန္ဓာကိုယ်တစ်ခုသာ။

ယန်ရှင်းကို မြင်လိုက်သောအခါ ယန်ရှူကချက်ချင်းမျက်နှာပျက်သွားသည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့ က ရုတ်တရက်ပြောလိုက်သည် "ငါက သူနဲ့ ရန်ငြိုးရန်စသိပ်မကြီးမားဘူး။ ဒီတော့ သူ့ဝိညာဉ်ကို မဖျက်ဆီးခဲ့ပါဘူး။ အိုက်ယား၊ ဒါနဲ့ မင်းမျက်နှာက ဘာလို့

ဒီလောက်တောင် ဆိုးနေရတာလဲ။

မင်းရဲ့အစီအစဉ်တွေကို

ငါဖျက်ဆီးခဲ့တာလား။ ကံမကောင်းစွာပဲ

မင်းရဲ့အကြံအစည်တွေကို

ငါသေချာပေါက်

ဖျက်ဆီးမိလိုက်ပြီထင်တယ်။ ဒါမှမဟုတ်

မင်းရဲ့အမူအရာက ဒီလောက်မိုက်မဲနေမှာ

မဟုတ်ဘူးလား"

ယန်ယဲ့ က ရုတ်တရက် ပခုံးတွန့်ပြီး

"ဒါပေမဲ့ ဒါဟာ

ငါ့ပြဿနာမဟုတ်ဘူး"ဟုဆက်ပြောလို

က်သည်။

May Be:

၂၀၀၃

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၀၃ - ယန်ရှု၏ ခွန်အား

ယန်ရှု၏ မျက်နှာက

လုံးလုံးအုံ့မှိုင်းနေသည်

ယန်ယဲ့ သည် ယန်ရှင်းကို

သတ်ခဲ့သော်လည်း

မူလဝိညာဉ်ကိုတော့မဖျက်ဆီးခဲ့ပေ။

တစ်နည်းအားဖြင့် ယန်ရှင်း၏

မူလဝိညာဉ်ရှိနေသရွေ့

လုံးဝသေဆုံးခြင်းမရှိဟုဆိုရပေမည်။

ယန်ကလန် သည်

ယန်ရှင်း၏ခန္ဓာကိုယ်ကို

ပြန်ပြီးတည်ဆောက်ဖို့လွယ်ကူလို့ပါ။

ယန်ရှင်း မသေသေးသောကြောင့်

ယန်ယဲ့နှင့် ရန်တိုက်ပေးလိုသော

သူ၏အစီအစဉ်ဟာ

လုံးလုံးပျက်စီးသွားပါပြီ။ ထို့အပြင်

အတိတ်က

သူ၏အတိတ်မဟာမိတ်ဖြစ်သူ ယန်ရှင်း

ဟာ လက်ရှိတွင် သူ့ကို မုန်းတီးနေမည်မှာ

သေချာပါသည်။

နောက်ဆုံးပြောရလျှင်တော့ သူသည်

မျောက်သစ်ကိုင်းလွတ်သလိုပင်။

ယန်ရှု က ယန်ယဲ့ ကို အချိန်အကြာကြီး
စိုက်ကြည့်ပြီးနောက် ခေါင်းညိတ်ကာ
အနည်းငယ် ပြုံးလိုက်ရင်း
"ဆယ်ယောက်မြောက်ညီလေး၊
အားလုံးက မင်းကို ဦးနှောက်မရှိဘူးလို့
ပြောကြတယ်။ ဒါဟာ မင်းရဲ့ စရိုက်ကို
အခြေခံပြီး ယူဆကြတာပဲ။ ကြည့်ရတာ
ငါတို့အားလုံး
မှားနေပုံပဲ။ဆယ်ယောက်မြောက်ညီငယ်

ယဲ့ က အပြင်ပန်းမှာ

ဘာမှမသိနားမလည်ပုံထင်ရတယ်။

ဒါပေမယ်လို့ အတွင်းစိတ်ကတော့

တကယ်ကို ထက်မြက်တယ်”

ယန်ယဲ့ က "ငါ

အသုံးမချမခံချင်ဘူးလေ"ဟုပြန်ပြောလို

က်သည်။

အမှန်တိုင်းပြောရလျှင် သူသည် ယန်ရှင်း

ကို သတ်ချင်နေ၏။ သို့သော်လည်း

သူသည် လူမိုက်မဟုတ်ပါ။ ယန်ရှင်းကို

ချက်ချင်းသတ်လိုက်လျှင်

တစ်ဖက်အင်အားစုက သူ့အား

ချက်ချင်းလာသတ်မည်မှာသေချာသ

လောက်ပင်။ သူသည် ရင်ဆိုင်ရမည့်

အခြေအနေကို မကြောက်သော်လည်း

မလိုအပ်ဘဲ မလုပ်ဆောင်လိုပေ။

ယန်ရှင်းကို မသတ်ဘဲထားနေသရွေ့
ဌင်းနောက်ကွယ်မှ အင်အားစုဟာ
ယန်ရှူကိုသာ လက်စားချေပါလိမ့်မည်။
တစ်နည်းအားဖြင့် ယန်ယဲ့ဟာ
ယန်ရှင်းနှင့်ယန်ရှူ ကြားက ရန်ပွဲကို
ထိုင်ကြည့်နေရုံသာ။

သို့သော်လည်း သူသည် ယန်ရှင်းကို
လွယ်လွယ်နှင့်တော့ လွှတ်မပေးလိုပေ။
မူလခန္ဓာကိုယ်ကို ဖျက်ဆီးလိုက်၏။

ယန်ရှင်းက ယန်ရှူကို အေးတိအေးစက်

ကြည့်ပြီး "စတုတ္ထအစ်ကို၊ မင်းဘယ်လို

အကြံအစည်လဲ။

မင်းရဲ့ထောင်ချောက်တွေက

အံ့သြစရာပဲ”ဟုပြောလိုက်သည်။

ယန်ရှူ က ပြုံးပြီး “အခု

အကုန်ပေါ်သွားမှတော့

ဘာမှပြောစရာအကြောင်းမရှိပါဘူး။ခုနစ်

ယောက်မြောက်ညီလေး၊

မင်းမှာရှိတဲ့အရာမှန်သမျှ

ငါ့ဆီလွှဲပေးလိုက်။

ငါအဲဒါကိုဖြေရှင်းလိုက်မယ်။"

စကားပြောနေစဉ် သူက လုလီကူး ကို

စိုက်ကြည့်ရင်း

"သူ့ကိုသတ်ပစ်လိုက်တော့"

ယန်ရှူ၏ စကားကို ကြားလိုက်သည်နှင့်

လုယွမ်ကျန်း က

ညာဖက်လက်သီးကိုဆုပ်ကာ လုလီကူးကို

ထိုးလိုက်သည်။

ထိုအချိန်တွင် ယန်ယဲ့ သည်

အလင်းတန်းသဖွယ်ပြောင်းကာ

လုယွမ်ကျန်း ဆီသို့

တဟုန်ထိုးခုန်ဝင်သွားသည်။

သို့သော်လည်း ယန်ယဲ့၏နောက်ကွယ်မှ
အဖြူရောင်အလင်းများ
ဖြာထွက်နေသော ခေါက်ယပ်တောင်
တစ်ချောင်းရိုက်ချလာသည်။
ခေါက်ယပ်တိုင် ယမ်းချလိုက်သည့်
အာကာသပြင်ဟာ ချက်ချင်း
အပိုင်းပိုင်းကွဲသွားသည်။

ယန်ယဲ့ သည် သူ့နောက်ကွယ်မှ
ခေါက်ယပ်တောင်ကို

သတိပြုမိသောအခါ အနည်းငယ်

မျက်နှာပျက်သွား၏။

သို့သော် ခေါက်ယပ်တောင် ကို

တားလိုက်သည်နှင့် လုလီကူးက

ချက်ချင်းအသတ်ခံရပါလိမ့်မည်။ ယန်ယဲ့

သည် ခေါက်ယပ်တောင်ကို

လှည့်ပြီးတားမနေတော့ပေ။

ထိုအချိန်တွင် လုယွမ်ကျန်းက

တန်ပြန်အားကြောင့်

နောက်ပြန်ဆုတ်သွားရသည်။

သို့သော်လည်း ယန်ရု၏

ခေါက်ယပ်တောင်က

ယန်ယွဲ့၏ကျောပြင်ကို ရိုက်ချသွားသည်။

ဘုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး

ယန်ယဲ့လည်း လွင့်ထွက်သွားသည်။

သို့သော် ယန်ယဲ့၏ပုံရိပ်က

ဖျတ်ခနဲလက်သွားပြီးနောက်

လုလီကူးရှေ့သို့ ရောက်နေခဲ့သည်။

ထို့နောက်

သူ၏လက်ချောင်းတစ်ချောင်းကို

ဆန့်ထုတ်ကာ လုလီကူးအား

ချုပ်နှောင်ထားသည့်ကြိုးများကို

ညွှန်လိုက်သည်။ သူ့လက်မှ

ဓားစွမ်းအင်တစ်စင်းထွက်လာပြီး

ကြိုးများကို ဖြတ်တောက်ပစ်လိုက်သည်။

ထိုအချိန်တွင် သွေးရူပ်သေးနှစ်ကောင်

ပေါ်လာပြီး လုလီကူး ကို

ဖမ်းယူသွားသည်။

ထိုအချိန်မှာပဲ

အဖြူရောင်အလင်းတန်းတစ်ခုဟာ

သူ့ရှေ့ကို ရောက်လာကြောင်း သတိထားမိလိုက်တော့သည်။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်။ သူက ချက်ချင်းပင် ဓားဆွဲထုတ်ကာ အဖြူရောင်အလင်းတန်းကို ပိုင်းချလိုက်သည်။

ဘမ်း...

ကျယ်လောင်သော ပေါက်ကွဲသံ

ထွက်ပေါ်လာပြီး ယန်ယွဲ့ သည် ၃

ကီလိုမီတာအကွာသို့ လွင့်ပျံသွားခဲ့သည်။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်

တပြိုင်နက် ယန်ရှူက နေရာတွင်

ပျောက်ကွယ်သွားကြောင်း

သတိထားမိလိုက်သည်။ သို့သော်

ထိုခဏလေးမှာပဲ ယန်ရှူက

ယန်ယွဲ့ရှေ့ကိုရောက်နေပါပြီ။

တစ်ဆက်တည်း ခေါက်ယပ်တောင်က

ပွင့်သွားပြီး

ကြောက်မက်ဖွယ်ကောင်းသော

စွမ်းအားလှိုင်းတစ်ခု

ပေါက်ကွဲထွက်လာသည်။

ဘမ်း...

ယန်ယဲ့ သည် တုံ့ပြန်နိုင်စွမ်းပင်မရှိဘဲ

နောက်ထပ် ၃ ကီလိုမီတာအကွာသို့

လွင့်ထွက်သွားပြန်သည်။

ယန်ရှူက

ထပ်ပြီးတိုက်ခိုက်ရန်ပြင်လိုက်သည်။

ထိုအချိန်တွင် ကောင်းကင်ထက်မှ

ငွေရောင်လုံတစ်စင်း ရုတ်တရက်

ဆင်းသက်လာသည်။ ယန်ရှူက

ချက်ချင်းရပ်ပြီး အပေါ်ကို

မော့ကြည့်လိုက်သည်။ ထို့နောက်

သူ၏ဘယ်ဖက်လက်ညိုးနှင့်လက်ခလ

ယ်ကို ပူးကပ်လျက်

ငွေရောင်လုံထိပ်ဖျားကို

တောက်လိုက်သည်။

ဘုန်း...

ငွေရောင်လုံက

ပြင်းထန်စွာတုန်ခါသွားကာ နောက်ပြန်

လွင့်စင်သွားသည်။ သို့သော်

လက်တစ်ဖက်က ငွေရောင်လုံကို

ရုတ်တရက် ဖမ်းဆုပ်သွား၏။ထိုလူက

လုံနတ်ဘုရား မင်မို ပင်။

ငွေလုံကို ဖမ်းဆုပ်လိုက်သည်နှင့်

တပြိုင်နက် မင်မို၏လက်မောင်းက

ပြင်းထန်စွာ တုန်ခါလာသည်။
ထိုမျှမကဘဲ သူ၏ခန္ဓာကိုယ်ဟာ မီတာ
၃၀ နီးပါးအကွာသို့
ပြန်ဆုတ်သွားလိုက်ရသည်။

သူ့ကိုယ်သူ ရပ်လိုက်သည်နှင့် မင်မိုက
ကွဲအက်နေသော သူ့လက်ကို ငုံ့ကြည့်ကာ
ယန်ရှူကို ပြန်မော့ကြည့်လိုက်သည်။
ဒီအချိန်မှာ သူ၏မျက်လုံးထဲ၌ကား

လေးနက်သောအမူအရာများဖြင့်
ပြည့်နှက်နေသည်။

မင်မိုကို
နောက်ပြန်ဆုတ်သွားစေပြီးနောက်
ယန်ရှုက ယန်ယဲ့ကို
လှည့်ကြည့်လိုက်သည်။ ထို့နောက်တွင်
အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ

ယန်ယဲ့၏ရှေ့သို့ ချက်ချင်း

ရောက်သွားခဲ့သည်။

ယန်ယဲ့ ရှေ့သို့ ရောက်လာသည်နှင့်

တစ်ချိန်တည်းပင် သူ့နောက်ကွယ်မှ

အာကာသပြင်ဟာ ပြိုကျသွား၏။

ထိုခဏလေးမှာပဲ

အနင်ရောင်မြစ်ကြီးတစ်စင်း

ဖြစ်ပေါ်လာသည်။

ယန်ယဲ့၏ မျက်လုံးများက

ထိုမြင်ကွင်းကြောင့်

အနည်းငယ်ကျဉ်းမြောင်းသွားသည်။

သူ့လက်ထဲမှ ဓားကို

ရှေးဟောင်းဓားအိမ်ထဲထည့်လိုက်ပြီးမှ

ဆတ်ခနဲဆွဲထုတ်လိုက်တော့သည်။

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား ၁၆

ထပ်ပေါင်းစပ်ခြင်း ။

ထို့အပြင် ထာဝရအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့်

ပြန်လာအဆင့်

ဓားစိတ်ဆန္ဒပါထည့်ပေါင်းထား၏။

ဓားဆွဲထုတ်လိုက်သည်နှင့် ယန်ယဲ့၏

ပတ်လည်ရှိ အာကာသပြင်ဟာ

ချက်ချင်းပြိုကျသွားသည်။

အုန်း...

ခဏအကြာတွင် ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာ၏။ ထို့နောက်တွင် ယန်ယွဲ့သည် ၃ ကီလိုမီတာအကွာသို့ နောက်တစ်ကြိမ်လွင့်သွားပြန်သည်။

ယန်ရှူက ထပ်ပြီးတိုက်ခိုက်ရန်ပြင်နေစဉ် အန်နန်ကျင်း က ယန်ယွဲ့ရှေ့၌ ရုတ်တရက်ပေါ်လာသည်။ တစ်ဆက်တည်း မိုးကောင်းကင်ခွဲလှံ က

ယန်ရူ ထံသို့

တည့်တည့်ပြေးဝင်သွားသည်။

ယန်ရူ၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းလာသည်။ သူက

မပေါ့ဆဝံ့ဘဲ ဘယ်ဖက်လက်ဝါးကို

ဆန့်ထုတ်လိုက်သည်။ သူ၏

ဘယ်ဖက်လက်က ရှေ့သို့

ဆန့်ထွက်လာကာ

မိုးကောင်းကင်ခွဲလုံ့ထိပ်ဖျားကို

ပုတ်ချလိုက်သည်။ ထိုအချိန်တွင်

မိုးကောင်းကင်ခွဲလုံ ကို

ပြင်းထန်စွာတုန်ခါပြီး

လေးကိုင်းသဖွယ်ကွေးညွတ်သွားခဲ့သည်

။

ထိုမြင်ကွင်းအား မြင်သောအခါ

အန်နန်ကျင်း၏အမူအရာက

ကျဉ်းမြောင်းသွားသည်။ ထိုအချိန်တွင်

ယန်ရှုက သူ့ဘယ်ဖက်လက်ကို ရှေ့သို့ တွန်းလိုက်သည်။

အုန်း...

အန်နန်ကျင်းဟာ ၁ ကီလိုမီတာအကွာသို့ လွင့်ထွက်သွားသည်။

ထိုအလှည့်အပြောင်းကြောင့် လူတိုင်း အံ့သြတုန်လှုပ်သွားခဲ့သည်။

ယန်ရှူက အမှန်တကယ်ပင် သန်မာမည်ဟု

မည်သူမျှ မမျှော်လင့်ထားခဲ့ကြပေ။

မဟုတ်ပေ၊ ထိုလူက

သန်မာသည်မဟုတ်ဘဲ

ကြောက်စရာကောင်းတာပါ။

ယန်ရှူ က ယန်ယွဲ့နှင့် အန်နန်ကျင်း ကို

တစ်ချက်ကြည့်လိုက်ပြီး မင်မို နှင့်

ယန်ရှင်း ဆီ လှည့်ကြည့်ရင်း

"မင်းတို့အားလုံး
တော်တော်အားနည်းတယ်"ဟုပြောခဲ့သ
ည်။

တော်တော်အားနည်းတာလား။

အန်နန်ကျင်း၏ မျက်လုံးများက
အနည်းငယ် ကျဉ်းမြောင်းလာပြီး
တိုက်ခိုက်ရန်ပြင်လိုက်လေသည်။
သို့သော် တစ်စုံတစ်ယောက်က

သူ့ထက်မြန်နေ၏။ အခြားသူမဟုတ်ပေ၊ လှုံနတ်ဘုရားမင်းမိုပါ။

ယန်ရှူ စကားဆုံးသည်နှင့် မင်းမိုက အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲသွားသည်။ ထို့နောက် နေရာတွင်ပင်ပျောက်သွား၏။

ယန်ရှူက ဂရုမစိုက်ဘဲ အေးစက်စွာ ရယ်မောလိုက်ပြီး ရှေ့သို့

ခြေတစ်လှမ်းတိုးကာ

လက်တစ်ချောင်းဖြင့် ရှေ့သို့

လှမ်းပုတ်လိုက်သည်။

သူ့လက်ချောင်းတစ်ဝိုက်မှ

အဖြူရောင်အလင်းဖျော့ဖျော့လေး

ဖြာထွက်နေသည်။

ထိုခဏလေးမှာပဲ ယန်ရှူ၏

လက်ချောင်းက

ငွေရောင်လှုံ့ထိပ်ဖျားကို
ပုတ်ချလိုက်သည်။

ခွပ်...

မင်းမို၏ငွေရောင်လှုံ့က
ကွဲအက်သွားသည်။

အုန်း...

ကာမျှ တိတ်ဆိတ်သွားပြီးနောက် ငွေလုံက

ပေါက်ကွဲထွက်သွားပြီး မင်းမို၏ ပုံရိပ်ပါ ၁

ကီလိုမီတာအကွာသို့

လွင့်ထွက်သွားသည်။

မင်းမို ရပ်တန့်လိုက်သည်နှင့် ယန်ရှူက

သူ့ရှေ့တွင်ပေါ်လာသည်။

တစ်ဆက်တည်း ခေါက်ယပ်တောင်က

မင်းမို၏ညာဖက်ပခုံးဆီ တည့်တည့်

ပြေးဝင်သွားသည်။

ဆူး...

ထိုးစိုက်သံသဲ့သဲ့နှင့်အတူ မင်းမို၏

ညာလက်က လေထဲသို့

ပျံထွက်သွားသည်။တစ်ချိန်တည်းမှာပဲ

ယန်ရှူက ရုတ်တရက် ရှေ့တိုးလာပြီး

မင်းမို၏ ရင်ဘတ်ကို လက်ဝါးဖြင့်

ပုတ်လိုက်သည်။

အုန်း

ပေါက်ကွဲသံတစ်ခု

ထွက်ပေါ်လာပြီးနောက် မင်မိုက ၃

ကီလိုမီတာအကွာသို့

လွင့်ထွက်သွားသည်။ သူ့ကိုယ်သူ

ရပ်တန့်လိုက်သည်နှင့် ပါးစပ်ထဲမှ

သွေးများ အန်ထွက်လာခဲ့သည်။

ထိုအချိန်တွင် ယန်ရှူက
ညာခြေကိုတစ်ချက်ဆောင့်၍
နေရာမှာပင် ပျောက်သွားသည်။

တစ်ချိန်တည်းမှာပင် မင်မို၏
မျက်လုံးထဲ၌
ရက်စက်ကြမ်းကြုတ်မှုတစ်ခု
ထွက်ပေါ်လာသည်။
သူ၏ဘယ်ဖက်လက်ဝါးကို လှန်လိုက်ပြီး
လုံတစ်ချောင်းကို ဆုပ်ကိုင်လိုက်သည်။

ဘမ်း....

လုံကို ဆုပ်ကိုင်လိုက်သည်နှင့်
တစ်ပြိုင်နက် သူ့ထံမှ
ကြောက်မက်ဖွယ်ကောင်းသော
စိတ်ဆန္ဒဖိအားလှိုင်းတစ်ခု
လွင့်စင်သွားသည်။

ထာဝရအဆင့် လုံစိတ်ဆန္ဒ ။

မင်းမိုက ချက်ချင်းပင် သူ၏ညာခြေကို

နင်းချလိုက်ပြီး

လုံ့အလင်းတန်းအဖြစ်ပြောင်းလဲကာ

နေရာတွင်

ပျောက်ကွယ်သွားခဲ့လေသည်။

"တစ်သားတည်းပေါင်းစပ်ခြင်းလုံ့"

အန်နန်ကျင်း က လေးနက်စွာပြောခဲ့သည်

"လူနဲ့လုံပေါင်းစပ်မှု။
အရမ်းအစွမ်းထက်တယ်”

ယန်ယွဲ့ က အနည်းငယ် ခေါင်းညိတ်ပြီး
အဝေးကို လှမ်းကြည့်လိုက်သည်။

မင်မို
ပျောက်ကွယ်သွားသည့်အခိုက်အတန့်မှာ
ယန်ရှူက ရုတ်တရက် ရပ်တန့်သွားသည်။
ထို့နောက် သူ၏လက်နှစ်ဖက်ကို

ရှေ့ဆန့်ကာ ရင်ဘတ်ရှေ့တွင်

ထူးဆန်းသော တံဆိပ်တစ်ခုကို

ဖန်တီးလိုက်သည်။ ထိုခဏလေးမှာပဲ

သူ့လက်ဝါးနှစ်ဖက်ကြားမှ

လက်သီးအရွယ်မျှ '文' အလင်းစက်လုံး

ထွက်လာသည်။

"文" အလင်းလုံးက မင်မို၏

တိုက်ခိုက်မှုကို

အချိန်အတော်ကြာသည်ထိပင်
တောင့်ခံထားလေသည်။

ဘမ်း...

ခဏအကြာတွင်တော့ ကျယ်လောင်သော
ပေါက်ကွဲသံကြီး ထွက်ပေါ်လာ၏။
ထိုအခိုက် ကီလိုမီတာရာချီသော
အာကာသပြင်ဟာ ကွဲအက်သွားသည်။
တစ်ချိန်တည်းမှာပင် မင်မိုက

လွင့်ပျံထွက်သွား၏။ ၁၀

ကီလိုမီတာအထိရောက်မှသာ

သူ့ကိုယ်သူထိန်းချုပ်လိုက်နိုင်သည်။

မင်မို၏ပုံရိပ် ရပ်တန့်သွားသည်နှင့်

မြေပြင်ပေါ်

ဒူးတစ်ဖက်ထောက်ချထားလျက်သားနှင့်

ပါးစပ်ထောင့်မှ သွေးများ

အန်ထွက်လာသည်။ ခဏလေးမှာပင်
သူ့ရင်ဘတ်တစ်ခုလုံး နီရဲနေခဲ့သည်။

သူ ရှုံးနိမ့်ခဲ့လေပြီ။

နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်၏
အဆင့် ၁၀ ဟာ ရှုံးနိမ့်ခဲ့သည်။

ယန်ရှူက သူ့လက်ဝါးကို
တစ်ချက်ကြည့်လိုက်ရာ

လက်ဝါးအလယ်မှာ

အနည်းငယ်ကွဲအက်သွားကြောင်း

မြင်ရသည်။

ခဏမျှတိတ်ဆိတ်နေပြီးနောက်မှ မင်မိုကို

မော့ကြည့်ရင်း

“နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်ရဲ့

အဆင့် ၁၀ လား။ မင်းက

ကိုယ့်ရဲ့အဆင့်တန်းကို အရှက်ခွဲလုနီးပါး

ဖြစ်သွားတယ်"ဟုပြောပါသည်။

မင်းမိုက သူ့ပါးစပ်ထောင့်မှ သွေးများကို

သုတ်လိုက်ပြီး ယန်ရှူကို စိုက်ကြည့်ရင်း

"မင်းဟာ

ရှေးဟောင်းအမွေဆက်ခံသူပဲ"ဟူ၍

ပြောလိုက်သည်။

May Be:

၂၀၀၄

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၀၄ - ရှေးဟောင်းအမွေခံ

ရှေးဟောင်းအမွေခံလား။

မင်းမို ပြောလိုက်သည့် စကားကြောင့်

ဤနေရာမှ လူတိုင်း

အံ့အားသင့်သွားခဲ့ကြသည်။

ယန်ရှင်းလည်း အပါပဝင် ။

ရှေးဟောင်းအမွေခံ ဆိုသည်မှာ

မည်သို့နည်း။

ရှေးဟောင်းအမွေခံဟာ

မဟာရှေးဟောင်းမျိုးနွယ်မှ

ကျင့်ကြံသူ၏ အမွေအနှစ်ကို

ဆက်ခံထားသူပါ။ ထိုလူများကို

ရှေးဟောင်းအမွေခံ ဟူ၍ ခေါ်ကြသည်။

ယန်ရှုက တဟားဟားရယ်ကာ ယန်ယဲ့ နှင့်

ယန်ရှင်း ကို ကြည့်ပြီး

"အဲဒီလျှို့ဝှက်ဆန်းကြယ်တဲ့

အကြီးဆုံးအစ်မ၊ ငါတို့ရဲ့

အကြီးဆုံးအစ်ကို၊

အချိန်တိုင်းဖျားနာနေတဲ့

နဝမမြောက်ညီငယ် အပြင်

တခြားသူတွေကို

ငါတကယ်အလေးအနက်မထားဘူး"

ထိုအချိန်တွင် သူက ယန်ယဲ့ ကို
စိုက်ကြည့်ကာ "မင်း
အပါအဝင်"ဟုထပ်ပြောသည်။

ယန်ယဲ့ က စကားပြန်မပြောဘဲ
သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်တော့သည်။
ထိုခဏလေးမှာပဲ သူ့ခန္ဓာကိုယ်ထဲမှ
မူလဝိညာဉ်ကိုယ်ပွား ထွက်လာသည်။
ထို့နောက်တွင် ဝိညာဉ်ကိုယ်ပွားက

အလင်းတန်းအဖြစ်ပြောင်းလဲကာ
ပျောက်ကွယ်သွားသည်။

စိတ်ဝိညာဉ်ဓားပြန်လည်မွေးဖွားခြင်း ။

ယန်ယွဲ့၏
ဝိညာဉ်ကိုယ်ပွားပျောက်သွားသည်နှင့်
ယန်ရှူ၏အမူအရာက
ပြောင်းလဲသွားသည်။ တစ်ဆက်တည်း

သူ့လက်ထဲမှ ခေါက်ယပ်တောင်ကို
အမြန်ဖွင့်လိုက်သည်။

အုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်
ယန်ရှုက ၆ ကီလိုမီတာအကွာသို့
လွင့်ထွက်သွားသည်။ သူ့ကိုယ်သူ
ရပ်တန့်လိုက်သည်နှင့် တပြိုင်နက်
ယန်ရှူ၏လက်ထဲမှ ခေါက်ယပ်တောင်ဟာ

ကွဲအက်သွားပြီး အပိုင်းအစများသဖွယ်
လေထဲသို့ပြန့်ကျဲသွားတော့သည်။

တစ်ချိန်တည်းမှာပင် သူ့ပါးစပ်ထောင့်မှ
သွေးများ စီးကျလာသည်။

ယန်ယွဲ့က သူ့ဓားကို
မြေပြင်ထောင့်တစ်နေရာ ညွှန်ပြပြီး
ယန်ရှူကို ကြည့်လိုက်ရင်း “လာ။ မင်းရဲ့
ဒီအမွေအနှစ်ကို ဆက်သုံးလို့ရတယ်။

အဆုံးထိဆက်သွားကြတာပေါ့"ဟုပြော
လိုက်လေသည်။

ယန်ရှုက သူ့ပါးစပ်ထောင့်ရှိ သွေးများကို
သုတ်လိုက်ပြီး ယန်ယဲ့ကို မော့ကြည့်ကာ
"ဓားဝိဥာဉ်နည်းစနစ်။ ဒီလိုမျိုး
အပြောင်းအလဲတွေ ဖြစ်လာမယ်လို့
မမျှော်လင့်ထားပါဘူး”ဟုပြောပါသည်။

ယန်ယဲ့က "ငါတို့တွေ
ဆက်လုပ်ကြမလား"

ယန်ရှူက ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်သည်
"အချိန်မဖြုန်းနဲ့။ ပြိုင်ပွဲမှာဆုံမယ်"

ဟုပြောပြီး နောက်လှည့်၍
ထွက်သွားတော့သည်။

လုယွမ်ကျန်း က ယန်ယဲ့၏အုပ်စုကို

တစ်ချက်ကြည့်လိုက်ပြီး "ယန်ကလန်ရဲ့

ဆယ်ယောက်မြောက်သခင်လေး၊

ငါ့လုကလန်က မင်းရောက်နေတာကို

မကြိုဆိုဘူး"ဟုပြောလိုက်သည်။

ထိုအချိန်တွင် အလင်းတန်းတစ်ခု

ရုတ်တရက်လင်းလက်လာသည်။

လုယွမ်ကျန်း၏ မျက်လုံးများ
အနည်းငယ်ကျဉ်းမြောင်းသွားကာ
ညာဖက်လက်ဝါးကို ရှေ့သို့
ပုတ်လိုက်သည်။

ဘမ်း....

ဓားစွမ်းအင်များ ပြန့်ကျဲသွားသော်လည်း
လုယွမ်ကျန်း က မီတာ ၃၀
ကျော်အကွာထိ ဆုတ်သွားရလေသည်။

သူက ယန်ယဲ့ ကို မော့ကြည့်လိုက်သည်။
ယန်ယဲ့က လျှောင်ပြုံးပြုံးကာ
"ဘာဖြစ်တာလဲ။ မင်းမကြိုက်ဘူးလား။
ငါ့ကိုတိုက်ခိုက်စမ်း”

လုယွမ်ကျန်း က ညာလက်သီးကို
တင်းတင်းဆုပ်ထားသည်။
သို့သော်လည်း မြို့ထဲမှ အသံတစ်သံ
ရုတ်တရက် ပဲ့တင်ထပ်ကာ "အစ်ကိုလု၊
အလျင်စလို မဖြစ်ပါနဲ့"ဟူ၍ပင်။

လုယွမ်ကျန်းက ယန်ယဲ့ ကို အေးစက်စွာ ကြည့်လိုက်ပြီး "မင်း ခဏစောင့်" ထိုစကား သာပြောပြီး လှည့်ထွက်သွားသည်။

အန်နန်ကျင်း က "ဘာလို့ သူတို့က ငါတို့ကို မတိုက်ခိုက်တာလဲ"

ယန်ယွဲ့ က အေးစက်စွာ ရယ်မောလိုက်ပြီး

“ဟုတ်ပါတယ်၊ သူတို့ မလုပ်ရဲဘူး။

ပထမအချက်က လုကလန်ရဲ့

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူတွေ

ရှေ့ထွက်မလာရင်

ငါတို့ကိုမသတ်နိုင်ဘူး။ ဒုတိယအနေနဲ့၊

ငါတို့ကို သေတဲ့အထိတိုက်ဖို့က

သူတို့အတွက် အခိပ္ပါယ်မဲ့တယ်။

ငါတို့သေရင်တောင် သူတို့

ဒုက္ခရောက်မယ်။ ဒါ့အပြင် ယန်ရှင်း နဲ့

ငါက ယန်ကလန်ရဲ့

သခင်ငယ်တွေချည်းမဟုတ်ဘူး။

တခြားသူတွေပါရှိနေသေးတယ်။

ဒါကြောင့် သူတို့ကိုလည်း

သတိထားရမယ်”

အန်နန်ကျင်း က အနည်းငယ်

ခေါင်းညိတ်ပြပြီး စကားမပြောတော့ပါ။

ယန်ယဲ့က လုလီကူး ကို စိုက်ကြည့်ရင်း "အဆင်ပြေရဲ့လား"ဟုမေးလိုက်သည်။

လုလီကူး က သူ့မျက်လုံးများကို မှိတ်ထားပြီး "အရှူးယန်၊ ငါ့ပုံစံအဆင်ပြေသလိုပဲလား"

ယန်ယဲ့က လုလီကူ၏ ဝမ်းဗိုက်ကို တစ်ချက်ကြည့်လိုက်ပြီး "မင်းရဲ့ မူလဒန်တျန်ကို ပြုပြင်ဖို့

နည်းလမ်းရှာတွေ့မှာပါ" ဟု
ထပ်ပြောလိုက်သည်။

လုလီကူး က အနည်းငယ်
ခေါင်းညိတ်လိုက်သည်။
မူလဒန်တျန်ကွဲအက်သွားခြင်းဟာ
အလယ်စကြာဝဠာတွင်
အထူးအဆန်းမဟုတ်ပေ။ မူလဒန်တျန်ကို
ပြန်ပြီးသန့်စင်ဖို့ နည်းလမ်းများ
ရှိနေလို့ပါ။

"ယန်ယဲ့" ထိုအချိန်တွင် ယန်ရှင်း က

ရုတ်တရပ်ပြောခဲ့သည် “ငါတို့

ပူးပေါင်းမလား”

ယန်ယဲ့ က လှည့်ကြည့်လိုက်ရင်း

"အင်အားတွေ ပူးပေါင်းမလား"

ယန်ရှင်း က ခေါင်းညိတ်လိုက်ပြီး

"ဆက်ခံသူတိုက်ပွဲမှာ မပါဝင်နိုင်တဲ့

ငါတို့ရဲ့ အကြီးဆုံးအစ်မကို

ဖယ်ထုတ်လို့ရတယ်။ ဒါပေမဲ့ ငါတို့ရဲ့

အကြီးဆုံးအစ်ကို၊ လူယုတ်မာယန်ရှူ နဲ့

နဝမမြောက်ညီလေးက

ဆက်ဆံရမလွယ်ကူဘူး။ ငါတို့က

မပူးပေါင်းရင် သူတို့နဲ့

ယှဉ်ပြိုင်နိုင်မှာမဟုတ်တော့ဘူး”ဟူ

ထပ်ပြောခဲ့သည်။

ယန်ယွဲ့က ခေါင်းခါလိုက်ပြီး

"ငါပြင်းတယ်"

ယန်ရှင်းက  "ဘာလို့လဲ" ဟု

တိုးညှင်းသောလေသံဖြင့်

ပြောလိုက်သည်။

ယန်ယွဲ့က ယန်ရှင်း ကို

တစ်ချက်ကြည့်လိုက်ပြီး

"ဘာလို့လဲဆိုတော့ ငါ့ နောက်ကျောကို

ဓားနဲ့အထိုးမခံချင်ဘူး။ ဘာပဲဖြစ်ဖြစ်
တစ်ယောက်ယောက်က ငါ့ကို
မစော်ကားရင် တခြားသူတွေကို
မစော်ကားဘူး။ ဒါကြောင့် မင်းငါ့ကို
ဒုက္ခမရှာဘူးဆိုရင် ငါနဲ့
ပူးပေါင်းစည်းထားတာလို့
ပြောလို့ရတယ်။ မင်းငါ့ကို
ပြဿနာရှာနေတာ ဒါမှမဟုတ်
လှည့်စားဖို့ကြိုးစားရင်

နောက်တစ်ကြိမ်စကားပြောဖို့
အခွင့်အရေးရှိမှာမဟုတ်ဘူးလို့
ငါအာမခံတယ်"

စကားပြောပြီးသည်နှင့် အန်နန်ကျင်း၊
လုလီကူး တို့နှင့်အတူ နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

ယန်ရှင်း က အချိန်အတော်ကြာ
တိတ်ဆိတ်သွားသည်။ အဆုံးတွင်

သူသည် မင်မိုကို စိုက်ကြည့်ကာ "ဝမ်းကွဲအစ်ကို၊ အဆင်ပြေရဲ့လား"ဟုမေးလိုက်သည်။

မင်မိုက ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "မင်းကို အိမ်ပြန်ပို့ပေးမယ်"ဟုပြန်ပြောခဲ့သည်။

ထို့နောက်တွင် နှစ်ယောက်သား နေရာမှာပင်ပျောက်သွားခဲ့သည်။

သူတို့ထွက်သွားပြီးသည်နောက် မြို့ဝင်ပေါက်၌ လုယွမ်ကျန်း နှင့် ယန်ရှူ တို့နှစ်ယောက် ပေါ်လာသည်။

"ဘာလို့ သူတို့ကိုမသတ်ဘဲ လွှတ်ပေးလိုက်တာလဲ" လုယွမ်ကျန်း က "မင်းရဲ့ခွန်အားက သူတို့ကို အလွယ်လေးသတ်နိုင်တယ်မဟုတ်လား" ဟုပြောပါသည်။

ယန်ရှူက  ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည်

"မဟုတ်ဘူး၊ ငါမလုပ်နိုင်ဘူး"

လုယွမ်ကျန်း က ယန်ရှူကို စိုက်ကြည့်ရင်း

"မင်း မလုပ်နိုင်ဘူး"

ယန်ရှူက ခေါင်းညိတ်ပြီး "ငါ

လုပ်နိုင်မယ်လို့ ထင်ခဲ့ပေမယ့် ယန်ယဲ့က

ဓားဝိညာဉ်နည်းစနစ် ကို ပိုင်ဆိုင်ထားဖို့

မမျှော်လင့်ခဲ့ဘူး။ သူ့ရဲ့

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ၊ ဓားစိတ်ဆန္ဒ နဲ့

ဓားဝိညာဉ် နည်းစနစ်ကို

ပေါင်းစပ်ထားတော့ ငါတောင်

ပေါ့ပေါ့ဆဆ လုပ်လို့မရဘူး”

လုယွမ်ကျန်း က "တခြားအကြောင်းတွေ

ရှိသေးတယ်

မဟုတ်လား"ဟုထပ်ပြောသည်။

ယန်ရှူက

အနည်းငယ်ခေါင်းညိတ်လိုက်ပြီး "ယန်ယွဲ့

မှာ သစ်သားဓားတစ်ချောင်းရှိတယ်။

အဲဒီနေ့က မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူကို တိုက်ခိုက်နိုင်တယ်။

တကယ်လို့ သူသာ သစ်သားဓားကို

ထုတ်သုံးရင် သူ့ကို သတ်ဖို့

မဖြစ်နိုင်ဘူး။တစ်နည်းတစ်ဖုံ

အောင်မြင်ခဲ့ရင်တောင် မထင်မှတ်တဲ့
တန်ကြေးတစ်ခုတော့ ပေးရလိမ့်မယ်”

ထို့နောက် သူက ကောင်းကင်ကို
မော့ကြည့်ကာ ဆက်ပြောသည် “ဒါ့အပြင်
ငါက တခြားလူတွေကို ကြံစည်နေသလို
သူတို့လည်း ငါ့အများကို
အသင့်စောင့်နေကြတယ်။
နည်းနည်းလေး အမှားက ငါ့ကို ချက်ချင်း
ငရဲပို့လိုက်နိုင်တယ်”

လုယွမ်ကျန်း က

ခေါင်းညိတ်လိုက်ပါသည် "ငါနားလည်ပြီ"

သိပ်မကြာလိုက်ပေ၊ နှစ်ယောက်သား

နေရာမှာပင် ပျောက်သွားတော့သည်။

ယန်ရှု နှင့် လုယွမ်ကျန်း

တို့ထွက်သွားပြီးညသိပ်မကြာခင်မှာပဲ

အရိပ်မည်းကြီးတစ်ခုက

သူတို့ရပ်နေသည့်နေရာသို့
ရှုတ်တရက်ပေါ်လာသည်။

ခဏမျှ တိတ်ဆိတ်နေပြီးနောက်
အရိပ်မည်းကြီးက ခေါင်းယမ်းလိုက်ရင်း
“သနားစရာကောင်းလိုက်တာ”ဟုရေရွတ်
လိုက်သည်။ ထို့နောက် ဖျတ်ခနဲ
ပျောက်ကွယ်သွားသည် ။

...

ယန်ယဲ့ သည် လုလီကူး ကို

ငြိမ်သက်ခြင်းမြို့ သို့

ပြန်ခေါ်သွားခဲ့သည်။ လုလီကူး က

ဒဏ်ရာအပြင်းအထန် ရနေသော်လည်း

အသက်တော့မသေခဲ့ပေ။ ထို့ကြောင့်

ယန်ယဲ့၏ မူလခရမ်းရောင်စွမ်းအင်ဖြင့်

ကုသလိုက်သည့်အခါ

လှုပ်လှုပ်ရှားရှားဖြစ်လာနိုင်ခဲ့သည်။

သို့သော် သူ၏အခြေအနေဟာယ
သာမန်လူတစ်ယောက်သာ။

လုလီကူးကို
နေရာချထားပေးပြီးနောက်တွင်
ယန်ယဲ့သည်
အင်မော်တယ်ခန်းမသို့သွားကာ ယန်ရှမ်
နှင့် တွေ့လိုက်သည်။

ယန်ရှမ်က သူမ၏တူဖြစ်သူကိုကြည့်ကာ

"ကလေး၊ လုလီကူး အတွက်
ဒီကိုရောက်လာတာမဟုတ်လား"ဟုပြော
လိုက်၏။

ယန်ယဲ့ က အဒေါ်ဖြစ်သူကို
တစ်ချက်ကြည့်လိုက်ပြီး
"မင်းကြီးသိနေမှတော့ ငါဘာမှ
မပြောတော့ဘူး။ သူ့ရဲ့ မူလဒန်တျန်ကို
ဘယ်လိုပြုပြင်ရမလဲဆိုတာ

မင်းသိလား"ဟူ၍

ချက်ချင်းမေးလိုက်ပါသည်။

အတိတ်တွင် သူ့၌ မူလဒန်တျန်ကို

ပြန်ယူနိုင်သော

ရတနာအများအပြားပိုင်ဆိုင်ခဲ့၏။

၎င်းက အခြားမဟုတ်ပေ၊

ဖန်ဆင်းခြင်းသစ်သီးပါ။ သို့သော်လည်း

နှင်းပွင့်လေး နှင့် ဇီအာ က

ဖန်ဆင်းခြင်းသစ်သီးများကို

အစားအစာများကဲ့သို့သဘောထားကာ

အကုန်အစင်စားသောက်ပစ်လိုက်သည်။

ထိုအချိန်တွင် ယန်ရှမ် က

ခဏမျှလေးလေးနက်နက်စဉ်းစားနေပြီး

နောက် အဖြူရောင်သစ်သီးတစ်လုံးကို

ထုတ်ယူကာ ယန်ယဲ့၏လက်ထဲကို

ပစ်ပေးလိုက်သည်။

တစ်ဆက်တည်း သူမက "ဒါဟာ

မူလဒန်တျန်ကို

ပြန်ပြီးတည်ဆောက်နိုင်ပါတယ်"ဟုပြော

လိုက်သည်။

ယန်ယဲ့က သူမကို

မော့ကြည့်လိုက်သည်။ထို့နောက်

မငြင်းဘဲ

အဖြူရောင်သစ်သီးကိုသိမ်းကာ

ထွက်သွားဖို့ပြင်လိုက်၏။ သို့သော်လည်း

ယန်ရှမ် က ရုတ်တရက်တားလိုက်ပြီး

“ပြိုင်ပွဲက သုံးရက်ပဲရှိတော့တယ်။ နင့်ရဲ့

ပြင်ဆင်မှုတွေ

လုပ်ပြီးပြီလား"ဟုမေးလိုက်သည်။

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး

"ဘာပြင်ဆင်ထားလဲ။

ငါ့မှာဘာမှမရှိဘူး”ဟူ၍ ပြန်ပြောခဲ့သည်။

ယန်ရှမ် က လေးနက်စွာပြောသည် "နင် အခုရောက်နေတဲ့ အခြေအနေကို သဘောပေါက်လား"

ယန်ယဲ့ က သူမကို စိုက်ကြည့်ရင်း "ကျေးဇူးပြုပြီး ပြောပြပါ"

ယန်ရှမ် က "ယန်ကလန်ရဲ့ အဖွဲ့ဝင်အတော်များများက

နင်သေနေတာကို တွေ့ချင်နေကြတယ်"

ဟု ပြန်ဖြေသည်။

ယန်ယွဲ့ က ခေါင်းညိတ်လိုက်သည်

“ငါဒါကိုသိပါတယ်”

"နင်သိနေတာလား" ယန်ရှမ် က

ယန်ယွဲ့ကို  စိုက်ကြည့်ရင်း

"နင်ဘယ်လိုသိတာလဲ"ဟုမေးလိုက်သည်

။

ယန်ယဲ့ က ပြုံးပြီး “အဲဒါကို စိတ်မပူပါနဲ့။ ပြောစရာရှိတာပဲ ဆက်ပြောပါ"

ယန်ရှမ်က ခဏလောက် လေးလေးနက်နက် စဉ်းစားပြီးမှ ဆက်ပြောလိုက်သည် "နင့်ကို ပြောပြတာက နင့်အဖေရဲ့ လက်အောက်ငယ်သားဟောင်းတွေထဲက တစ်ယောက် ဖြစ်နိုင်တယ်။ ဒါပေမဲ့

အဲဒါကောင်းပါတယ်။ အဲဒါက နင့်ကို

တချို့အကြောင်းအရာတွေ ရှင်းပြဖို့

အချိန်ကုန်သက်သာသွားတာပေါ့။

ယန်ကလန်မှာ မျိုးနွယ်စုရဲ့

အကျိုးအမြတ်ကပဲ

အရေးကြီးဆုံးဆိုတာတော့

အထူးသတိထားပါ။

နင့်ရဲ့ အလားအလာက

အတိုင်းအတာတစ်ခုအထိ ဆိုရင်တော့

ကလန်ရဲ့ ဘိုးဘေးတောင်မှ

နင့်ကိုသတ်ရဲမှာမဟုတ်ဘူး။

ကျန်တဲ့လူတွေပါ အနည်းဆုံးတော့

ပွင့်ပွင့်လင်းလင်း လုပ်လို့ မရဘူး။

ဘာကြောင့်လဲဆိုတော့

အကြီးအကဲကောင်စီက လုံး၀ ခွင့်ပြုမှာ

မဟုတ်ဘူးလေ။ ဒါပေမယ်လို့

ကြိုတင်သတ်မှတ်ချက်က နင့်ရဲ့

အလားအလာက လုံလောက်နေရမယ်"

ယန်ယဲ့က "ဘယ်လိုအဆင့်မျိုး

လိုအပ်လဲ"

ဟုမေးလိုက်သည်။

ယန်ရှမ် က တိုးညှင်းသောလေသံဖြင့်

“ဆက်ခံသူ။ မျိုးနွယ်စုရဲ့ ဆက်ခံသူ

ဖြစ်လာရမယ်။ နင် ယန်ကလန်ရဲ့

နောက်မျိုးဆက်

ဆက်ခံသူဖြစ်နေသရွေ့တော့

အကြီးအကဲကောင်စီက

သေချာပေါက်ကို ကာကွယ်ပေးလိမ့်မယ်။

ဒါမှမဟုတ် နင်သာ ဆက်ခံသူ ဖြစ်လာရင်

ယန်ကလန်ရဲ့အဖွဲ့ဝင်တစ်ဝက်နီးပါးက

တိတ်တဆိတ်ကာကွယ်ပေးကြမှာပါ။

ဒါပေမယ်လို့ လူ တော်တော်များများက

နင့်ကို

ဆက်ခံသူဖြစ်ခွင့်ပေးမှာမဟုတ်ဘူး”

ယန်ယဲ့ က "ဘယ်သူတွေလဲ"

ယန်ရှမ်က "နင့်အဖေရဲ့

လက်အောက်ငယ်သားဟောင်းတချို့။

အထူးသဖြင့်တော့

သူနိမ့်ကျနေတဲ့အချိန်မှာ

သစ္စာဖောက်သွားကြတဲ့သူတွေ။ နင်က

သူတို့ကို လက်စားလာချေမှာ

ကြောက်တယ်။ သူတို့က နင့်ကို အခု

မကြောက်ပေမယ့် နင်သာ ယန်ကလန်ရဲ့

ဆက်ခံသူဖြစ်သွားရင်တော့

အတိတ်ကရန်ကြွေးတွေကိုပြန်တောင်းမှာ ကြောက်နေတာ။ ဒီတော့ သူတို့တွေ အရိပ်ထဲက ကြံစည်ကြလိမ့်မယ်”

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည် “ငါနားလည်ပါတယ်။ သတိထားပါ့မယ်"

ထိုစကားပြောပြီးနောက် ထွက်သွားဖို့ပြင်လိုက်၏။ သို့သော်လည်း ယန်ရှမ် က ထပ်ပြောလိုက်သေးသည်

"နောက်ဆုံးတစ်ခုက နင်အပါအဝင်
နင့်ဘေးနားကလူတိုင်းအသက်ရှင်ဖို့ဆိုရ
င် ယန်ကလန်ရဲ့ ဆက်ခံသူ
ဖြစ်လာမှရမယ်ဆိုတာပဲ။ နားလည်လား"

ယန်ယွဲ့ က သူမကို လေးလေးနက်နက်
အကြာကြီး တစ်ချက်
ကြည့်နေလိုက်သည်။ ထို့နောက်မှ
အလင်းတန်းတစ်ခု အဖြစ် ပြောင်းလဲကာ

အခန်းထဲကနေ

ပျောက်ကွယ်သွားတော့သည်။

ယန်ယဲ့ ထွက်သွားပြီး သိပ်မကြာခင်မှာပဲ

ဂူရှဲ့ နှင့် ချန်းဟု တို့နှစ်ယောက်

ပေါ်လာကြသည်။

ဂူရှဲ့ က ယန်ရှမ် ကို

တစ်ချက်ကြည့်လိုက်ပြီး

"ဖီးနစ်အင်မော်တယ်၊

မင်းဘာလို့အဲလိုပြောတာလဲ"ဟုမေးလိုက်သည်။

ယန်ရှမ် က လစ်လျူရှုရင်း “ဒါမှ သူက ဆက်ခံသူဖြစ်လာဖို့ ကြိုးကြိုးစားစားလုပ်မယ်။ မဟုတ်ရင် ငါဘာလို့ဒီလိုပြောရမှာလဲ"ဟုပြန်ပြောပါသည်။

ဂူရှဲ့ က ယန်ရှမ် ကို အချိန်အတော်ကြာ စိုက်ကြည့်ပြီး "ဘာလို့ သူ့ကို တစ်ခုခုသတိပေးနေရတာလဲ"

ယန်ရှမ် က တခစ်ခစ်ရယ်ရင်း "ဂူရှဲ့၊ ငါ သူ့ကို ဘာသတိပေးနေတယ်လို့ ထင်လဲ။ ငါတို့သခင်က ဘာလိုချင်တာလဲ။ ငါတို့သခင်က ယန်ယဲ့ကို ယန်ကလန်ရဲ့ သခင်ငယ်တွေအားလုံးနဲ့တွေ့ခိုင်းပြီး အကုန်သတ်စေချင်နေတာလေ။

ဆက်ခံသူ ဖြစ်ဖို့ မတိုက်တွန်းရင် သူတို့ကို

ဘယ်လိုသတ်မလဲ။

သဘောမပေါက်ဖူးလား။ တကယ်တော့

သူ့မှာ ဆက်ခံသူဖြစ်လာဖို့ ရည်ရွယ်ချက်

မရှိဘူး။လက်ရှိအခြေအနေတွေကို

သူနားမလည်ရင် ပြိုင်ပွဲအစမှာ

ချက်ချင်းနုတ်ထွက်ဖို့တောင်

အလားအလာများတယ်။

ဟုတ်တယ်မလား"

ဂူရှဲ့ က သူမကို အချိန်အကြာကြီး
စိုက်ကြည့်ရင်း ပြုံးလိုက်သည်။ သူက
"မင်း အတွေးများနေပုံပဲ"

သူက ခဏရပ်ပြီး “ဖီးနစ်ဗိုလ်ချုပ်၊
ငါတို့သခင်ရဲ့ ခွန်အားနဲ့ အလားအလာကို
မင်းသတိထားသင့်တယ်။ ဒါဆို မင်းက
ငါတို့သခင်ကို အန္တရာယ်ဖြစ်စေမယ့်
တစ်ခုခုကို သေချာပေါက် လုပ်မှာ
မဟုတ်ဘူးလား”

ယန်ရှမ် က မသိချင်ယောင်ဆောင်ကာ "နင်ဘယ်လိုထင်လဲ"ဟုပြန်မေးလိုက်၏။

ချန်းဟု က ရုတ်တရက်ပြောလိုက်သည် "အချိန်မဖြုန်းမိပါစေနဲ့။ သူက သူ့ဘေးနားကလူတိုင်းကိုအရမ်းဂရုစိုက်တာ။ ငါတို့သခင်က ဝင်ရိုးစွန်းကြယ်မှာရှိတဲ့ သူ့မိတ်ဆွေတချို့ကို

သွားဖမ်းစေချင်တယ်။ ဖီးနစ် စစ်သူကြီး၊ မင်းသွားမလား၊ ငါတို့သွားရမှာလား"

ဂူရှဲ့က "ငါတို့ ကိုယ့်ဘာသာသွားသင့်တယ်ထင်တယ်" ဟု ရုတ်တရက်ပြောခဲ့သည်။

May Be:

၂၀၀၅

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၀၅ - လိုက်လံတိုက်ခိုက်ခြင်း

ချန်းဟု က ဂူရှဲ့ ကို ကြည့်လိုက်ပြီး

ခေါင်းညိတ်ပြကာ "ကောင်းပြီ၊

ငါတို့သွားလိုက်မယ်။ ငါ...”

စကားပြောနေရင်းဖြင့် သူမ၏

အမူအရာက ရုတ်တရက် သိသိသာသာ

ပြောင်းလဲသွားသည်။ ချန်းဟု က

ချက်ချင်း ရှေ့ခုန်ထွက်လိုက်သည်။

သို့သော်လည်းသူမ၏နောက်ကွယ်မှ

လူတစ်ယောက် ရုတ်တရက်ပေါ်လာပြီး

ဓားတစ်ချောင်းက

လည်ပင်းပေါ်တင်ထားလိုက်သောကြောင့်

နေရာမှာပင်မလှုပ်ရဲတော့ပေ။

ထိုလူက အခြားမဟုတ်ဘဲ ယန်ယဲ့ သာ။

ဂူရှဲ့ နှင့် ချန်းဟု တို့နှစ်ယောက်လုံး ထိတ်လန့်သွားကြသည်။ ယန်ယဲ့ သည် အရိပ်ထဲ၌ ပုန်းအောင်းနေလိမ့်မည်ဟု မထင်ထားလို့ပါ။

ယန်ရှမ် ပင်လျှင် မမျှော်လင့်ထားပေ။ ယန်ယဲ့က သူ၏ကိုယ်ပိုင်အိမ်တော်သို့ ပြန်သွားပြီဟုသာ ထင်နေခဲ့လေသည်။

ယန်ယဲ့ က ချန်းဟု ကို ကြည့်ပြီး "မင်း ဝင်ရိုးစွန်းကြယ် ကို သွားမယ်ဆိုတာ ငါကြားမိတယ်။ ဘာလို့လဲ၊ အဲဒီနေရာကို တစ်ခါမှ မရောက်ဖူးလို့ အလည်အပတ်သွားမလို့များလား"

ဂူရှဲ့ က "ယန်ယဲ့၊ ဒေါသတကြီး မလုပ်နဲ့။ သူမက နတ်ဗိုလ်ချုပ် ၇ ဦးထဲက တစ်ဦးနော်။ မင်း သူ့ကို သတ်ရင် မင်းသေချာပေါက်..."

"ငါဘာလုပ်မှာသေချာလဲ" ယန်ယဲ့ က ဂူရှဲ့ကို စကားဖြတ်ပြောလိုက်သည်  "ငါ သေချာပေါက် အပြစ်ပေးခံရမှာလား။ ငါဘာကိုကြောက်ရမှာလဲ.."

စကားပြောနေရင်း သူ့လက်ကို ဆတ်ခနဲလှုပ်လိုက်သည်။

ဆူး....

ဓားက ချန်းဟု၏ခေါင်းကို

လှီးဖြတ်သွားပြီးနောက် ပြန်လာအဆင့်

ဓားစိတ်ဆန္ဒ တိုးဝင်လာပြီး

သူမ၏ဝိညာဉ်ကို

ချက်ချင်းဝါးမြိုသွားခဲ့သည်။

ချန်းဟု ကို သတ်ပြီးနောက် ယန်ယဲ့က

ဂူရှဲ့ ကို စိုက်ကြည့်လိုက်သည်။ ဂူရှဲ့၏

အမူအရာက ပြောင်းသွားပြီး

ဖျတ်ခနဲလက်ကာ ကောင်းကင်သို့
ပျောက်ကွယ်သွားခဲ့သည်။

"ထွက်ပြေးနေတာလား" ယန်ယဲ့ က
အေးစက်စွာ ရယ်မောလိုက်သည်။
သူ့ညာခြေကို တစ်ချက်ဆောင့်လိုက်ရာ
သွေးအလင်းတန်းအဖြစ်ပြောင်းလဲသွား
ပြီး ကောင်းကင်ထက်သို့
ပျောက်ကွယ်သွားတော့သည်။

သိပ်မကြာလိုက်ပါ၊

ငြိမ်သက်ခြင်းမြို့တော်မှ လူတိုင်း

အထိတ်တလန့်ဖြစ်သွားခဲ့သည်။

ယန်ယဲ့ သည် နတ်ဗိုလ်ချုပ် ၇

ယောက်ထဲမှ ဂူရှဲ့ ကို

လိုက်လံသတ်ဖြတ်နေ၏။

ထိုအကြောင်းကို သိလိုက်သည်နှင့်

မြို့ထဲမှ နေထိုင်သူတိုင်း မျက်နှာထက်၌

ထူးဆန်းသော အမှုအရာများ
ရှိနေကြသည်။ အထူးသဖြင့်
စည်းကမ်းထိန်းသိမ်းရေးခန်းမသခင်
ယန်လု ပင်။

ထိုအကြောင်းကိုကြားသောအခါ
စည်းကမ်းထိန်းသိမ်းရေးခန်းမသခင်က
အကြာကြီးတိတ်ဆိတ်သွားပြီး
“အခုချိန်ထိအရှူးထနေသေးတာလား။

ဘာကောင်လဲ…” ဟူ၍

ရေရွတ်လိုက်ပါသည်။

နဂါးများသည်

ပြောင်းပြန်အကြေးခွံရှိကာ

၎င်းကိုထိလိုက်လျှင်

နဂါး၏အမျက်ဒေါသကို

ရင်ဆိုင်ရပါမည်။

ယန်ယဲ့၏ ပြောင်းပြန်အကြေးခွံက ဘာလဲ။

သဘာဝအတိုင်း သူ့ဘေးနားမှ ချစ်ရသူများပင်။

ယန်ယဲ့ သည် ဂူရှဲ့တို့တစ်သိုက်၏ အကြံအစည်များကို သိနေသော်လည်း လူသတ်ဖို့လောက်ထိတော့ မလိုအပ်ဟု ထင်ခဲ့သည်။ နောက်ဆုံးတွင်

ထိုလူများက သူ့အား အသုံးချနေသလို

သူလည်း

ပြန်ပြီးအသုံးချနေသည်မဟုတ်ပါလား။

ထို့ကြောင့် သူက

မသိလိုက်မသိဘာသာဖြင့်သာ

နေနေခဲ့သည်။

သို့သော်လည်း လက်ရှိအချိန်တွင်မူ

စုချင်းရှီ နှင့် အခြားသူများကို

ပစ်မှတ်ထားလာခဲ့လေသည်။ ၎င်းသည်

ယန်ယဲ့အတွက် လုံးဝကို
သည်းမခံနိုင်သည့်အရာပင်။

ထို့ကြောင့် သူက ပြတ်ပြတ်သားသား
တိုက်ခိုက်လိုက်သည်။

ထိုလူက နတ်ဗိုလ်ချုပ် သို့မဟုတ်
နတ်စစ်သူကြီး ဖြစ်နေလျှင်ပင်
ဂရုမစိုက်ပေ။ သူဂရုစိုက်နေသည်မှာ

အားလုံးကို တစ်ခါတည်း

သတ်ဖြတ်ပစ်ဖို့သာ။

ဂူရှဲ့ က သဘာဝအတိုင်း

ထွက်ပြေးခဲ့ရသည်။ သူသည်

ထာဝရတန်ခိုးရှင် တစ်ပါး ဖြစ်သည့်တိုင်

ယန်ယဲ့၏ခွန်အားကို မယှဉ်နိုင်လို့ပါ။

အဓိကကတော့ ယန်ယဲ့၏ ထာဝရအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ၊ ပြန်လာအဆင့်

ဓားစိတ်ဆန္ဒ နှင့် ထာဝရအဆင့်

အမှောင်တာအိုဥပဒေသ ဟာ

အလွန်ကြောက်စရာကောင်း၏။

ထို့အပြင် ယန်ယဲ့၏ဘေးနား၌လည်း

လျှို့ဝှက်ဆန်းကြယ်သော

အမျိုးသမီးပါရှိနေသေးသည်။

အကယ်၍

သူတစ်ယောက်တည်းသာဆိုလျှင်တော့

ယန်ယဲ့ နှင့်

ထိုလှျို့ဝှက်ဆန်းကြယ်သောအမျိုးသမီး
ကို မယှဉ်နိုင်ပေ။

ထို့ကြောင့် ထွက်ပြေးဖို့သာ
ပြတ်ပြတ်သားသား
ရွေးချယ်လိုက်တော့သည်။

သို့သော်လည်း ယန်ယွဲ့သည် သူ့ရှေ့မှ
ရုတ်တရက် ပေါ်လာသဖြင့် ဂူရှဲ့ က
ဆက်မပြေးနိုင်တော့ဘဲ ရပ်သွားသည်။

သူက ယန်ယွဲ့ ကို စိုက်ကြည့်နေသည်။

ထိုခဏလေးမှာပဲ

ထူးဆန်းသောတံဆိပ်တစ်ခု ကို

အလျင်အမြန်ဖန်တီးလိုက်ပြီး

အဆက်မပြတ်ရေရွတ်လိုက်တော့သည်။

သိပ်မကြာလိုက်ပါ၊ ယန်ယွဲ့

စီးနင်းထားသည့်

အလင်းဘွတ်ဖိနပ်များက

တဆတ်ဆတ်တုန်လာသည်။ သို့သော်

ယန်ယဲ့သည် ဘွတ်ဖိနပ်များကို
အမြန်ချွတ်ကာ မူလစေတီထဲကို
ပစ်ထည့်လိုက်တော့သည်။

ထိုခဏလေးမှာပဲ ဂူရှဲ့ က
အံ့သြသွားတယ်။ ဒီအချိန်မှာပဲ
အလင်းဘွတ်ဖိနပ်များက
ယန်ယဲ့၏ခြေထောက်အောက်၌
စီးနင်းထားလျက်ပြန်ပေါ်လာသည်။
ဂူရှဲ့က ယန်ယဲ့ကို

စိုက်ကြည့်ပြီးနောက်

ဆက်လက်ရေရွတ်နေ၏။ သို့သော်

ဘွတ်ဖိနပ်များက လုံးဝမတုံ့ပြန်ပါ။

ထိုအချိန်တွင် ဂူရှဲ့၏ အမူအရာက

အလွန်ဆိုးရွားသွားခဲ့သည်။

တစ်ချိန်တည်းတွင် ယန်ယဲ့ သည်

နေရာတွင်ပင် ရုတ်ချည်းပျောက်သွား၏။

ယန်ယဲ့ သည် သဘာဝအတိုင်း

သူ၏အချိန်ကိုမဖြုန်းလိုတော့ပေ။ ဂူရှဲ့

ကို အမြန်ဆုံးသတ်ပစ်ရန်သာ

ဆုံးဖြတ်ထား၏။ မဟုတအလျှင်

ယန်ကလန်း၏

အဆင့်မြင့်အာဏာပိုင်များ

ရောက်လာနိုင်ချေများလို့ပါ။

ယန်ယဲ့ ပျောက်ကွယ်သွားသည့်အခါ

ဂူရှဲ့၏ မျက်လုံးထဲ၌ အေးစက်သော

အလင်းရောင်တစ်ခု တောက်ပလာသည်။
တစ်ဆက်တည်း သူ၏ဓါးကို ရှေ့သို့
ပုတ်လိုက်သည်။

ဘမ်း...

ဂူရှဲ့၏ဓါးမှ
ကြောက်မက်ဖွယ်ကောင်းသော
စွမ်းအင်လှိုင်းလုံးကြီး ထွက်ပေါ်လာပြီး
သူ့ရှေ့မှ အာကာသပြင်ဟာ

ပြင်းထန်စွာ တုန်ခါလာသည်။

သို့သော်လည်း ယန်ယဲ့ထံမှ

ဓားစွမ်းအင်တစ်စင်း

လက်သွားပြီးနောက် အာကာသပြင်ကို

အပိုင်းပိုင်းခွဲထုတ်ပစ်လိုက်သည်။

တစ်ချိန်တည်းမှာပဲ

ကြောက်မက်ဖွယ်ရာဓားစွမ်းအင်များက

ဂူရှဲ့ ဆီသို့ ကျရောက်လာသည်။

အုန်း....

ပေါက်ကွဲသံ အများအပြား

ထွက်ပေါ်လာသည်။ ဂူရှဲ့ က နောက်သို့

ထပ်ခါတလဲလဲ

တွန်းထုတ်ခံလိုက်ရသည်။

နောက်ဆုံးတွင် ၃ ကီလိုမီတာအကွာထိ

ရောက်မှသာ သူ့ကိုယ်သူ

ရပ်တန့်လိုက်နိုင်၏။ ထိုအချိန်တွင်

သူ့တစ်ကိုယ်လုံး ဓားဒဏ်ရာ

အများအပြား ဖုံးလွှမ်းထားသည်။

ဂူရှဲ့ ရပ်လိုက်သည်နှင့် တပြိုင်နက်

ယန်ယဲ့ သည် သူ့ရှေ့တွင် ပေါ်လာပြီး

ဓားတစ်ချောင်းက သူ့ခေါင်းဆီသို့

ထိုးသွင်းသွားသည်။

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၁၆

ထပ် ။

ဂူရှဲ့၏ အမူအရာက

အနည်းငယ်ပြောင်းလဲသွားသည်။

သို့သော်လည်း သူ့အပေါ်တည့်တည့်၌

အဝါရောင်ဒိုင်းကာကြီးတစ်ခု

ရုတ်တရက် ပေါ်လာသည်။

ဘမ်း....

ဓားစွမ်းအင် ကျဆင်းလာသည် နှင့်
တပြိုင်နက် အဝါရောင်ဒိုင်းကာကြီးဟာ
ကွဲအက်သွားသည်။ တိုက်ခိုက်မှုမှ
တန်ပြန်အားကြောင့် ဂူရှဲ့
ကိုယ်တိုင်လည်း လွင့်ထွက်သွားသည်။

ထိုအချိန်တွင် ယန်ယွဲ့ သည် ညာခြေကို
တစ်ချက်ပုတ်ကာ နေရာမှာပဲ ချက်ချင်း
ပျောက်သွားခဲ့သည်။

ယန်ယဲ့ ပျောက်သွားသည်နှင့် ဂူရှဲ့၏

အမူအရာက

သိသိသာသာပြောင်းလဲသွားသည်။ သူ၏

ဆန်းကြယ်ချီစွမ်းအင်ကို

အမြန်ထုတ်ဖော်လျက်

ရောမဒိုင်းအလွှာကြီးထဲသို့

ကမန်းကတန်းပို့လွှတ်လိုက်သည်။

ထို့နောက် သူ့လက်ကို ဝှေ့ယမ်းကာ

ယန်ယဲ့ထံ ပစ်လွှတ်လိုက်တော့သည်။

ဒိုင်းက ယန်ယွဲ့ နှင့် ၁ မီတာနီးပါးအကွာသို့

ရောက်လာသည့်အခါ

ပြင်းထန်စွာလှုပ်ယမ်းပြီး

ကွဲထွက်သွားသည်။

ဘုန်း....

ပေါက်ကွဲမှုမှ ကြောက်မက်ဖွယ်ရာ

စွမ်းအင်လှိုင်းလုံးကြီး

ဖြာထွက်လာသည်။ ထိုအချိန်တွင် ယန်ယွဲ့

သည်

အကြိမ်ကြိမ်နောက်ပြန်ဆုတ်သွားရသည်

။ သို့သော်လည်း မီတာ ၃၀

အကွာသို့ရောက်သည်နှင့် ညာခြေကို

တစ်ချက်ဆောင့်၍ ဂူရှဲ့ ထံ

ခုန်ဝင်သွားတော့သည်။

ယန်ယဲ့၏ ပုံရိပ် ဖြတ်သွားတိုင်း

အာကာသပြင်ဟာ

တောက်လျှောက်ပွင့်ထွက်သွားသည်။

ထိုအချိန်တွင် ဂူရှဲ့၏ မျက်နှာက

ထူးထူးခြားခြား တည်ငြိမ်နေကာ

ကြောက်ရွံ့မှုလုံးဝမရှိပေ။

အကြောင်းကတော့ သူ့ရှေ့၌

အဘိုးအိုတစ်ယောက် ပေါ်လာလို့ပါ။

ထိုအဘိုးအိုက အခြားမဟုတ်ပါ၊

စည်းကမ်းထိန်းသိမ်းရေးခန်းမ၏ခန်းမ

သခင် ယန်လုပင်။

အဘိုးအိုယန်လု က သူ့ညာဖက်လက်ကို

ဆန့်ကာ အနည်းငယ်ယမ်းလိုက်သည်။

ဘမ်း

စွမ်းအင်လှိုင်းတစ်ခုက ယန်ယွဲ့၏ဓားကို

ချက်ချင်း ထိမှန်သွားသည်။ ဓားက
ပြင်းထန်စွာ လှုပ်ခါသွားပြီးနောက်
ယန်ယဲ့ကိုယ်တိုင်ပါ ၃
ကီလိုမီတာအကွာသို့ လွင့်ပျံသွားသည်။

ယန်ယဲ့ သည် ထုံကျင်နေသော
လက်မောင်းကို ငုံ့ကြည့်ပြီးနောက်
အဘိုးအိုယန်လု ကို
မော့ကြည့်လိုက်သည်။
အဘိုးအိုယန်လုဖြစ်နေကြောင်း

မြင်လိုက်သောအခါ ချက်ချင်း
မျက်နှာပျက်သွား၏။ သူ့စိတ်ထဲ
ယန်ကလန်၏ အာဏာပိုင်များ
မြန်မြန်ရောက်လာဖို့
မမျှော်လင့်ထားလို့ပါ။

အဘိုးအိုယန်လု က ယန်ယွဲ့အား
စူးစိုက်ကြည့်ရင်း "မင်း အခု
ဘာလုပ်နေတာလဲ"ဟူ၍
အေးစက်စက်ပြောလိုက်သည်။

ယန်ယဲ့ က ဂူရှဲ့ ကို ကြည့်ပြီး လက်ညှိုးထိုးငါ "သူက ငါ့ကို သတ်ချင်တယ်"

ဂူရှဲ့က မျက်ခုံးများ လှုပ်ယမ်းလာသည်။ သူက "ဘာမှ အဓိပ္ပါယ်မရှိဘူး။ ယန်ယဲ့၊ မင်းက ငါ့ကို အကြောင်းပြချက်မရှိဘဲ တိုက်ခိုက်ခဲ့တာလေ။ အခု မင်းငါ့ကို မဟုတ်မမှန်စွပ်စွဲနေတာလား။

အရှက်မရှိဘူးလား"ဟု ကမန်းကန်း အော်ဟစ်လိုက်သည်။

အဘိုးအိုယန်လု က ဂူရှဲ့ ကို တစ်ချက်ကြည့်လိုက်ပြီး ယန်ယဲ့ကို နောက်တစ်ကြိမ် စိုက်ကြည့်ရင်း "သူက မင်းကိုသတ်ဖို့ကြိုးစားနေတာ ငါမတွေ့ခဲ့ရဘူး။ မင်းက သူ့ကိုသတ်ဖို့ကြိုးစားနေတာပဲ မြင်တယ်"

တစ်ချိန်တည်းမှာပဲ ဂူရှဲ့က

ထပ်ပြောလိုက်သည် "ခန်းမသခင်လု၊

သူက ငါ့ကို သတ်ဖို့ ကြိုးစားနေတာတင်

မဟုတ်ဘူး၊ ဗိုလ်ချုပ်ချန်းဟု

ကိုပါသတ်လိုက်ပြီ။ ခန်းမသခင်လု၊

ကျေးဇူးပြုပြီး ကလန်ရဲ့

စည်းမျဉ်းအတိုင်း သူ့ကို

အပြစ်ပေးလိုက်ပါ"

ဂူရှဲ့ ပြောလိုက်သည့် စကားကို

ကြားလိုက်သောအခါ အဘိုးအိုယန်လု၏

မျက်လုံးများ

ချက်ချင်းကျဉ်းမြောင်းသွားသည်။

ယန်ယွဲ့ကို စိုက်ကြည့်နေရင်း

သူ့မျက်နှာက တဖြည်းဖြည်း

မည်းမှောင်လာသည်။ ထို့နောက် ယန်ယွဲ့

ကို စူးစူးရဲရဲကြည့်ပြီး "မင်း

သူ့ကိုသတ်လိုက်တာလား"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်

"ငါသတ်ခဲ့တယ်"

အဘိုးအိုယန်လု က ယန်ယဲ့ ကို

စိုက်ကြည့်ပြီး "ယန်ကလန် မှာ

မင်းစိတ်တိုင်းကျ လုပ်နိုင်မယ်လို့

တကယ်ထင်နေတာလား"

ယန်ယွဲ့ က ခေါင်းခါလိုက်သည် “ဒီလိုမျိုး တစ်ခါမှ မတွေ့ဖူးဘူး။ နောက်ဆုံးတော့ မင်းဒီမှာရောက်နေတာလေ"

အဘိုးအိုယန်လု က "ဒါဆို ဘာလို့လဲ"

ယန်ယွဲ့ က "ဂူရှဲ့ နဲ့ ချန်းဟု က ငါ့ဆီလာပြီးတော့ ငါ့နောက်ကိုလိုက်မယ်လို့ ပြောခဲ့တယ်။ တကယ်တော့ အဲဒါက ငါ့ကို

ထိန်းချုပ်ချင်လို့ပါ။ ဒါပေမဲ့

ငါ့ရဲ့ခွန်အားတွေ ကြီးလာတာကို

သတိပြုမိလိုက်တဲ့အခါ သူတို့တွေ

သက်တောင့်သက်သာမရှိနိုင်တော့ဘူးလို့

ခံစားလာရတယ်။ ဒါကြောင့် သူတို့က

ငါ့ချစ်ရတဲ့သူတွေကို ဖမ်းပြီး

ငါ့ကိုခြိမ်းခြောက်ဖို့

အသုံးချချင်ကြတယ်။ ဒါကို ငါ

ပုန်းနေပြီးတော့ သူတို့ရဲ့ စကားပြောသံကို

ကြားလို့ တိုက်ခိုက်ခဲ့တယ်။ ဒါပဲ ဖြစ်ခဲ့တာ”

အဘိုးအိုယန်လု က အနည်းငယ် မျက်မှောင်ကြုတ်ကာ ဂူရှဲ့ ကို စိုက်ကြည့်လိုက်သည်။ ဂူရှဲ့ က စကားပြောရန်ပြင်လိုက်သော်လည်း အောက်မြေပြင်မှ အနက်ရောင်အရိပ်တစ်ခု ရုတ်တရက်ထိုးတက်လာသည်။ အရိပ်က

အလွန်မြန်ဆန်ပြီးအဘိုးအိုယန်လု ရှေ့သို့ ချက်ချင်းရောက်လာပြီးနောက် အလင်းတန်းတစ်ခု လင်းလက်သွားသည်။

အဘိုးအိုယန်လု၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်။သူ၏လက်သီးကို ချက်ချင်းမြှောက်ကာ အလင်းတန်းအား ထိုးချလိုက်သည်။

အုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

အဘိုးအိုယန်လုက မီတာ ၃၀၀ အကွာသို့

လွင့်ထွက်သွားသည်။

ထိုအချိန်တွင် ဘေးနားမှ ကျယ်

လောင်သော

အော်ဟစ်သံထွက်ပေါ်လာသည်။

အဘိုးအိုယန်လုက

ချက်ချင်းလှည့်ကြည့်လိုက်ရာ

မျက်နှာပျက်သွားသည်။အကြောင်းက

တော့ ဂူရှဲ့၏ခေါင်းက

လေထဲကိုပျံတက်နေလို့ပါ။

ထိုအချိန်တွင် အနက်ရောင်အရိပ်

ကတော့

အနက်ရောင်အလင်းတန်းဖြစ်ကာ

အဝေးဆီသို့ ပျောက်ကွယ်သွားခဲ့သည်။

"ဘယ်သွားလို့ရမယ်ထင်လဲ"

အဘိုးအိုယန်လု က

ဒေါသတကြီးအော်ဟစ်လိုက်ပြီး

ညာလက်ကိုဆန့်ကာ

အာကာသပြင်အားဖမ်းဆုပ်လိုက်သည်။

ထိုခဏလေးမှာပဲ အာကာသထဲမှ

ရောမလက်ဝါးကြီးတစ်ဖက်

ထွက်ပေါ်လာကာ အနက်ရောင်အရိပ်ဆီသို့တည့်တည့် ထိုးဆင်းသွားသည်။

အနက်ရောင်အရိပ်က ရုတ်တရက်ရပ်သွားပြီး နောက်လှည့်ကြည့်လိုက်သည်။

ဆူး...

လျှပ်စီးလက်သကဲ့သို့ အလင်းတန်းတစ်ခု ဖျတ်ခနဲ လင်းလက်သွားသည်။

May Be:

၂၀၀၆

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန် သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၀၆ - ငါဘယ်သူလဲ သိလောက်ပြီထင်တယ်

ဘမ်း…

အဘိုးအိုယန်လု ဖန်တီးထားသော

ရောမစွမ်းအင်လက်ဝါးကြီးဟာ

အလယ်ကနေ ပွင့်ထွက်သွားသည်။

ထို့နောက်တွင် လျှပ်စီးတန်းတစ်ခုဟာ

အဘိုးအိုယန်လု ရှေ့သို့

ချက်ချင်းရောက်လာသည်။

အဘိုးအိုယန်လု၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်။ သူ့ညာလက်သီးကို ဆုပ်ထားပြီး ရှေ့ကို ဆောင့်ထိုးလိုက်သည်။ လက်သီးချက်မှ ကြောက်စရာကောင်းသော စွမ်းအင်လှိုင်းလုံးများ ထွက်ပေါ်လာသည်။

ခွမ်း...

လှျပ်စီးကြောင်းများ ပြန့်ကျဲသွားသော်
လည်း အဘိုးအိုယန်လုက မီတာ ၃၀
ကျော်အကွာထိ
တွန်းထုတ်ခံလိုက်ရသည်။

ထိုအချိန်တွင် အနက်ရောင်အရိပ်က
ဖျတ်ခနဲ ပျောက်ကွယ်သွားသည်။

အဘိုးအိုယန်လု၏ မျက်နှာက
ချက်ချင်းပင် မမြင်နိုင်လောက်အောင်

ဖြစ်သွားသည်။ တစ်စုံတစ်ယောက်က သူ့ရှေ့တွင် အမှန်တကယ် သတ်ပုံလိမ့်မည်ဟု မမျှော်လင့်ထားပေ။ ထို့အပြင် လုပ်ကြံသတ်ဖြတ်သူက ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

အဘိုးအိုယန်လုက ခဏတာတိတ်ဆိတ်သွားပြီး ယန်ယဲ့ကို ရုတ်တရက်ကြည့်လိုက်သည်။ တစ်ချိန်တည်းမှာပင် ယန်ယဲ့က

ရုတ်တရက် ပြောလိုက်သည်

"တကယ်တော့ ငါ ချန်းဟု ကို

သတ်ခဲ့တာမဟုတ်ဘူး၊ အဲဒီလူပဲ။

အဲဒီလူက ကြိုးဆွဲတဲ့သူ။ အဲဒီလူက

သူတို့ကို သတ်လိုက်တာ၊ အဲဒီလူကို

သွားရှာလိုက်”

အမှန်တိုင်းပြောရမည်ဆိုပါက

သူလည်းအလွန်တုန်လှုပ်သွားသည်။

အနက်ရောင်အရိပ်က

ရုတ်တရက်ပေါ်လာပြီး ဂူရှဲ့ ကို

သတ်သွားလိမ့်မည်ဟု

မမျှော်လင့်ထားခဲ့ပေ။ သို့သော်လည်း

အခိုပ္ပါယ်တော့ရှိပါသည်။ သူက

ဂူရှဲ့အကြောင်းကို

အဘိုးအိုယန်လုရှေ့မှာထုတ်ပြောခဲ့သည်

မဟုတ်ပါလား။ အဘိုးအိုယန်လု က

သူ့အား ယုံကြည်သည်ဖြစ်စေ

မယုံကြည်လျှင်ပင် ဂူရှဲ့ကို
သချာပေါက်စုံစမ်းပေမည်။ ထို့ကြောင့်
အနက်ရောင်အရိပ်က ရုတ်တရက်
ရောက်လာပြီး ဂူရှဲ့ ကို
နှုတ်ပိတ်သွားခြင်းပါ။

အဘိုးအိုယန်လု က ယန်ယွဲ့ ကို
အချိန်အတော်ကြာ စိုက်ကြည့်ပြီး "ဘာလို့
အခုမှ ဘာမှ
မလုပ်တာလဲ"ဟုပြောလိုက်သည်။

ယန်ယွဲ့ က အနည်းငယ်

ထိတ်လန့်သွားပြီးမှ ခေါင်းခါလိုက်ပြီး

"ငါက မင်းတို့အားလုံးနဲ့ မယှဉ်သာဘူး"

ဟု ပြန်ပြောလိုက်ပါသည်။

အမှန်တော့ သူက ဂူရှဲ့ သေသည်ထက်

ဘာမှကို မလိုချင်ပေ။

ထိုအချိန်တွင် အဘိုးအိုယန်လုက ယန်ယွဲ့

ကို အချိန်အကြာကြီး

စိုက်ကြည့်ပြီးနောက်
“ဒါဘယ်သူလဲဆိုတာ မင်းသိလား” ဟု
မေးလိုက်သည်။

ယန်ယဲ့ က ခေါင်းခါပြပြီး
“ငါတကယ်မသိပါဘူး။ ဒါပေမဲ့ အဲဒီလူက
ဂူရှဲ့ ကို အရိပ်ထဲကနေ
အမိန့်ပေးနေတဲ့သူဖြစ်ရမယ်။ ဒါဆို…
မင်းရဲ့ စည်းကမ်းထိန်းသိမ်းရေးခန်းမက
စုံစမ်းစစ်ဆေးသင့်တယ်။

ဘာကြောင့်လဲဆိုတော့ ယန်ကလန် ထဲက တစ်ယောက်ယောက်က ပုန်ကန်ဖို့ စီစဉ်နေတာထင်တယ်"

"ပုန်ကန်တာလား" အဘိုးအိုယန်လု က အေးစက်စွာ ရယ်မောလိုက်ပြီး "ဒါက လွယ်တယ်လို့ မင်းထင်လား"

ယန်ယဲ့ က ပခုံးတွန့်လိုက်ပြီး "ငါမင်းကို ကြင်နာတဲ့စိတ်နဲ့သတိပေးတာပါ။

ဥပဒေထိန်းသိမ်းရေးခန်းမ က စုံစမ်းတာ ဒါမှမဟုတ် ငြိမ်နေတာပဲဖြစ်ဖြစ် ဒါဟာ ဥပဒေထိန်းသိမ်းရေးခန်းမ ရဲ့ အရေးကိစ္စပါပဲ။

ငါ့မှာ တခြားကိစ္စတွေ ဆက်လုပ်ဖို့ရှိတယ်။နှုတ်ဆက်ခဲ့ပါတယ်”

စကားပြောပြီး ယန်ယဲ့ က နောက်လှည့်၍ ထွက်သွားတော့သည်။

သို့သော်လည်း အဘိုးအိုယန်လု က သူ့ရှေ့တွင် ရုတ်တရက် ပေါ်လာပြီး "ဘာကြောင့်လဲ။ နတ်ဗိုလ်ချုပ်နှစ်ယောက်သတ်ပြီးရင် မင်း ဒီအတိုင်းထားခဲ့မှာလား"ဟုပြောပါသည်။

ယန်ယဲ့ က ပခုံးတွန့်လိုက်ပြီး "ဒါ ငါနဲ့မဆိုင်ဘူးလေ။ ဂူရဲ့ ကို ငါမသတ်ဘူး။ ဘယ်သူသတ်တာလဲဆိုတာ

မင်းမြင်တယ်။ မင်းငါ့ကို

အပြစ်မတင်နိုင်ဘူး မဟုတ်လား"

အဘိုးအိုယန်လု က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

“တစ်စုံတစ်ယောက် တာဝန်ယူရမှာပေါ့။

ငါဒီလိုလုပ်ဖို့ မဖြစ်နိုင်ဘူး

ဟုတ်တယ်မလား"

ယန်ယဲ့က မျက်နှာပျက်သွားပြီး "အဘိုးကြီး၊ မင်းငါ့ကို အတင်းအကြပ်ကြိုးစားရင် ငါမင်းကို ပိုဒုက္ခပေးလိမ့်မယ်"ဟုပြန်ပြောလိုက်သည်။

အဘိုးအိုယန်လု က ရုတ်တရက် ပြောလိုက်၏ "ဒါဟာ အကျိုးရှိတယ်လေ"

ယန်ယဲ့ က မျက်လုံးများ အရောင်
တောက်ပလာပြီး "အကျိုးရှိသလား။
ဘာအကျိုးကျေးဇူးတွေရလဲ”

အဘိုးအိုယန်လု က "အရမ်းကောင်းတဲ့
အကျိုးကျေးဇူးတွေ"

ယန်ယဲ့ က ခဏမျှ စဉ်းစားလိုက်ပြီး
“အဲဒါနဲ့ ပတ်သက်ပြီး...တာဝန်ယူတာက

မေးခွန်းထုတ်တာ

လုံး၀မဖြစ်သင့်ပါဘူး…”

အဘိုးအိုယန်လု က ယန်ယဲ့ကို

အချိန်အကြာကြီး စိုက်ကြည့်နေခဲ့သည်

"အချိန်ကျရင် မင်းသိမှာပါ"

စကားပြောနေစဉ် သူ့ညာလက်ကို

ဝှေ့ယမ်းကာ နှစ်ယောက်စလုံး နေရာတွင်

ပျောက်ကွယ်သွားခဲ့သည်။

အင်မော်တယ်ခန်းမ ။

ယန်ရှမ်၏ကိုယ်ပိုင်ညှော့ခန်းထဲ၌ ။

ထိုအချိန်တွင် ယန်ရှမ်က
ဒူးထောက်နေခဲ့သည်။ သူမ နှင့်
မနီးမဝေး၌တော့ အနက်ရောင်အရိပ်
ရှိနေ၏။

"အဲ့ဒီအရူးနှစ်ယောက်..."

အရိပ်မည်းကြီးက

ရုတ်တရက်ပြောလိုက်သည် "ယန်ယဲ့ ကို

သတိထားဖို့ ငါပြောခဲ့တယ်။ ဒါပေမဲ့

သူတို့က သိပ်ဂရုမစိုက်ဘူး။ သူတို့က

တကယ်ကို အမှိုက်တွေပဲ”

ယန်ရှမ် က ခေါင်းကို အနည်းငယ်ငုံ့ကာ

ငြိမ်နေလိုက်သည်။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက် အရိပ်မည်းကြီးက ယန်ရှမ် ကို စိုက်ကြည့်ရင်း "နင်ဘာတွေစီစဉ်နေလဲ ငါသိတယ်"

ယန်ရှမ်၏ မျက်လုံးထောင့်များဟာ အနည်းငယ် လှုပ်ယမ်းသွားပြီး ခေါင်းကိုပင် အောက်သို့ ငုံ့ထားလိုက်သည်။

အနက်ရောင်အရိပ်မည်းကြီးက သူမထံ
လျှောက်လာကာ "နင် စောင့်နေတာလား။
ငါ့အထင်ပြောရရင် နင့်ရဲ့အစ်ကိုကြီး
ပြန်လာဖို့ စောင့်နေတာပဲ မဟုတ်လား"

ယန်ရှမ် က တိတ်ဆိတ်နေသော်လည်း
လက်သီးများကို ဖြည်းညှင်းစွာ
ဆုပ်ထားသည်။

အရိပ်မည်းကြီးက “နင် ငါ့ကို တိုက်ခိုက်ချင်တာလား”

ယန်ရှမ် က “ငါ မလုပ်ဝံ့ပါဘူး”

ထိုအတောအတွင်း အနက်ရောင်အရိပ်က နောက်လှည့်လာကာ ယန်ရှမ်ဆီသို့ လျှောက်လာရင်း "ယန်ရှမ်၊ နင့်အစ်ကိုကြီးဟာ ပြောင်မြောက်တဲ့စွမ်းဆောင်ရည်။

လွန်ခဲ့တဲ့နှစ်တွေမှာ ယန်ကလန်က

မျိုးနွယ်စုကြီး ၈ ခုရဲ့

အောက်ဆုံးအဆင့်မှာပဲ ရှိခဲ့တယ်။

ဒါပေမဲ့ သူက ကူကလန် နဲ့ ယင်ကလမ်

ထက်တောင်

အင်အားကြီးလာဖို့ဖန်တီးပေးခဲ့သူပါ။

လွန်ခဲ့တဲ့နှစ်တွေတုန်းက သူသာ

ဘာမှမဖြစ်ခဲ့ဘူးဆိုရင် ယန်ကလန် ဟာ

အခုအချိန်မှာ ယင်ကလန် ကို
ဂရုစိုက်နေစရာတောင်လိုမယ်မထင်ဘူး"

ယန်ရှမ် က ခေါင်းငုံ့ကာ
တိတ်ဆိတ်နေခဲ့သည်။

အရိပ်မဲက ဆက်ပြောလိုက်သည် "သူ
ယန်ကလန် မှာရှိနေရင် ငါ သူ့ကို
ပံ့ပိုးပေးမှာပါ။ ဘာကြောင့်လဲဆိုတော့
သူက ငါလေးစားရတဲ့ သူတစ်ယောက်

ဖြစ်နေလို့လေ။ သူက ငါထောက်ပံ့ပေးဖို့ အရည်အချင်းပြည့်မီတယ်။ ဒါပေမဲ့ လက်ရှိ ယန်ကလန်မှာ ဘယ်သူမှ ငါ့ကို ထောက်ပံ့ပေးဖို့ အရည်အချင်းမရှိကြဘူး"

ယန်ရှမ် ကတော့ စကားပြန်မပြောဘဲ တိတ်ဆိတ်နေတုန်းပါ။

ထိုအချိန်တွင် အရိပ်မဲက "ယန်ရှမ်၊
နင့်ရဲ့စွမ်းအားက ယန်ကလန်မှာ
အကောင်းဆုံးမဟုတ်ပေမယ့်
ညာဏ်ရည်ညာဏ်သွေးက
အရမ်းကောင်းပါတယ်။ ဒါ့အပြင်
စစ်တပ်ကို ဦးဆောင်နိုင်တယ်။ ဒါကြောင့်
နင့်ရဲ့အကူအညီလိုတယ်"

ယန်ရှမ် က တိုးညှင်းသော အသံဖြင့်
ပြောသည် " နင်က ယန်ကလန် ကို

ကွဲထွက်အောင်လုပ်နိုင်တယ်။
မကွဲဘူးဆိုရင်တောင် ကလန် က
ဆုံးရှုံးမှုကြီးကြီးမားမား ခံစားရနိုင်တယ်”

အရိုပ်မည်းကြီးက ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး
“နင်မှားနေပြီ။ ယန်ကလန် ကို
ငါဦးဆောင်ခဲ့မယ်ဆိုရင်
လက်ရှိအခြေအနေကနေ
ပိုပြီးတိုးတက်ဖို့ပဲရှိတယ်။ ပိုမြင့်တဲ့

အဆင့်ကို ရောက်မှာ သေချာပါတယ်။

ဒါပေမဲ့...”

အနက်ရောင်အရိပ်က ယန်ရှမ် ကို

စိုက်ကြည့်ပြီး "နင် ငါ့ရဲ့ အမှတ်အသားကို

အခုမှ ခန့်မှန်းလို့ ရပြီ မဟုတ်လား"

ယန်ရှမ် က အနည်းငယ်

ခေါင်းညိတ်ပြပြီး

"ငါသိတယ်"ဟုပြန်ပြောပါသည်

အရိုပ်မဲက "ငါက ယန်မျိုးနွယ်ထဲမှာ ရှိရင်
ယန်မျိုးနွယ်က
အင်အားကြီးလာလိမ့်မယ်။
ငါထွက်သွားရင်တော့ ယန်ကလန်
ပျက်စီးသွားလိမ့်မယ်"

ယန်ရှမ်၏ အမူအရာ က ပြောင်းသွားပြီး
"နင်ဘာတွေစီစဉ်နေတာလဲ"

အရိပ်မဲက “နောင်မှာ သိလာလိမ့်မယ်။

ယန်ရှမ်၊ ငါ

အပိုစကားတွေမပြောချင်ဘူး။

နင့်ရဲ့ရည်မှန်းချက်ကဘာလဲ ငါသိတယ်။

နင့်အစ်ကိုပြန်လာတာကို

စောင့်ချင်နေတာလား။ ဒါနဲ့နင့်အစ်ကိုက

ပြန်လာရင် သူ့အရင်တုန်းက ယန်ဝုဒီ

နဲ့တူနေသေးရင်တော့

ငါ သူ့ကို ပံ့ပိုးပေးမယ်လို့ ကတိပေးတယ်။ ဒါပေမဲ့ ဒီလိုဖြစ်လာတဲ့အထိ နင်ငါ့ကို ထောက်ပံ့ရမယ်။ မဟုတ်ရင် သေရမယ်"

ယန်ရှမ် က အကြာကြီး နှုတ်ဆိတ်သွားပြီး “ငါ တောင်းဆိုစရာတစ်ခု ရှိတယ်” ဟု ဖြေလိုက်သည်။

အရိပ်မဲက “ပြောပါ”

ယန်ရှမ် က အနက်ရောင် အရိပ်ကို

မော့ကြည့်ကာ "ယန်ယဲ့ ကို

အသက်ရှင်ပါစေ"

အရိပ်မဲက “သူငါ့ကို မတားရင် ငါ သူ့ကို

နှမြောနိုင်တယ်” ဟု ပြန်ဖြေပါသည်။

အနက်ရောင်အရိပ်က စကားဆုံးသည်နှင့်

တပြိုင်နက် အလင်းတန်းတစ်ခုအဖြစ်

ပြောင်းလဲကာ နေရာမှာပင်
ပျောက်သွားသည်။

ယန်ရှမ် တစ်ယောက်သာ နေရာတွင်
အကြာကြီး တိတ်ဆိတ်နေခဲ့၏။
ထို့နောက်မှ ကောင်းကင်ကို
မျှော်ကြည့်ကာ "အစ်ကို၊
နင်ဘယ်မှာလဲ..."

...

စည်းကမ်းထိန်းသိမ်းရေးခန်းမ။

အဘိုးအိုယန်လုက
အကျိုးအမြတ်တစ်ခုခုပေးမည်ဟု
ပြောလာသောကြောင့် ယန်ယဲ့ သည်
စည်းကမ်းထိန်းသိမ်းရေးခန်းမသို့
အလျင်အမြန်လိုက်သွားခဲ့သည်။

သူတို့ရောက်လာသည်နှင့်
အခြားအဘိုးကြီးနှစ်ယောက်ပါ

ကြို့ပြီးရောက်နှင့်နေပြီကိုမြင်လိုက်ရသ

ည်။ ယန်ယဲ့က

အဘိုးအိုနှစ်ယောက်လုံးကို မြင်သည်နှင့်

ချက်ချင်းမှတ်မိလိုက်သည်။

ထိုနှစ်ယောက်က

အကြီးအကဲကောင်စီ၏

ခေါင်းဆောင်ဖြစ်သော

အဘိုးအိုယန်လင်း နှင့်

ယန်ကလန်၏အုပ်ထိန်းသူ ယန်ကဲဝူ

တို့ပင်။

အဘိုးအိုယန်လင်းက "ဒါဘယ်သူလဲ" ဟု

လေးနက်စွာပြောလိုက်သည်။

သူက အနက်ရောင် အရိပ်အကြောင်း

သဘာဝကျကျ မေးနေတာပါ။

အဘိုးအိုယန်လု က ခေါင်းခါလိုက်ရင်း "ငါလည်းမသိဘူး"ဟုပြန်ဖြေသည်။

အဘိုးအိုယန်လင်း၏ မျက်နှာက အနည်းငယ် ညိုမှိုင်းသွားပြီး "အဲဒီလူက မြို့ထဲမှာ ပေါ်တင်သတ်ရဲတယ်။ မင်းရှေ့မှာတောင် လုပ်ရဲတဲ့အတွက် အဲဒီလူက သူ့ရဲ့ ခွန်အားကို အရမ်းယုံကြည်တယ်။ ဒါပေမဲ့ လျှပ်စီးစွမ်းအင်ကို ကျွမ်းကျင်တာက

ငါတို့ရဲ့မျိုးနွယ်ထဲမှာ

မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူတစ်ယောက်မှ

ရှိပုံမပေါ်ပါဘူး။တစ်ယောက်ယောက်က

သူ့ခွန်အားကို ဖုံးကွယ်ထားသလား"

ထိုအတောအတွင်း ယန်ကဲဝူ က

ခေါင်းခါလိုက်ပြီး "ဒါဟာ

မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူမဟုတ်ဘူး။ ယန်ကလန်ရဲ့

အုပ်ထိန်းသူတွေဟာ ငါတို့မျိုးနွယ်ရဲ့ မူလနတ်ဘုရားအဆင့် ကျင့်ကြံသူတွေကို တစ်ယောက်ချင်းစီ အကုန်သိတယ်”

အဘိုးအိုယန်လင်းက ရုတ်တရက် ပြောလိုက်သည် "ဒါဆို သူက မူလနတ်ဘုရားအဆင့် ကျင့်ကြံသူ မဟုတ်ဘူးလား"

ထိုစကားကြားသောအခါ

အဘိုးအိုယန်လု၏ မျက်နှာက

မည်းမှောင်သွားသည်။

အကြောင်းကတော့ သူသည်

အနက်ရောင်အရိပ်နှင့်

နှစ်ကြိမ်တိုက်ခိုက်ရာ

နှစ်ကြိမ်လုံးအရေးနိမ့်ခဲ့လို့ပါ။

အစပိုင်းတွင် သူလည်း

အနက်ရောင်အရိပ်က

မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူဟူ၍သာ

ထင်နေခဲ့၏။အကယ်၍ ၎င်းသည်

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူ

ဆိုလျှင်တော့

ကြီးကျယ်သောကိစ္စမဟုတ်ပေ။

သို့သော်လည်း မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူ မဟုတ်ခဲ့...

ဤနေရာမှ လေထုသည် ချက်ချင်းပင်

လေးလံလာသည်။

May Be:

၂၀၀၇

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၀၇ - ဒါမှ ငါသိတဲ့ယန်ယွဲ့

အချိန်အနည်းငယ်ကြာသွားပြီးနောက်

အဘိုးအိုကြီး သုံးယောက်စလုံး

အကြည့်ချင်းဖလှယ်ကာ

တစ်ခုခုကိုတွေးမိနေပုံရ၏။

ထိုခဏလေးမှာပဲ

သူတို့၏အမူအရာများက ပိုလို့တောင်

ဆိုးရွားလာခဲ့သည်။

တစ်ချိန်တည်းမှာပဲ ယန်ယွဲ့က

ရုတ်တရက် ဝင်နှောက်လိုက်သည်

“အဘိုးကြီး၊ မင်းကတိပေးထားတဲ့ အကျိုးကျေးဇူးတွေက ဘယ်မှာလဲ”

ယန်ယဲ့၏အသံ ထွက်လာမှသာ အဘိုးအို သုံးယောက်စလုံး အတွေးနက်နေရာမှ သတိပြန်ဝင်လာသည်။ ထို့နောက် ယန်ယဲ့ကို စိုက်ကြည့်လိုက်ကြသည်။ အချိန်အတော်ကြာတိတ်ဆိတ်နေပြီးနောက်တွင် အဘိုးအိုယန်လု က ယန်ကဲဝူ ကို လှည့်ကြည့်လိုက်သည်။

ယန်ကဲဝူ က ခဏမျှ လေးလေးနက်နက်

စဉ်းစားပြီး ယန်ယွဲ့ကို စူးစိုက်ကြည့်ကာ

"မင်း ယန်မျိုးနွယ်ရဲ့

နောက်ထပ်အုပ်ထိန်းသူ ဖြစ်ချင်လား"

"ယန်မျိုးနွယ်ရဲ့ နောက်မျိုးဆက်

အုပ်ထိန်းသူ လား " ယန်ယွဲ့က

မျက်မှောင်ကြုတ်ပြီး

"မင်းနဲ့အတူတူလား"ဟုမေးလိုက်သည်။

ယန်ကဲဝူ က ခေါင်းညိတ်ပြီး "ငါ့လိုပဲ။ မင်းမသေမချင်း ယန်ကလန် ကိုကာကွယ်ပေးမှာပါ”ဟုပြန်ဖြေသည်။

ယန်ယဲ့က ကမန်းကတန်း ခေါင်းခါလိုက်လေသည် "ငါ စိတ်မဝင်စားဘူး။ ငါတကယ်စိတ်မဝင်စားဘူး"

သောက်ကျိုးနည်းပေါ့။ ငါက

ယန်ကလန်ကိုကာကွယ်ရမှာလား။

ငါ့ကိုယ်ငါတောင်မနည်းအသက်ရှင်အော

င်လုပ်နေရတာ။

ယန်ကဲဝူ က အနည်းငယ်

မျက်မှောင်ကြုတ်ပြီး "ယန်ကလန် ရဲ့

အုပ်ထိန်းသူ ဖြစ်လာတာက ဘာကို

ကိုယ်စားပြုတယ်ဆိုတာ မင်းသိလား။

ထူးခြားတဲ့ အဆင့်အတန်းကို

ကိုယ်စားပြုတာပါ။

စည်းကမ်းထိန်းသိမ်းရေးခန်းမတောင်

မင်းကို

ဘာမှလုပ်လို့မရဘူး"ဟုပြောပါသည်။

ယန်ယဲ့၏မျက်လုံးများက အရောင်

တောက်ပလာပြီး

"တကယ်လား"ဟုမေးလိုက်သည်။

ယန်ယဲ့၏ အမူအရာကို မြင်သောအခါ

အဘိုးအိုယန်လုက ပါးစပ်ထောင့်များ

တဆတ်ဆတ်တုန်သွားသည်။ သူက

“ငါတို့ ဒါကို မေ့သင့်တယ်လို့

ငါထင်တယ်။ ဒီကလေးက ယန်ကလန် ရဲ့

အုပ်ထိန်းသူဖြစ်လာရင်

သူကာကွယ်နိုင်မလား

မကာကွယ်နိုင်ဘူးလို့ မပြောနိုင်ပေမယ့်

ကလန်တစ်ခုလုံး

ပြောင်းဆန်သွားမှာတော့

သေချာပါတယ်”ဟုဆက်ပြောလိုက်သည်

။

ယန်ယဲ့ သည်

စကားမပြောနိုင်လောက်အောင်

ခံစားလိုက်ရသည်။

အဘိုးအိုယန်လင်းက

အနည်းငယ်ခေါင်းညိတ်လိုက်ပြီး "သူဟာ

အုပ်ထိန်းသူဖြစ်ဖို့

မသင့်တော်ဘူး"ဟုထပ်ပြောပါသည်။

ယန်ကဲဝူ က တစ်ခုခုပြောဖို့

ရည်ရွယ်ထားသော်လည်း ယန်ယဲ့ က

ရုတ်တရက် လက်သီးဆုပ်ပြီး

"အကြီးအကဲမတို့၊ ယန်ကလန် ရဲ့

အုပ်ထိန်းသူလည်း မဖြစ်ချင်ပါဘူး။

အဲဒါက ဘာအကျိုးကျေးဇူးမှ မရှိဘူး၊

အဲဒါက ငါ့ကို ဒုက္ခပေးလိမ့်မယ်။

ဝေဒနာတစ်ခုပါပဲ။ နှုတ်ဆက်ခဲ့ပါတယ်”

ထိုစကားပြောပြီးသည်နှင့်

စကားပြန်ပင်မစောင့်တော့ဘဲ

ချက်ချင်းဆိုသလိုပျောက်ကွယ်သွားသ

ည်။

ယန်ယဲ့ ထွက်သွားသည်နှင့် တစ်ခဏမျှ

တိတ်ဆိတ်သွားသည် ။ အဆုံးတွင်

အဘိုးအိုယန်လင်းက “သူက မျိုးနွယ်စုရဲ့ အုပ်ထိန်းသူ မဖြစ်ချင်ဘူး…”

အဘိုးအိုယန်လင်း က အနည်းငယ် ခေါင်းညိတ်လိုက်ပြီး "သူ့ရဲ့ ဆန္ဒတွေက အရမ်းမြင့်မားတယ်"

ယန်ကဲဝူ က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "သူ့ဆန္ဒတွေ ကြီးကြီးမားမားတော့

မဟုတ်ဘူးထင်တယ်၊ ဒီကလေးက ယန်ကလန် မှာ မနေချင်ဘူး"

အဘိုးအိုယန်လု က ယန်ကဲဝူ ကို ကြည့်ပြီး "ကဲဝူ၊ မင်းဘာပြောချင်တာလဲ"

ယန်ကဲဝူ က "မင်းသတိမထားမိဘူးလား။ သူက မျိုးနွယ်စုအတွက် ဘာခံစားချက်မှ မရှိဘူး။ ဒီမျိုးနွယ်စုက လူတိုင်း သွေးမျိုးဆက်ပိုင်ဆိုင်ထားပေမယ်လို့

ငါတို့ကြားမှာ မိသားစုနှောင်ကြိုး (မိသားစုချစ်ခြင်းမေတ္တာ)ဆိုတာ မရှိဘူး။ ငါတို့ကြားထဲမှာတင်မဟုတ်ဘူး၊ သူနဲ့သူ့အဒေါ် ယန်ရှမ် မှာတောင် ဆက်စပ်မှုမရှိဘူး။ တိုတိုပြောရရင် သူ့ကို ဒီကလန်က ပိုင်တယ်လို့ မခံစားရဘူး"ဟုပြောခဲ့သည်။

အဘိုးအိုယန်လု က "ဒါဆို သူဘာလို့ မျိုးနွယ်စုက မထွက်တာလဲ"

ယန်ကဲဝူ က အဘိုးအိုယန်လု ကို
တစ်ချက်ကြည့်လိုက်ပြီး
"သူထွက်သွားရင် သေတာထက်တောင်
ပိုတောင်ဆိုးလိမ့်မယ်။ သူ့ကို
သတ်ချင်နေတဲ့ မျိုးနွယ်စုထဲက
လူဘယ်နှစ်ယောက် ဆိုတာကို မင်းသိမှာ
သေချာပါတယ်” သူက စကားခဏရပ်ပြီး
အဘိုးအိုယန်လင်း ကို စိုက်ကြည့်ရင်း
"သူ့ကို သတ်ချင်တဲ့ လူတွေက

အကြီးအကဲကောင်စီမှာတောင်
အများကြီးရှိသေးတယ်"ဟုပြောလိုက်သ
ည်။

အဘိုးအိုယန်လင်းက အနည်းငယ်
ခေါင်းညိတ်လိုက်ပြီး “သူတို့မှာ
စိတ်ပူစရာတွေ ရှိနေတာကိုး။ ဒါပေမဲ့
သူတို့မလုပ်ရင် သေချာပေါက်
ကံကြမ္မာရဟတ်တစ်ပါတ်လည်လာတော့
မှာလေ"

အဘိုးအိုယန်လင်းက ခဏရပ်ပြီး “ဒါက အရမ်းရှုပ်ထွေးတယ်၊ အများကြီးနဲ့ ချိတ်ဆက်နေတယ်။ ငါတို့တောင် တားလို့မရဘူး"ဟုပြောပါသည်။

အဘိုးအိုယန်လု က အနည်းငယ် ခေါင်းညိတ်ပြီး ပြောလိုက်သည် "ငါတို့ မျိုးနွယ်ဟာ အကြာကြီး ငြိမ်သက်နေမှာ မဟုတ်ဘူးလို့ ခံစားနေရတယ်။

ကံမကောင်းစွာပဲ၊ လျှန်ရှမ်း က မိန်းကလေးပဲ၊ မဟုတ်ရင်…” သူက အဘိုးအိုယန်လင်း ကို တစ်ချက်ကြည့်လိုက်ပြီး စကားမပြောတော့ပါ။

အဘိုးအိုယန်လင်း က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး “စည်းမျဉ်းဟောင်းတွေကို ခေါင်းမာမာနဲ့ လိုက်နာဖို့ မကြိုးစားပါဘူး။ ဒါပေမဲ့

အမျိုးသမီးတွေက

အိမ်ထောင်ပြုမယ်ဆိုတာ

သေချာပါတယ်။သူသာ

ဘိုးဘေးဖြစ်လာရင်

လုံးလုံးကြီးပြင်းလာတာနဲ့

ငါတို့မျိုးနွယ်ဟာ ယန်ကလန်

တစ်ခုတည်းဖြစ်မှာမဟုတ်တော့ဘူး"

အဘိုးအိုယန်လု က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည် "သူမက

အဲဒါကို လိုလိုလားလား လက်ခံမှာကို ကြောက်လို့ပါ"

အဘိုးအိုယန်လင်းက ဖြည်းညှင်းစွာ ထရပ်လိုက်ပြီး "သူမ မလုပ်ချင်ရင်တောင် လုပ်ရမယ်။ ယန်ကလန်ရဲ့ ဘိုးဘေးက ယောက်ျားဖြစ်ရမယ်။ ဟုတ်တယ် အစ်ကိုယန်လု၊ အဲဒီ လျို့ဝှက်ဆန်းကြယ်တဲ့လူကို

အရင်စုံစမ်းပါ။ ဘယ်သူပဲဖြစ်ဖြစ်
အဲဒီလူက ငါတို့ မျိုးနွယ်စုကို
ဒုက္ခရောက်အောင် လုပ်ရဲတဲ့အတွက်
အဲဒီလူကို အသက်ရှင်ခွင့်
မပေးနိုင်ဘူး”ဟု ပြောပြီးသည်နှင့်
နေရာတွင်ပင် ပျောက်ကွယ်သွားသည်။

ယန်ကဲဝူ နှင့် အဘိုးအိုယန်လင်း က
အကြည့်ချင်းဖလှယ်ကာ
ခေါင်းယမ်းလိုက်ကြသည်။

...

ယန်ယဲ့ သည် သူ၏ကိုယ်ပိုင်အိမ်တော်သို့ ပြန်ရောက်လာပြီးနောက် ယန်ရှမ် ပေးလိုက်သော အဖြူရောင်သစ်သီးကို လုလီကူး

ထံ ပေးလိုက်သည်။

ထိုအချိန်တွင် လုလီကူး က

တံ့ဆိုင်းမနေဘဲ အသီးကို

ချက်ချင်းမျိုချလိုက်တော့သည်။

အချိန်အနည်းငယ်

ကြာလာပြီးနောက်တွင် လုလီကူး ထံမှ

ပြန်လည်မွေးဖွားခြင်းအဆင့်

အရှိန်အဝါများ ထွက်ပေါ်လာသည်။

ယန်ယဲ့ သည် လုလီကူး

အဆင်ပြေနေသည်ကို သိပြီးနောက်

လှည့်ထွက်လာခဲ့သည်။

ထို့နောက်တွင် အန်နန်ကျင်း ကို ခေါ်ကာ

မူလစေတီထဲ သို့ ဝင်သွားလိုက်ကြသည်။

မူလစေတီထဲသို့ ဝင်လိုက်သည်နှင့်

ယန်ယဲ့ သည် မူလစေတီ၏ ၄

ထပ်မြောက်ကို ချက်ချင်း

တက်သွားလိုက်သည်။

ဤအခိုက်အတန့်မှာ

သူ၏ရည်ရွယ်ချက်က

စစ်နတ်ဘုရားလက်မောင်းတော် နှင့်

ပေါင်းစပ်ဖို့ပါ။

ယန်ရှု နှင့်

ထိပ်တိုက်ရင်ဆိုင်တွေ့ပြီးနောက်တွင်

ယန်ကလန်၏သခင်ငယ်များက

သာမန်မဟုတ်ကြောင်း သိလာစေသည်။

အခြားသခင်ငယ်များကို အသာထား၊

ယန်ရှုကိုပင်

သူ့အနိုင်ယူနိုင်ကြောင်းမယုံကြည်ပေ။

သို့သော်လည်း ယန်ရှူက

သူ့ကိုသတ်ချင်နေသည့်

တစ်ယောက်တည်းမဟုတ်ပေ။

ထိုလျှို့ဝှက်ဆန်းကြယ်သော

ပညာရှင်အပြင်...

လျှို့ဝှက်ဆန်းကြယ်သော ပညာရှင်။

ယန်ယွဲ့ သည်

ထိုလျှို့ဝှက်ဆန်းကြယ်သော ပညာရှင်ကို

တွေးမိလိုက်သောအခါ

သူ့မျက်နှာပေါ်တွင် လေးနက်သော

အမူအရာပေါ်လာသည်။

လျှို့ဝှက်ဆန်းကြယ်သော ပညာရှင်က

အလွန်ပင်ကြောက်စရာကောင်းလှကြော

င်းသိသာပါသည်။ အဘိုးအိုယန်လု ကဲ့သို့

ယန်ကလန်၏

အထွတ်အထိပ်တစ်ယောက်ကပင်

၎င်းကိုအရေးနိမ့်ခဲ့လို့ပါ။

ထိုလျှို့ဝှက်ဆန်းကြယ်သော ပညာရှင်က
မည်မျှသန်မာကြောင်း သိသာ၏။

ထို့အပြင် လက်ရှိအခြေအနေက သူဟာ
ယန်ကလန်၏ ဆက်ခံသူတိုက်ပွဲဖြစ်သည့်
ရေဝဲထဲသို့ မျောပါသွားခဲ့သည်။

လက်ရှိတွင် သူက
နုတ်ထွက်ခွာဖို့မစဉ်းစားထားပေ။

အကြောင်းကတော့ ယခုမှသာ
နုတ်ထွက်ဖို့ ရွေးချယ်ခဲ့မည်ဆိုလျှင်
သေချာပေါက် အသတ်ခံရနိုင်လို့ပါ။

အမှန်တော့ သူ့အဖေဖြစ်သူ၏
ရန်သူများကြား၌ မူလနတ်ဘုရားအဆင့်
ကျင့်ကြံသူများ
အများအပြားရှိနေခဲ့သည်။

အတိုချုပ်ဆိုရသော် သူက
နောက်ပြန်ဆုတ်လို့မရတော့ပေ။

ထိုအချိန်တွင် အန်နန်ကျင်း က
ရုတ်တရက်ပြောခဲ့သည် “ငါ
တံခါးပိတ်ကျင့်ကြံလိုက်ဦးမယ်”

ယန်ယွဲ့ က သူမကို စိုက်ကြည့်ရင်း
"ဘာဖြစ်တာလဲ"

အန်နန်ကျင်း က “ငါ တချို့အရာတွေကို နားလည်ဆင်ခြင်ရမယ်” ဟု ပြန်ဖြေပါသည်။ သူမက စကားကို ခဏရပ်ပြီး “ပြိုင်ပွဲစတဲ့အချိန်ကျရင် သေချာပေါက် ကူညီပါ့မယ်”ဟုထပ်ပြောပါသည်။

ယန်ယဲ့ က ပြုံးပြီးပြောလိုက်သည်

"မင်းသိလား...

မင်းကြောက်စရာအကောင်းဆုံးလို့

ငါခံစားရတယ်"

ဆန်းကြယ်တိုက်ကြီး၌

တွေ့ဆုံခဲ့စဉ်ကတည်းက

အန်နန်ကျင်း၏ခွန်အားဟာ

သူ့ထက် ဘယ်သောအခါမှ

မပျော့ညံ့ခဲ့ပေ။ ခြွင်းချက်အနေနှင့်တော့

သူက မူလစေတီကို
ပိုင်ဆိုင်ထားလို့သာပင်။

အန်နန်ကျင်းက ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး
"နင့်ရဲ့နှလုံးသားက
အရမ်းချည်နှောင်နေတယ်။ ဒါဟာ နင့်ကို
ပိုသန်မာလာအောင်လုပ်ပေးတယ်ဆိုပေမဲ့
တကယ့်တကယ်ကျတော့ မမြင်နိုင်တဲ့
သံမဏိချိန်းကြိုးတွေလိုပဲ။

အနှောင်အဖွဲ့ကင်းမဲ့သူ က ဓားတာအိုမှာ

သမ္ပတ္တိတရားထက် ကျော်လွန်သွားတဲ့

အကြောင်းရင်းက ဘာလဲနင်သိလား။

ဘာလို့လဲဆိုတော့

သူ့ရဲ့တာအိုနှလုံးသားက

ဘာအနှောင်အဖွဲ့မှ ရှိမနေလို့ပဲ။ သူက

ဓားတာအိုရဲ့ အဆုံးအစွန်ကို

လိုက်ရှာတယ်။ နောက်ဆုံးတော့

သူ့နှလုံးသားထဲမှာ

ဓားတစ်ချောင်းတည်းနဲ့ ဓားတာအိုရဲ့

အဆုံးအစွန်ကို ရောက်သွားခဲ့ ပြီ”

သူမက ယန်ယွဲ့ ဆီသို့

ဖြည်းညှင်းစွာလျှောက်လာပြီး “ဒါပေမဲ့

နင်နဲ့က မတူဘူး။ နင့်ရဲ့နှလုံးသားထဲမှာ

ခံစားချက်တွေရှိတယ်၊

ဓားတစ်ချောင်းတည်းနဲ့ ထားလို့မရဘူး။

ဓားတာအိုရဲ့ အဆုံးအစွန်ထိ

မရောက်နိုင်သေးဘူး။ ဒါကြောင့်

နင့်ရဲ့အောင်မြင်မှုက

သူ့လောက်မကြီးမားတာ။ ဒါပေမဲ့

ဘာဖြစ်လဲ၊ ဘာပဲဖြစ်ဖြစ် ငါနင်နဲ့အတူရှိ

နေတယ်"

ယန်ယဲ့ က အန်နန်ကျင်းကို

စိုက်ကြည့်နေသည်။ တစ်ချိန်တည်းတွင်

သူမက "အနှောင်အဖွဲ့ကင်းမဲ့သူ က

ခွန်အားနဲ့ဓားတာအိုရဲ့ အဆုံးအစွန်ကို

လိုက်ရှာတယ်။ နင်က အကာအကွယ်ကို

လိုက်ရှာတယ်။ နင့်ဘေးနားက

ချစ်ခင်သူတွေကို

ကာကွယ်နိုင်စွမ်းရှိတယ်။ အဲဒါက နင့်ကို

အနှောင်အဖွဲ့ကင်းမဲ့သူ ထက်

အားနည်းစေရင်တောင် ဒါမှ ငါသိတဲ့

ယန်ယဲ့ ပဲ။ သူက

သူချစ်တဲ့သူတွေအတွက် ကမ္ဘာကြီးကို

တိုက်ခိုက်ရဲတဲ့သူပါ”ဟုထပ်ပြောခဲ့သည်။

ယန်ယဲ့က ပြုံးပြီး "ဒီအကြောင်း

ဆက်မပြောဘဲထားလိုက်ရအောင်။

ကျင်းအာ၊ ဆက်ပြီး

ကျင့်ကြံပါ”ဟုပြောလိုက်သည်။

May Be:

၂၀၀၈

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၀၈ -

အလျှော့မပေးလိုသောစိတ်ဆန္ဒ

ခဏလေး....

ယန်ယဲ့က ရုတ်တရက် ပြောလိုက်သည်။

ထို့နောက် သူ၏ညာဖက်လက်ဝါးကို

လှန်လိုက်ရာ

အနက်ရောင်ဒိုင်းကာတစ်ခုပေါ်လာသည်။

၎က ကူကလန်၏

မူလနတ်ဘုရားတစ်ပိုင်းအဆင့် ထံမှ

ရလာခဲ့သော ထာဝရအဆင့် ဒိုင်း ပါ။

ယန်ယဲ့က အန်နန်ကျင်း ဆီကို

လျှောက်သွားပြီး ဒါက မင်းအတွက်ပဲ

ဟုပြောလိုက်သည်။

အန်နန်ကျင်းက ဒိုင်းကို ငုံ့ကြည့်ကာ

ခေါင်းခါလိုက်သည်။ သူမက "ဒီလိုမျိုး

ကိုယ့်ကိုယ်ကို ကာကွယ်ဖို့

မကြိုးစားဘူး"ဟု ပြောပြီးသည်နှင့်

နေရာတွင်ပင် ပျောက်ကွယ်သွားသည်။

ယန်ယွဲ့ သည် အတော်ကြာကြာထိ

စကားမပြောနိုင်ဘဲ

အံ့အားသင့်သွားသည်။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက် သူက

ခေါင်းယမ်းကာ ဒိုင်းကို ဖယ်လိုက်သည်။

သူ့အမြင်တော့ အန်နန်ကျင်း လုပ်သလို

မလုပ်တောင်နိုင်ပေ။ ထာဝရအဆင့်

ဒိုင်းက

အရေးကြုံလာသည့်အခိုက် အသုံးဝင်၏။

အထူးသဖြင့် အနက်ရောင်ဒိုင်းက

အမှောင်ထုနှင့် အမှောင်စွမ်းအင် တို့ဖြင့်

ဖန်တီးထားလေရာ သူ့အတွက်တော့

လုံးဝကိုအသုံးဝင်ပါသည်။

အနက်ရောင်ဒိုင်းကို ပြန်သိမ်းပြီးနောက် ယန်ယွဲ့ သည် ၄ ထပ်မြောက်မှ အခန်းကို လှမ်းကြည့်လိုက်သည်။

အခန်းက မည်းမှောင်နေ၏။ အထဲ၌ ဘာရှိသည်ကိုပင် မမြင်ရပေ။

ယန်ယွဲ့ သည် ခဏမျှ ငြိမ်သက်နေပြီးမှ ဝင်ပေါက်ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာခဲ့သည်။သို့သော်

ဝင်ပေါက်မှ ၃ မီတာအကွာသို့

ရောက်လာသောအခါ

အခန်းအတွင်းပိုင်းဆီမှ

ကြောက်မက်ဖွယ်ရာ

စွမ်းအင်လှိုင်းလုံးများက သူ့ထံ

တိုးဝင်လာကြောင်း

ခံစားမိလိုက်တော့သည်။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ သူ့ထံမှ

ပြန်လာအဆင့် ဓားစိတ်ဆန္ဒ

ချက်ချင်းထွက်ပေါ်လာပြီးနောက်

ညာခြေကိုတစ်ချက်ဆောင့်ချလိုက်၏။

ထိုခဏလေးမှာပဲ ပြန်လာအဆင့်

ဓားစိတ်ဆန္ဒက မမြင်နိုင်သော

ဓားတစ်ချောင်းသဖွယ်ဖန်တီးလိုက်ကာ

ရှေ့သို့လှမ်းပစ်လိုက်သည်။

ဘမ်း...

တိုက်ခိုက်မိရာကနေ

ကြောက်စရာကောင်းသော

စွမ်းအင်လှိုင်းလုံးကြီး ထွက်လာသည်။

ထိုအချိန်တွင် ပြန်လာအဆင့်

ဓားစိတ်ဆန္ဒဟာ မမြင်နိုင်သော

စွမ်းအင်လှိုင်းကြီးကို ထိမှန်သွားသည်။

ထိုခဏလေးမှာပဲ နေရာတစ်ခုလုံးသည်

ပြင်းထန်စွာတုန်ခါလာသည်။ ထို့အပြင်

ယန်ယဲ့၏ ဓားစိတ်ဆန္ဒဟာ

ကွဲအက်စပြုလာပြီးနောက်
အခန်းအတွင်းပိုင်းမှ
လျှို့ဝှက်ဆန်းကြယ်သော
စွမ်းအင်များက သူ့အား အကြိမ်ကြိမ်
ဖိနှိပ်နေခဲ့သည်။

ယန်ယွဲ့၏ အမူအရာက ထပ်မံ
ပြောင်းလဲသွားပြီး နောက်ထပ်
တစ်လှမ်းတိုးလိုက်သည်။
တစ်ချိန်တည်းမှာပင် သူ့ထံမှ

သွေးနီရောင်အလင်းတန်းများ

ထွက်ပေါ်လာသည်။

ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ။

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

ထွက်ပေါ်လာသည်နှင့် တပြိုင်နက်

သူ့ရှေ့မှ လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်များက ရပ်တန့်သွားခဲ့သည်။

ထိုကဲ့သို့ပင်၊ မတူညီသော
စွမ်းအင်သုံးမျိုးသည်
ထိပ်တိုက်ရင်ဆိုင်နေကြသည်။

ယန်ယဲ့ သည် အခန်းထဲသို့
ဝင်ရန်ပြင်လိုက်၏။ သို့သော်လည်း
အခန်းအတွင်းပိုင်းမှ
ကြောက်မက်ဖွယ်ရာ စွမ်းအင်လှိုင်းတစ်ခု
ထွက်ပေါ်လာပြန်သည်။ ထိုစွမ်းအင်
ပေါ်လာသည်နှင့် ယန်ယဲ့၏

ပြန်လာအဆင့် ဓားစိတ်ဆန္ဒ သာမကဘဲ

ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

ပါ ကွဲထွက်သွားပါသည်။

ယန်ယွဲ့၏အမူအရာသည်

သိသိသာသာပြောင်းလဲသွားပြီး

ချက်ချင်းနောက်ဆုတ်သွားလိုက်သည်။

သို့သော် မမြင်နိုင်သောဖိအားက

သူ့အပေါ်ကို ဖိနှိပ်ထား၏။

သူ့ကိုယ်ပေါ်ဖိအားများ

ကျဆင်းလာသည့်အခိုက်

ယန်ယဲ့၏အမူအရာက သိသိသာသာ

ပြောင်းလဲသွားပြန်သည်။ ဒီအချိန်မှာ

သန်းချီသော တောင်တန်းများ

သူ့အပေါ်ဖိချနေသလိုပင်။

သတိမထားမိခင်မှာဘဲ

ယန်ယဲ့၏ခန္ဓာကိုယ်ဟာ ချက်ချင်း

ကိုင်းကျလာသည်။

သူ့ခန္ဓာကိုယ်အပေါ်ပိုင်းသာမဟုတ်ဘဲ
ဒူးထောက်ကျလုနီးပါး ပါ။
ကံကောင်းထောက်မစွာ ယန်ယဲ့ သည်
သူ့ကိုယ်သူ အားတင်းကာ
ဖိအားကိုတောင့်ခံထားလိုက်သည်။

ဘမ်း....

ထိုအချိန်တွင် ယန်ယဲ့၏ ခန္ဓာကိုယ်ထဲမှ
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့် ဓားစိတ်ဆန္ဒ

ထွက်ပေါ်လာသည်။ သို့ရာတွင် ၎င်းသည် သူ့ခန္ဓာကိုယ်မှ ထွက်ပေါ်လာရုံရှိသေး ချက်ချင်းပင် ပြိုကွဲသွားရသည်။

ထိုအခြေအနေကို သတိပြုမိသည်နှင့် ယန်ယဲ့၏ အမူအရာက အကြီးအကျယ်ပြောင်းသွားပါတော့သည်။ အခန်းထဲရှိ လျှို့ဝှက်ဆန်းကြယ်သော စွမ်းအင်များက အမှန်တကယ် ပြင်းထန်လာမည်ဟု သူ

မမျှော်လင့်ထားပေ။ ထိုအချိန်တွင်

တံခါးနောက်ကနေ စွမ်းအင်လှိုင်းတစ်ခု

ရုတ်တရက်ထွက်ပေါ်လာပြီး

ယန်ယွဲ့၏ခန္ဓာကိုယ်ကို ထိမှန်သွားသည်။

ခွပ်....

ထိုခဏလေးမှာပဲ ယန်ယွဲ့ ဟာ

ခါးရိုးကျိုးလုမတတ်ခံစားလိုက်ရလေသ

ည်။ သူ့ခြေထောက်နှစ်ဖက်လုံးပါ
ကျိုးသွားသလိုပင်။

မမြင်နိုင်သော စွမ်းအားများ
ပိုအားကောင်းလာသည့်
တစ်ချိန်တည်းမှာပင်
ယန်ယဲ့၏ဒူးနှစ်ဖက်ကဟာ
တဖြည်းဖြည်းကွေးညွတ်လာတော့သည်။
သူသည် မြေပြင်ပေါ်တွင်
ဒူးထောက်ကျလုနီးပါး ဖြစ်နေသည်။

ဒူးထောက်ရမှာလား ။

ယန်ယဲ့၏မျက်လုံးထဲ၌ ဆိုးရွားသော

အလင်းတန်းတစ်ခု

တောက်ပလာသည်။သူ့တစ်သက်တာတွ

င် သူသည် ကောင်းကင် သို့မဟုတ်

မြေကြီးကိုပင် ဒူးထောက်ရန်

ငြင်းဆန်ခဲ့သည်။ ဤလောက၌ သူ

ဒူးထောက်ဦးညွှတ်သည်က

လူတစ်ယောက်သာရှိခဲ့သည်။ ထိုလူက
သူ၏အမေ ပါ။ သူ၏အမေဖြစ်သူ
ကလွဲ၍ အခြားမည်သူ့ကိုမျှ
ဒူးထောက်ရခြင်းမရှိပေ။

သောက်ကျိုးနည်းပြီ ။

ဤအခိုက်အတန့်တွင်
သူ၏ဆန်းကြယ်ချီစွမ်းအင်၊
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ သို့မဟုတ်

ဓားစိတ်ဆန္ဒပင်ဖြစ်စေ

အသုံးမဝင်တော့ပါ။

စိတ်ဝိညာဉ်စွမ်းအင် ။

လက်ရှိတွင် ယန်ယဲ့ သည်

စိတ်ဝိညာဉ်စွမ်းအားကို

အပြည့်ထုတ်ဖော်ပြီး တောင့်ခံထားရုံသာ

တတ်နိုင်၏။

ယန်ယဲ့၏ မျက်နှာသည် တဖြည်းဖြည်း
ကွဲအက်လာသည်။ ထိုမျှမကဘဲ
သူ့ခန္ဓာကိုယ်အနှံ့မှ ချွေးအေးများ
ရေတံခွန်လို စီးကျလာပါတော့သည်။
ထို့အပြင် သူ၏ခါးက ပိုရှုံ့ကွေးလာကာ
လေးကိုင်းတစ်ခုနှင့်ပင်
တူနေခဲ့လေသည်။

ဒီအချိန်မှာ သူ၏ဒူးနှစ်ဖက်က မြေပြင်မှ စင်တီမီတာအနည်းငယ်အကွာသို့ပင် ရောက်နေပါပြီ။

ယန်ယဲ့၏ ဒူးများက တဖြည်းဖြည်း ပိုကျလာသည်။ မြေပြင်ကို ထိခါနီးမှာပဲ သူ့မျက်လုံးထဲမှ ရက်စက်ကြမ်းကြုတ်မှုများ ပေါ်လာသည်။ ထို့နောက် ဒေါသတကြီးအော်ဟစ်ကာ

သူ၏လက်နှစ်ဖက်ကို မြေပေါ်
ထောက်လိုက်ပါသည်။
သူ့လက်မောင်းနှစ်ဖက်လုံး
သွေးကြောများဖောင်းကြွလာပါသည်။

ထိုခဏလေးမှာပဲ
ယန်ယဲ့၏ခန္ဓာကိုယ်အနှံ့ အသံဗလံများ
ထွက်လာပါတော့သည်။

ထို့နောက်တွင်တော့

သူ၏ခြေထောက်များက တဖြည်းဖြည်း

ပြောင့်လာသည်။

အလွန်နွေးကွေးနေသော်လည်း

ခြေထောက်နှစ်ဖက်ဟာ သူ့အလိုလိုပင်

ဖြည်းညှင်းစွာ ပြောင့်တန်းနေပါသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်

အတော်လေး

ထူးဆန်းသောအနေအထားဖြစ်နေ၏။

သူ့မျက်လုံးများကလည်း

သွေးရောင်သမ်းနေခဲ့သည်။

ခွပ်....

ခဏအကြာတွင် အရိုးကွဲသံများ

ထွက်ပေါ်လာသည်။ အသံ

ထွက်ပေါ်လာသည်နှင့် တပြိုင်နက်

သူ့တစ်ကိုယ်လုံးရှိ အရိုးများအားလုံး

ကျိုးသွားတော့သည်။ ဒီအချိန်မှာ

ယန်ယဲ့၏ခါးက လုံးလုံးလျားလျား

ကွေးသွားခဲ့သည်။ အကြောင်းမှာ

ခါးရိုးများ လုံးလုံး ကျိုးကြေသွားလို့ပါ။

ထိုခဏလေးမှာပဲ ယန်ယဲ့၏

ခြေထောက်နှစ်ဖက်လုံး

ကွဲအက်သွားပြန်သည်။

ယန်ယဲ့ သည် ရှေ့က အခန်းကို

စိုက်ကြည့်လိုက်သည်။

သူ့မျက်လုံးအစုံက

သွေးများစီးကျနေခဲ့သည်။ ထို့အပြင်

ပါးစပ်ထောင့်မှ သွေးများ အဆက်မပြတ်

စီးကျနေသည်။ သို့သော်လည်း သူသည်

အလျှော့မပေးဘဲ အံတင်းတင်းကြိတ်ကာ

တောင့်ခံထား၏။

ငါ ဘာလို့အလျှော့ပေးရမှာလဲ။

စွန့်လွှတ်ခြင်း သို့မဟုတ်

အလျှော့ပေးသရွေ့ သူ ရင်ဆိုင်နေရသည့်

အခြေအနေဟာ သေချာပေါက်

ပျောက်ကွယ်သွားပေမည်။ သို့တိုင်

ယန်ယွဲ့ သည် အလျှော့ပေးပြီး

နောက်ပြန်ဆုတ်လိုခြင်းမရှိပေ။

သူ့ဘဝတစ်လျှောက်လုံး

အကြိမ်ကြိမ်ရှုံးနိမ့်ခဲ့သည့်တိုင် တစ်ခါမှ

နောက်မဆုတ်ခဲ့ပါ။

အတိတ်မှာ မရှိခဲ့သလို ယခုလည်း

ရှိလာမည်မဟုတ်ပေ။

တစ်နည်းအားဖြင့် သူ၏ခါးရိုး

ထက်ပိုင်းကျိုးသွားပြီး

ခြေထောက်နှစ်ဖက်လုံး

ကျိုးကြေနေသည့်တိုင်

နောက်ပြန်ဆုတ်မှာမဟုတ်ပါ။

အချိန်များ တဖြေးဖြေး

ကုန်ဆုံးလာသည်နှင့်အမျှ ယန်ယဲ့၏

ခြေထောက်နှစ်ဖက်ဟာ ပိုပိုပြီး

အက်ကွဲလာခဲ့သည်။ ဒီအချိန်မှာ

သူ့ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံး

သွေးများဖြင့်ဖုံးလွှမ်းထား၏။

ခွပ်....

၁၅ မိနစ်ခန့်အကြာတွင်တော့ ရုတ်တရက်
ကြည်လင်ပြတ်သားသော
အက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီးနောက်
ယန်ယဲ့၏ခြေထောက်များ
အက်ကွဲသွားသည်။သူ့ခန္ဓာကိုယ်က
ချက်ချင်း မြေပြင်ပေါ်သို့
လဲကျသွားသည်။ သို့သော်လည်း
သူ့ကိုယ်သူ ကြမ်းပြင်ပေါ် မှောက်ကျဖို့

ခွင့်မပြုဘဲ လက်ကိုနှစ်ဖက်ကို

မြေပေါ်ထောက်ထားလိုက်လေသည်။

တစ်ချိန်တည်းတွင်

မမြင်နိုင်သောဖိအားက

မပျောက်သေးဘဲ သူ့အပေါ်ကို

ဖိနှိပ်နေဆဲပါ။

အချိန်တော်တော်ကြာပြီးနောက်

ယန်ယဲ့၏

လက်ဝါးနှစ်ဖက်ပါ ကွဲအက်သွားသည်။
သူ့လက်များတစ်လျှောက် သွေးများ
စီးကျလာပြီး မြေပြင်ဟာ
သွေးရောင်နီရဲသွားလေသည်။

ယန်ယဲ့ သည် သူ့လက်ဝါးနှစ်ဖက်ကို
မြေပေါ်ထောက်ထားရင်း တံခါးကို
မျှော်ကြည့်လိုက်သည်။ ထို့နောက်
သူ့မျက်နှာပေါ်တွင် ရက်စက်သော
အပြုံးတစ်ခု ပေါ်လာသည် "မင်း ငါ့ခါး၊

ငါ့ခြေထောက်တွေ ငါ့လက်တွေကို ချိုးနိုင်ပေမယ့် ငါ့ဆန္ဒနဲ့ နှလုံးသားကို မင်း ချိုးဖျက်လို့မရဘူး။ငါ ယန်ယ ဘယ်တော့မှ အရှုံးမပေးဘူး!"

အုန်း....

တံခါးနောက်ကွယ်မှ စွမ်းအင်လှိုင်းတစ်ခု ထွက်ပေါ်လာပြီး ယန်ယဲ့ပေါ်သို့ ချက်ချင်း ထိုးကျသွားသည်။

ခွပ်....

အရိုးကျိုးသွားသောအသံများ ထပ်မံ

ထွက်ပေါ်လာပြီးနောက်

ယန်ယွဲ့၏လက်နှစ်ဖက်ပါ

ကျိုးပဲ့သွားခဲ့သည်။ သို့သော်လည်း

တံတောင်ဆစ်များဖြင့်

မြေပေါ်ထောက်ထားလေရာ

မြေပြင်ပေါ်သို့

လဲကျသွားခြင်းတော့မရှိပေ။

ယန်ယဲ့ က တံခါးဝကို

မော့ကြည့်လိုက်သည်။

သူ့မျက်လုံးများက ရက်စက်မှုအပြည့်နှင့်

" လာလေ၊လာခဲ့ပါ"

ဘုန်း...

နောက်ထပ်

ကြောက်မက်ဖွယ်စွမ်းအင်လှိုင်းတစ်ခု

ရုတ်တရက်ထွက်လာပြီး ယန်ယွဲ့ ပေါ်သို့

ဖိချလိုက်သည်။

ခွပ်....

အရိုးကွဲအက်သံများ

ထပ်မံထွက်ပေါ်လာပြီး

တံတောင်ဆစ်နှစ်ဖက်ပါ ကျိုးသွား

လေသည်။ သို့သော်လည်း ယန်ယဲ့ သည် သူ၏ခေါင်းဖြင့်.မြေကြီးကို ထောက်ကန်ထားလိုက်သည်။ သူက မြေပြင်ပေါ်လဲကျမလာသေးပေ။

ခွမ်း....

မြေပြင်သည် လုံးလုံးအက်ကွဲသွားသည်။

၁၅ မိနစ်လောက်အကြာတွင်တော့ ယန်ယဲ့

သည် တစ်ကိုယ်လုံး

ရှုတ်တရက်ပေါ့ပါးသွားကြောင်း

ခံစားမိလိုက်သည်။ ထို့နောက်တွင်တော့

တံခါးနောက်ကွယ်မှ

ကြောက်စရာကောင်းသော

စွမ်းအင်လှိုင်းလုံးကြီးတစ်ခုက

ထပ်မံထွက်လာပြန်သည်။

ယန်ယဲ့ လည်း ပါးစပ်ထောင့်များ

တုန်လှုပ်သွားသည်။ "တကယ်ကို သတ်ဖို့

ကြိုးစားနေတာလား"

သို့သော်လည်း စွမ်းအင်များက

သူ့ခန္ဓာကိုယ်ထဲကို ရုတ်တရက်

တိုးဝင်လာသဖြင့်

ယန်ယဲ့၏ခန္ဓာကိုယ်သည်

တုန်လှုပ်သွားသည်။

ဘာတွေဖြစ်နေတာလဲ။

ယန်ယွဲ့ သည် တော်တော်လေးကို
အံ့သြသွားသည်။

ထိုအချိန်တွင် တံခါးနောက်ကွယ်မှ
စွမ်းအင်လှိုင်းများစွာ
ထွက်ပေါ်လာသည်။ရေစီးကြောင်းလို
လွင့်ထွက်လာပြီး ယန်ယွဲ့၏
ခန္ဓာကိုယ်ထဲသို့ တိုးဝင်လာသည်။

"အလျှော့မပေးသောစိတ်ဆန္ဒ၊

အလျှော့မပေးသောစိတ်စွမ်းအင်၊

အလျှော့မပေးသောအရှိန်၊ နဲ့

အလျှော့မပေးတတ်သောနှလုံးသား"

ရှိတ်တရက်ဆိုသလိုပဲ "ဂုဏ်ယူပါတယ်။

မင်းဟာ အလျှော့မပေးတဲ့ခန္ဓာကိုယ်ကို

ပိုင်ဆိုင်သွားပြီ"

May Be:

၂၀၀၉

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်
သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၀၉ - အစွမ်းထက်လာပြီ

ယန်ယဲ့ သည် မော့ကြည့်လိုက်ရာ
မီးတောက်လေးတစ်ခု
လွင့်မျောနေသည်ကို တွေ့လိုက်ရသည်။

ထိုမီးတောက်က နတ်ယင်မီးတောက် ပါ။

ယန်ယဲ့ သည်  စကားမပြောဘဲ

သူ့အကြည့်ကို ဆုတ်လိုက်သည်။

အကြောင်းကတော့ လက်ရှိ သူဟာ

စကားပြောဖို့ ခွန်အားတောင်

မရှိတော့လို့ပါ။

သိပ်မကြာလိုက်ပေ၊ ပတ်ဝန်းကျင်၌

မူလခရမ်းရောင်စွမ်းအင်အမြောက်အ

များပေါ်လာပြီး သူ့ခန္ဓာကိုယ်ထဲကို

တိုးဝင်လာပါသည်။ ထို့နောက်တွင်

ယန်ယဲ့၏ခန္ဓာကိုယ်သည် လျင်မြန်စွာ

ပြန်လည်ကောင်းမွန်လာပါတော့သည်။

နောက် ၁ နာရီခန့်အကြာတွင်တော့

အပြည့်အဝပြန်ကောင်းလာခဲ့သည်။

ယန်ယဲ့ သည်

ဖြည်းညှင်းစွာထရပ်လိုက်ပြီး

"အလျှော့မပေးတတ်သော

(မရှုံးနိမ့်သော)ခန္ဓာကိုယ်လား"

နတ်ယင်မီးတောက်က မင်းရဲ့ကိုယ်ကို
ကြည့်စမ်း ဟုသာ ပြန်ဖြေသည်။

ယန်ယဲ့ သည် သူ့ကိုယ်သူ
ငုံ့ကြည့်ပြီးနောက် နတ်ယင်မီးတောက်ကို
စိုက်ကြည့်ကာ "ဒါနဲ့
ဘာမှမခြားနားဘူး"ဟုပြောလိုက်သည်။

ထိုအချိန်တွင်

မီးတောက်သေးသေးလေးက ရုတ်တရက်

ရှေ့သို့ တိုးတက်လာပြီး ယန်ယဲ့အား

ချက်ချင်း ထိမှန်သွားသည်။

အုန်း....

ယန်ယဲ့ သည် ၃ ကီလိုမီတာအကွာသို့

လွင့်ထွက်သွားခဲ့သည်။

ယန်ယွဲ့ သည် နတ်ယင်မီးတောက် ကို

မော့ကြည့်ကာ

"မင်းဘာလုပ်နေတာလဲ"ဟူ၍

မကျေမနပ်လေသံဖြင့် ပြောလိုက်၏။

နတ်ယင်မီးတောက် က

မင်းရဲ့ရင်ဘတ်ကိုကြည့်လိုက် ဟု

ပြန်ဖြေသည်။

ယန်ယဲ့ က

ငုံ့ကြည့်လိုက်သည်။သူ့ရင်ဘတ်က

မီးလောင်ဒဏ်ကြောင့်

ညိုမြဲနေရုံလောက်သာ။

ဒဏ်ရာတော့မရခဲ့ပေ။

"ဒါကိုတွေ့လား?ယ"နတ်ယင်မီးတောက်

က ပြောခဲ့သည် အရင်တုန်းက

မင်းရဲ့ခန္ဓာကိုယ်ဟာ ငါ့ရဲ့ခွန်အားကို

လုံးဝမခံနိုင်ဘူး။အခုချိန်မှာတော့ ငါ့ရဲ့
ခွန်အားကို ခံနိုင်ရည်ရှိနေပြီလေ

ယန်ယဲ့ သည် အနည်းငယ်
အံ့အားသင့်သွားသည်။

မှန်တယ်ဟ။

ယခုမှသာ သေချာစဉ်းစားကြည့်လိုက်ရာ
နတ်ယင်မီးတောက်က သူ့အား

နောက်ပြန်ဆုတ်သွားစေရုံလောက်သာ

တတ်နိုင်ကြောင်းသတိထားမိလိုက်သည်

။အတိတ်မှာတော့

သူဟာနတ်ယင်မီးတောက်၏ ခွန်အားကို

လုံးဝ ခံနိုင်ရည်မရှိခဲ့ပေ။

လက်ရှိအခြေအနေကို

စဉ်းစားမိလိုက်သောအခါ ယန်ယဲ့ သည်

မျက်လုံးများကို အမြန်မှိတ်လိုက်ပြီး

သူ့ခန္ဓာကိုယ်ကို

စစ်ဆေးကြည့်လိုက်သည်။

အချိန်တော်တော်ကြာပြီးမှ

သူ၏မျက်လုံးများကို ဖြည်းညင်းစွာ

ပြန်ဖွင့်လိုက်ပါသည်။ ထို့နောက်

နတ်ဘင်မီးတောက် ကို စူးစိုက်ကြည့်ကာ

တစ်ခုခုတော့ ပြောင်းလဲသွားသလို

ခံစားရတယ်၊ ဒါပေမယ့်

လက်ညှိုးမထိုးနိုင်ဘူးဟုပြောလိုက်သည်

။

"ဒါဟာ အရည်အသွေးပိုင်းဆိုင်ရာ

ပြောင်းလဲမှုတစ်ခုပါ"နတ်ယင်မီးတောက်

က ဆက်ပြောသည်

ဒီလက်မောင်းတော်ကို မင်း

ခံနိုင်ရည်ရှိတယ်။မဟုတ်ဘူး၊ မင်း သူ့ရဲ့

အသိအမှတ်ပြုတာကို ရခဲ့တယ်လို့

ဆိုရမယ်။ဒီတော့

စစ်နတ်ဘုရားလက်မောင်းတော်က

စစ်နတ်ဘုရားစိတ်ဆန္ဒကို

မင်းဆီလွှဲပေးလိုက်တာပဲ။ ဒါဟာ

မင်းရဲ့စိတ်ဝိညာဉ်၊ အရိုးတွေ၊ နှလုံးသားနဲ့

ခန္ဓာကိုယ်ကို

အရည်အသွေးကောင်းမွန်တဲ့

အသွင်ကူးပြောင်းမှုတစ်ခု

ဖြစ်လာစေခဲ့တယ်

ယန်ယဲ့ က "ဒါဆို ငါ့ခန္ဓာကိုယ်ကို

သန်မာစေတာလား"

"မင်းခန္ဓာကိုယ်တင်မကဘူး"နတ်ယဉ်မီး

တောက် က ဆက်ပြောပါသည် မင်းရဲ့

စိတ်၊ နှလုံးသားနဲ့ စိတ်ဆန္ဒတွေပါ

ပါနေတယ်။မင်းရဲ့စိတ်ဝိညာဉ်၊

ဓားစိတ်ဆန္ဒနဲ့ သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

ကို ကြည့်လိုက်"

ယန်ယွဲ့ သည် ခဏမျှ လေးလေးနက်နက်

စဉ်းစားလိုက်သည်။ ထို့နောက်တွင်

သူ့ခန္ဓာကိုယ်ထဲမှ ဝိညာဉ်ကိုယ်ပွား

ထွက်လာသည်။

ဝိညာဉ်ကိုယ်ပွားကသူ့ကိုယ်သူ

ငုံ့ကြည့်ရင်း အချိန်အတော်ကြာ

ငြိမ်သက်သွားပြီးနောက် အရင်ကထက်

ပိုအားကောင်းလာတယ် ဟူ၍

လေးနက်စွာ ပြောလိုက်သည်။

"အလျှော့မပေးသောဝိညာဉ်ကိုယ်ပွား"န

တ်ယင်မီးတောက်က ဆက်ပြောပြန်သည်

လွန်ခဲ့တဲ့နှစ်တွေမှာ အဲဒီစစ်နတ်ဘုရားရဲ့

ကြောက်စရာအကောင်းဆုံးအပိုင်းက

သူဘယ်လောက်တောင်

ခံနိုင်ရည်ရှိနေလဲဆိုတာပါ။ဘယ်သူကမှ

သူ့ကို အလျှော့ပေးလာအောင်

မလုပ်နိုင်ခဲ့ဘူး။ငါ့ဆရာကိုတောင်မှ သူက

အလျှော့မပေးနိုင်ဘူး။အလျှော့မပေးတာ

က စွမ်းအင်ပုံစံတစ်ခု ဒါမှမဟုတ်

ပိုပြီးတိတိကျကျပြောရရင် ဒါဟာ

စိတ်ခံယူချက်ပုံစံတစ်ခုပဲ။ယုံကြည်ချက်

ဒါမှမဟုတ် ယုံကြည်ခြင်းစွမ်းအင်က

ဘာကို ကိုယ်စားပြုလဲ သိလား။ဒါဟာ

လူတချို့အတွက်

စိတ်ကူးယဉ်နိုင်တဲ့အရာတစ်ခုဖြစ်ပေမ

ယ့် တခြားသူတွေအတွက်တော့ ဒါဟာ

တကယ်တည်ရှိပါတယ်

"အလျှော့မပေးသော
ဝိညာဉ်ကိုယ်ပွားလား"ယန်ယဲ့
သည်ခဏမျှ ငြိမ်သက်သွားပြီးနောက်
ရှေ့သို့ ခြေတစ်လှမ်းလှမ်းလိုက်ရာ
ဝိညာဉ်ကိုယ်ပွားက သူ့ခန္ဓာကိုယ်ထဲကို
ပြန်ဝင်သွားခဲ့သည်။ထိုခဏလေးမှာပဲ
သူ့ထံမှ သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့်
ဓားစိတ်ဆန္ဒ ထွက်ပေါ်လာသည်။သူ၏
သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ

ထာဝရအဆင့် မှာသာ ရှိနေဆဲပါ။

ဓားစိတ်ဆန္ဒ ကလည်း ပြန်လာအဆင့်

သာ။ စိတ်ဆန္ဒနှစ်ခုလုံးက

အဆင့်တက်သွားခြင်းမရှိပေ။

သို့သော်လည်း စိတ်ဆန္ဒနှစ်ခုလုံးဟာ

အရည်အသွေးကောင်းမွန်သော

အသွင်ကူးပြောင်းသွားကြောင်း

ခံစားမိနိုင်သည် ။

ထိုအချိန်တွင် နတ်ယင်မီးတောက်က "ကဲ၊

မင်းရဲ့ သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ကို

အလျှော့မပေးသော

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ လို့ ခေါ်နိုင်တယ်၊

မင်းရဲ့ဓားစိတ်ဆန္ဒကို

အလျှော့မပေးတတ်သော ဓားစိတ်ဆန္ဒ

လို့ခေါ်တယ်၊

မင်းရဲ့ဝိညာဉ်ကိုယ်ပွားအတွက်၊

မင်းရဲ့ခန္ဓာကိုယ်ကို

အလျှော့မပေးတတ်သောဝိညာဉ်လို့ ခေါ်နိုင်တယ်"ဟုပြောခဲ့သည်။

သူက ခဏလောက်ရပ်ပြီး "အလျှော့မပေးတာက နောက်ပြန်ဆုတ်ဖို့ထက် သေဖို့ ခံယူချက်ကို ကိုယ်စားပြုတယ်။ အဲဒါက မင်းရဲ့ဓားတာအို ဗဟိုချက်လိုပဲ" ဟုဆက်ပြောလိုက်သည်။

ယန်ယဲ့ သည် အကူအညီမဲ့စွာသာ

ရယ်မောလိုက်၏။ သူက

"ငါ့ခန္ဓာကိုယ်တစ်ခုလုံးမှာ

အပြောင်းအလဲတွေ ဖြစ်ပေါ်လာတာကို

ငါသိတယ်။ ဒါပေမဲ့ ငါ့ရဲ့

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ၊ ဓားစိတ်ဆန္ဒ နဲ့

မူလဝိညာဉ် ဘယ်အပိုင်းက

ပိုအားကောင်းလာတယ်ဆိုတာ

မင်းပြောပြနိုင်မလား။ ဘာလို့လဲဆိုတော့

အခုထိ ငါ့ရဲ့စိတ်ဝိညာဉ်က

ကောင်းကင်အဆင့် မှာပဲလေ။ ပြီးတော့

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နဲ့

ဓားစိတ်ဆန္ဒလည်း နဂိုအတိုင်းပဲ။

သူတို့ရဲ့ နယ်ပယ်မှာ အပြောင်းအလဲ

တစ်စုံတစ်ရာ မရှိသေးဘူး"

နတ်ယင်မီးတောက် က "မင်းရဲ့

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နဲ့ ဓားစိတ်ဆန္ဒ

မှာ အလျှော့မပေးတဲ့စိတ်ဆန္ဒတွေ

ပါနေတယ်။ ဒါကြောင့် သူတို့ရဲ့ အစွမ်းက

လက်ရှိအဆင့်ထက်

အများကြီးအားကောင်းလာတယ်။ ဒါဟာ

ဘာနဲ့တူသလဲဆိုရင် ချွန်ထက်တဲ့ဓားနဲ့

ထွင်းထုထားတဲ့ သံမဏိအပိုင်းအစလိုပဲ။

ဓားက  သံမဏိချောင်း ဖြစ်နေပေမယ်လို့

သံမဏိအပိုင်းအစက

ဓားကိုယှဉ်နိုင်ရဲ့လား"

နတ်ယင်မီးတောက် က ခဏရပ်ပြီး

"ရှင်းအောင်ပြောရရင်တော့ မင်းရဲ့

ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

က စစ်မှန်သော(မူလ)အဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ကို

ဖိနှိပ်နိုင်တယ်။ မင်းရဲ့ ဓားစိတ်ဆန္ဒ က

ထာဝရအဆင့် ဓားစိတ်ဆန္ဒ နဲ့

အဆင့်တူတယ်။ မင်းရဲ့

စိတ်ဝိညာဉ်အခြေအနေက ထာဝရအဆင့်

နဲ့နှိုင်းယှဉ်လို့ရတယ်။ ခန္ဓာကိုယ်ကတော့

မူလအဆင့်ခန္ဓာကိုယ်နဲ့ယှဉ်နိုင်တယ်။

တစ်ခုတော့ရှိတယ်၊ မင်းရဲ့

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဒါမှမဟုတ်

ခန္ဓာကိုယ်ပဲဖြစ်ဖြစ်

မူလအဆင့်ကြားမှာတော့ ကွာဟချက်

ရှိနေသေးတယ်။ဒါပေမဲ့ ကွာဟချက်က

မကြီးမားပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ်ပါ၊

တကယ်လို့ မင်းမှာသာ

အလျှော့မပေးတဲ့စိတ်ဆန္ဒ မရှိရင် မင်းရဲ့
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဒါမှမဟုတ်
ကိုယ်ခန္ဓာပဲ ဖြစ်ဖြစ် မူလအဆင့် ကို
လုံးဝယှဉ်နိုင်မှာမဟုတ်ဘူး"

ယန်ယဲ့ သည် ခဏကြာအောင်
ထိတ်လန့်သွားပြီး ဝမ်းသာအားရ
ခံစားလိုက်ရသည် ။

ဒီအချိန်မှာ သူက

အတော်လေးကိုပျော်ရွှင်နေ၏။

အလျှော့မပေးသောစိတ်ဆန္ဒ လား။

အလျှော့မပေးသောစိတ်ဆန္ဒက

သူ၏ခန္ဓာကိုယ်တစ်ခုလုံးကို

အရည်အသွေးပိုင်းဆိုင်ရာ

ပြောင်းလဲပေးခဲ့သည်။

အရှင်းဆုံးပြောရလျှင်

လက်ရှိသူ့ခန္ဓာကိုယ်အခြေအနေက

ယခင်ထက် များစွာ ကွာခြားသွားခဲ့ပါပြီ။

ပြီးပြည့်စုံတဲ့ ခွန်အားတိုးတက်မှု။

ယန်ယွဲ့ သည် သူ့ရင်ထဲမှ

စိတ်လှုပ်ရှားမှုကို ထိန်းပြီး တံခါးကို

စိုက်ကြည့်ကာ

"ကျေးဇူးတင်ပါတယ်"ဟုပြောလိုက်လေ

သည်။

"ကျေးဇူးတင်စရာ
မလိုပါဘူး"ထိုအချိန်တွင်
နတ်ယင်မီးတောက်က "တကယ်တော့
အဲဒါနဲ့ဘာမှမဆိုင်ဘူး"ဟု ဆတ်ခနဲ
ပြောလိုက်သည်။

ယန်ယဲ့ သည် အံ့သြသွားပြီး
"ဒါနဲ့ဘာမှမဆိုင်ဘူးလား"ဟုပြန်မေးလို
က်သည်။

နတ်ယင်မီးတောက်က "အစောပိုင်းက

မင်းကို စမ်းသပ်နေတယ်လို့

ထင်သလား"ဟုမေးသည်။

ယန်ယွဲ့ သည် ပြန်မေးရင်းဖြေလိုက်သည်

"မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊

အဲဒါမဟုတ်ဘူး"နတ်ယင်မီးတောက် က

ဆက်ပြောလိုက်သည်။ " သူ့မှာ အသိဉာဏ်မရှိဘူး၊ အဲဒါက မင်းကို ဘယ်လိုစမ်းသပ်ရမယ်ဆိုတာ မင်းပြောကြည့်လေ။ သူ့ကိုယ်သူ အလိုလို ကာကွယ်နေတာပဲ။ တကယ်တော့ မင်းကိုသတ်ချင်နေတာ။နားလည်လား"

ယန်ယဲ့က "ငါ့ကို သတ်ဖို့ တကယ်ပဲ ရည်ရွယ်ထားတာလား"

"ဒါပေါ့"နတ်ယင်မီးတောက် က "မင်းနဲ့
ကစားနေတယ်လို့ မင်းထင်လား"

ယန်ယဲ့ သည် သူ၏နဖူးပေါ်မှ
စီးကျလာသော ချွေးအေးများကို
သုတ်လိုက်ပြီး "ဒါဆို မင်းနဲ့ မူလစေတီက
ငါ့ကို ဘာလို့
မကူညီတာလဲ"ဟုမေးလိုက်၏။

"ငါတို့ဘာလို့လုပ်ရမှာလဲ"နတ်ယင်မီး

တောက်က "မင်းဒါကို

မကျော်ဖြတ်နိုင်ရင် မင်းဘဝဟာ

မူလခရမ်းရောင်စွမ်းအင်ကို

ဖြုန်းတီးပစ်လိုက်တာပဲ"ဟုသာပြောလို

က်သည်။

ယန်ယဲ့ သည်

ဘာပြန်ပြောရမှန်းမသိတော့ပေ။

ထိုအချိန်တွင် နတ်ယင်မီးတောက်က

ဆက်ပြောနေပါသည်

"ကျင့်ကြံခြင်းလမ်းစဉ်ဟာ

အရမ်းရှည်လျားတဲ့

လမ်းကြောင်းတစ်ခုပါ။

မရေမတွက်နိုင်တဲ့ ဒုက္ခတွေ

အများကြီးကြုံတွေ့ရမယ်။ ငါတို့ဟာ

မင်းကို

တချို့အကူအညီတွေပေးနိုင်တယ်ဆိုပေ

မဲ့ တချို့ကမင်းကိုယ်တိုင်လုပ်မှရမယ်။

ဒါကိုကျော်ဖြတ်နိုင်မှပဲ

အင်အားကြီးလာနိုင်တယ်၊မင်းက

အတွေ့အကြုံတွေ ပိုပြီးရလာလိမ့်မယ်။

စောစောက

ဖြစ်ပျက်ခဲ့တဲ့အတိုင်းပါပဲ။ငါတို့က

ကူညီခဲ့မယ်ဆိုရင် မင်းဟာ

အလျှော့မပေးလိုတဲ့ဆန္ဒကို

ရနိုင်မှာမဟုတ်ဘူး၊

အလျှော့မပေးတဲ့စိတ်ဆန္ဒကို
နားလည်မှာမဟုတ်သလို
ခွန်အားတွေလည်းတိုးတက်လာမှာမဟု
တ်ဘူး။ နားလည်လား"

ယန်ယဲ့ သည် အချိန်အတော်ကြာအောင်
ငြိမ်သက်နေပြီးမှ ခေါင်းညိတ်လိုက်ပြီး
"နားလည်ပါတယ်"

သူသည် မူလစေတီကို အသုံးမချလိုပါ။

အကြောင်းကတော့ မူလစေတီဟာ

အပြင်ထွက်လာပြီး

တိုက်ခိုက်ခြင်းမရှိလို့ပါ။

ကျင့်ကြံလာသည့် တစ်လျှောက်လုံး

အခြေအနေအများစုဟာ

သူ့ကိုယ်သူပင်အားကိုးရသည်။

ယန်ယဲ့ သည် တစ်ခုခုကို တွေးနေပုံရပြီး "ဒါက ငါ့ကို မသတ်ချင်ဘူးလား။ဒါဆိုဘာလို့ငါ့ကိုကူညီတာလဲ"

"အလျှော့မပေးလိုတဲ့စိတ်ဆန္ဒ ပဲ" နတ်ယင်မီးတောက်က "မင်းနားလည်ပြီး အလျှော့မပေးလိုတဲ့စိတ်ဆန္ဒ ကို ပိုင်ဆိုင်ခဲ့တယ်။ စစ်နတ်ဘုရား ပျောက်ကွယ်သွားတော့

လက်မောင်းထဲမှာ

အလျှော့မပေးတဲ့ဆန္ဒက ပိုင်ရှင်မရှိဘူး။

မင်းက ဒါကို

နားလည်သဘောပေါက်လိုက်တော့

အလျှော့မပေးတဲ့စိတ်ဆန္ဒကို ရခဲ့တယ်၊

ဒါကြောင့် သူ့အတွက် အရင်းအမြစ်ကို

ချက်ချင်းရှာနိုင်ခဲ့တာပဲ"

နတ်ယင်မီးတောက်က

လေးလေးနက်နက် စဉ်းစားနေလိုက်ပြီးမှ

"ပြောရရင် စိတ်ဆန္ဒတွေ အားလုံးဟာ အရင်းအမြစ်မရှိဘဲ မကြီးထွားနိုင်တာကို မင်းလည်းသတိထားမိမှာပါ။ ပိုင်ရှင်မရှိဒါမှမဟုတ် အရင်းအမြစ်မရှိတော့တဲ့ စိတ်ဆန္ဒတွေက ကမ္ဘာပေါ်မှာ ကြာကြာမရှိနိုင်ဘူး။ ဒါကြောင့် မင်း အလျှော့မပေးတဲ့စိတ်ဆန္ဒကို နားလည်လာတဲ့အခါ မင်းကို

သူ့ရဲ့သခင်အဖြစ်

ချက်ချင်းသဘောထားလိုက်တယ်"

"ဟုတ်လား" ယန်ယဲ့က

ခေါင်းညိတ်လိုက်သည် "ဒါဆို ဒီလက်ကို

ငါ ထိန်းချုပ်နိုင်မလား"

"မဟုတ်ဘူး" နတ်ယင်မီးတောက် က

"အဲဒီလက်မောင်းကို လျှော့မတွက်နဲ့။

ဒါဟာ လွန်ခဲ့တဲ့နှစ်တွေကတည်းက

စစ်နတ်ဘုရားရဲ့

ညာဖက်လက်မောင်းတော်ပါ။ အထဲမှာ

ကိန်းအောင်းနေတဲ့ စွမ်းအင်က

အရမ်းကြောက်စရာကောင်းတယ်။

နည်းနည်းလေးမှားသွားတာနဲ့

အဲဒီစွမ်းအင်တွေက မင်းကို

သတ်ပစ်လိုက်နိုင်တယ်။ ဒါပေမဲ့

အောင်မြင်သွားရင်တော့

မင်းရဲ့ခန္ဓာကိုယ်နဲ့ ခွန်အားနှစ်ခုစလုံး

တိုးတက်လာတော့

ကြိုးစားကြည့်နိုင်ပါတယ်။ ဒါပေမဲ့

မင်းက သတိလွတ်လို့တော့မရဘူး"

ယန်ယဲ့ သည် ခေါင်းညိတ်လိုက်ပြီး

"ငါသိပါတယ်" ဟုပြန်ပြောပါသည်။

ထို့နောက် သူ့ရှေ့ ခပ်လှမ်းလှမ်းမှ

တံခါးကို မျှော်ကြည့်လိုက်သည်။

###Book.123